ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့ (3-10-2013) (၇၆၂၂)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားနှင့် ဂျာမနီနိုင်ငံတို့သို့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စပတ်ဂွန်ဟေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျောင်ဟုန်ဝန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ထို့အတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ဂျိုဝါကင်း ဂေါက်ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ အင်ဂျယ်လာ မာကယ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

လေဖိအားနည်းရပ်ဝန်း အိန္ဒိယသို့ ဝင်ရောက်

နေပြည်တော် အောက်တိုဘာ ၂

ယနေ့ နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ သြရိသကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

သံတွဲ အောက်တိုဘာ ၂

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် စစ်တွေမြို့ ဗန္ဓုလရိပ်သာ ဧည့်ခန်းမ၌ စစ်တွေမြို့မှ ရခိုင်တိုင်းရင်းသား မြို့မိမြို့ဖများ၊ အစ္စလာမ်လူမှုရေးခေါင်းဆောင်များအား သီးခြားစီတွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် စစ်တွေမြို့တွင် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ဒုက္ခသည်များအား စနစ်တကျနေရာချထားပေးနေမှုနှင့် မြို့တည်ငြိမ်အေးချမ်းလာမှုအခြေအနေကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ပြည်နယ်အတွင်း ပဋိပက္ခများ ဖြစ်ပွားခဲ့မှုအခြေအနေ၊ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်ခဲ့မှု၊ ဒုက္ခသည်စခန်းများ ဖွင့်လှစ်ထားမှုနှင့် အမိုးအကာအောက်ရောက်ရှိရေးအတွက် နေအိမ်တန်းလျားများ တည်ဆောက်ပြီးစီးမှု၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရခိုင်ပြည်နယ် ကျောက်ဖြူလေဆိပ်၌ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့ သတင်းထုတ်ပြန်ချက်(၁၆/၂၀၁၃) ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၂ ရက် ၁၃၇၅ ခု တော်သလင်းလပြည့်ကျော် ၁၃ ရက် သံတွဲမြို့ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

၁။ ရခိုင်ပြည်နယ် သံတွဲမြို့တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့၌ ဖြစ်ပွားခဲ့သည့် ပြည်သူချင်းအငြင်းပွားမှုဖြစ်စဉ်ကို အကြောင်းပြု၍ ပဋိပက္ခအချို့ဖြစ်ပေါ်ခဲ့ရပါသည်။ အဆိုပါ ဖြစ်စဉ်များအတွင်း နှစ်ဖက်လုံးမှ ထိခိုက်ဒဏ်ရာရ သေဆုံးမှုအချို့ရှိသကဲ့သို့ အိုးအိမ်အချို့ပျက်စီးဆုံးရှုံးခဲ့ရသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ထိခိုက်နစ်နာဆုံးရှုံးမှုနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတအနေဖြင့် ထိခိုက်နစ်နာခဲ့သည့် ပြည်သူများနှင့်အတူ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါသည်။

၂။ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ပဋိပက္ခများဖြစ်ပွားရခြင်းသည် ရခိုင်ပြည်နယ်အတွက်သာမက နိုင်ငံအတွက်ပါ ထိခိုက်ဆုံးရှုံးရခြင်းဖြစ်ပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများ အမြန်ဆုံးအဆုံးသတ်နိုင်ရေး၊ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသော နေအိမ်များကို ပြန်လည်တည်ဆောက်ပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း ဖော်ပြအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ကြော်ငြာစာမျက်နှာ အပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ (က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) အပိုရှစ်မျက်နှာ ပါရှိပါသည်။

ကြေးမုံစာတည်းရှုထောင့် **၃-၁၀-၂၀၁၃၊ ကြာသပတေးနေ့**

မိတ်ကောင်းဆွေကောင်း

အကောင်းမြင်အပြုသဘောဆက်ဆံခြင်းသည် ရလဒ်ကောင်းများ ထွက်ပေါ်စေပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အသွင်မတူ အမြင်မရှင်း အပြစ်မြင်နေခြင်းသည် အဆိုးတရားများသာ တိုးပွားစေမည်ဖြစ်ပါသည်။

ယင်းသဘောတရားများသည် မည်သည့်နယ်ပယ်တွင်မဆို ထာဝရမှန်ကန်နေမည့်သဘောလက္ခဏာများဟု ဆိုချင်ပါသည်။ တစ်ဦးနှင့်တစ်ဦးဖြစ်စေ၊ မိသားစုနယ်ပယ်တွင်ဖြစ်စေ၊ လူမှုဘဝ ဝန်းကျင်၌ဖြစ်စေ၊ ယုတ်စွအဆုံး နိုင်ငံတစ်နိုင်ငံ၏ အခြေအနေတစ်ရပ်၌ဖြစ်စေ ထိုသဘောတရားများသည် လက်တွေ့ကျသည့် သက်ဝင်လှုပ်ရှားမှုများဖြစ်ပါသည်။

ထိုနေရာတွင် အဆိုးမြင်ဝါဒီနှင့် အကောင်းမြင်ဝါဒီတို့ ရောထွေးယှက်တင်ဖြစ်နေဦးမည်ဖြစ်သည်။ မည်သည့်အနေအထားတွင်ဖြစ်စေ ဝန်းကျင်နယ်ပယ်တစ်ရပ်လုံး အကောင်းမြင်အပြုသဘောဆောင်နေမည်ဆိုပါက အားလုံးက ဝိုင်းဝန်းထောက်ခံ လက်ခံကြရမည်သာဖြစ်သည်။

ယင်းအခြေအနေတွင် မိတ်ကောင်းဆွေကောင်းတို့သည် ပဓာနကျသည့် အခန်းကဏ္ဍမှ ပါဝင်နေမည်ဖြစ်သည်။ မကြာသေးမီကာလက မြန်မာနိုင်ငံကို တိုးတက်ကြီးပွားပြီး အေးချမ်းသာယာစေလိုသည့် စိတ်ရင်းစေတနာဖြင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံမိတ်ဆွေများအဖွဲ့ ဝန်ကြီးအဆင့်အစည်းအဝေး ကျင်းပခဲ့သည်ဟု သိရှိရသည်။

ထိုအစည်းအဝေးတွင် မြန်မာနိုင်ငံမိတ်ဆွေများအဖွဲ့ဟူသည့် အမည်ကိုပင်ဖိအားပေးသည့် သဘောဆောင်မည်ကို စိုးရိမ်ကြသဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးမှုနှင့် ဒီမိုကရေစီမိတ်ဖက်အဖွဲ့ဟူသော အမည်ပြောင်းရန် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း ဝမ်းမြောက်ဖွယ်ကြားသိခဲ့ရသည်။

ထိုသို့ အပြုသဘောဆောင်သည့် အကောင်းမြင်တတ်သော စိတ်ရင်းစေတနာအမှန်များကို ထုတ်ဖော်ပြောကြားလိုက်ခြင်းသည် မြန်မာနိုင်ငံအပေါ် စစ်မှန်သည့် မိတ်ကောင်းဆွေကောင်းပီသမှုကို သက်သေထူပြသလိုက်ခြင်းလည်းဖြစ်သည်။

အဆိုပါ မြန်မာနိုင်ငံမိတ်ဆွေများအဖွဲ့တွင် အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်ပြီး လက်ရှိမြန်မာနိုင်ငံအစိုးရနှင့် ရင်းနှီးချစ်ကြည်စွာ အတူလက်တွဲဆောင်ရွက်နေသောနိုင်ငံများဖြစ်သည်။ ပိုမိုကောင်းမွန်သော သဘောသက်ရောက်စေရန်အတွက် Group of Friends အစား Partnership Group for Peace Development and Democracy in Myanmar ဟု အမည်ပြောင်းလဲမည်ကို နိုင်ငံအားလုံးက သဘောတူလက်ခံထောက်ခံခဲ့ကြသည်။

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲမှုများမှာ အချိန်တိုကာလအတွင်း ကမ္ဘာသိအထင်အရှားဖြစ်ပေါ်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီးဦးဆောင်ကာ မြန်မာနိုင်ငံအား လက်တွေ့ကျကျပြောင်းလဲနိုင်ခဲ့သဖြင့် မိတ်ဆွေကောင်းနိုင်ငံများ ပေါ်ထွန်းလာခြင်းဖြစ်သည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ရှေ့ခရီးအတွက် လိုအပ်သည့်အကူအညီများ ပေးသွားဦးမည်ဟု ဆိုထားသည်။

မိတ်ကောင်းဆွေကောင်းနိုင်ငံများက နားလည်လက်ခံမှုပေးပြီး အကူအညီအထောက်အပံ့များ ဝိုင်းဝန်းပေးလာကြသောအခါ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးနှင့် လုပ်ငန်းစဉ်များ ပိုမိုချောမွေ့ဖြောင့်ဖြူးလာမည်ဟု ယုံကြည်ပါသည်။

ယခင်က အမြင်မတူ သဘောကွဲလွဲပြီး အကောင်းမြင်စိတ်ထားများ နည်းပါးခဲ့သောကြောင့် အကျိုးရလဒ်အားဖြင့် နိုင်ငံတိုးတက်မှုနှေးကွေးခဲ့ရသည်။ ယခုအမြင်တူ အကောင်းမြင်၊ အပြုသဘောဆောင်၊ အမှန်သိကြသဖြင့် မိတ်ကောင်းဆွေကောင်းပေါများကာ အနာဂတ်မြန်မာနိုင်ငံကြီး တိုးတက်သာယာလာမည်မှာ အမှန်ဖြစ်သည်။

ထို့ကြောင့် အပြုသဘောဆောင် အကောင်းမြင်စိတ်ထားများဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တိုးတက်သည်ထက်တိုးတက်အောင် မိတ်ဆွေကောင်းများနှင့်အတူလက်တွဲ၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ကော်ရှူသုံးစွဲခြင်းသည် လူငယ်များမူးယစ်ဆေးစွဲသမားဘဝသို့ ရောက်ရှိစေမည့်အမှုအကျင့်ဖြစ်

နေပြည်တော် အောက်တိုဘာ ၂

လူငယ်အချို့ ကော်ရှူသုံးစွဲခြင်းနှင့်ပတ်သက်၍ ကော်ရှူ သုံးစွဲမှုကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားရာတွင် ယနေ့လူငယ်များ မူးယစ်ဆေးဝါးအသွင် အလွဲသုံးနေသည့် ကော်သည် Toluene၊ Acetone၊ Methyl Ethyl Ketone၊ Ethyl Acetate ဓာတုပစ္စည်းလေးမျိုးတို့ကို အချိုးကျရောစပ်ရရှိသော Thinner နှင့် ရော်ဘာပြားကော်မှုန့်တို့ ပေါင်းစပ်ပြီး ရရှိလာသည့် အိမ်သုံးပစ္စည်း ကော်ဖြစ်ကြောင်း၊ ယင်းကို ရှူရှိုက်နေခြင်းသည် ကော်ရှူခြင်းမဟုတ်ဘဲ ဓာတုပစ္စည်း လေးမျိုးကို ရှူရှိုက်နေခြင်းဖြစ်သဖြင့် လွန်စွာအန္တရာယ်ကြီးမားကြောင်း၊ ၂၀၁၂ ခုနှစ် ဇွန်လနောက်ပိုင်းတွင်မှ လားရှိုးမြို့တွင် ကျောင်းသားလူငယ်များအတွင်း ကော်ရှူသုံးစွဲမှုကျယ်ပြန့်လာ၍ လူသိများလာခဲ့ကြောင်း၊ ကော်ရှူသုံးစွဲခြင်းများကို လားရှိုးမြို့အပြင် ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ ပြင်ဦးလွင်၊ မြိတ်၊ ကော့သောင်း၊ ထားဝယ်မြို့များတွင်တွေ့ရှိနေရကြောင်း၊ အများစုသည် အသက် (၁၁)နှစ်မှ (၁၇)နှစ်အရွယ်များဖြစ်ကြကာ သုံးစွဲကြသော ကော်အမျိုးအစား အများအပြားရှိပြီး အထူးသဖြင့် သစ်သားဆက်ကော်၊ ပိုက်ဆက်ကော်များကို အရှူများပြီး တန်ဖိုးအားဖြင့် ၅၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဝန်းကျင်သာ ဖြစ်ကြောင်း၊ နှာခေါင်းဖြင့် ရှူခြင်းများ ဖြစ်ကြောင်း။

နိုင်ငံတကာလေ့လာချက်များအရ ကော်ရှူခြင်း အပါအဝင်ဖြစ်သော အငွေ့ရှူခြင်း (Inhalant use) ကို ကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိနေရကြောင်း၊ အမေရိကန်ပြည်ထောင်စုတွင် ဆယ်ကျော်သက်ရွယ် (၂၀)ရာခိုင်နှုန်းက Inhalant use အတွေ့အကြုံရှိနေသည်ကို သိရှိရကြောင်း၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ ပါကစ္စတန်၊ အိန္ဒိယနှင့် ဖိလစ်ပိုင်နိုင်ငံများတွင် ၁၉၉၀ ခုနှစ်ဝန်းကျင်ကာလများ ကတည်းက လေလွင့်လူငယ်များတွင် ကော်ရှူသုံးစွဲခြင်းပြဿနာကို စတင်သတိပြုမိခဲ့ကြောင်း၊ ကော်ရှူသုံးစွဲသော လေလွင့်လူငယ်များသည် ခါးပိုက်နှိုက်မှု၊ အလစ်သုတ်မှုစသည့် ပြစ်မှုများ ကျူးလွန်တတ်တာတွေ့ရှိရကြောင်း။

ကော်ရှူသုံးစွဲခြင်းသည် အရက်၊ ဆေးလိပ်နှင့် ဆေးခြောက်သုံးစွဲမှုပြီးလျှင် လူငယ်များ မူးယစ်ဆေးစွဲသမားဘဝသို့ရောက်ရှိစေမည့် အမှုအကျင့်တစ်ခုဖြစ်ကြောင်း၊ ကော်ရှူသုံးစွဲမှုနှင့်ပတ်သက်၍ ကာကွယ်တားဆီးရေး လုပ်ငန်းများအပါအဝင် ပိုမိုထိရောက်ပြီး မိဘပြည်သူများ၊ လုပ်ငန်းရှင်များ၊ ကျောင်းသားလူငယ်များ အားလုံးလက်ခံနိုင်သော ဥပဒေနှင့်အညီဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ နိုင်ငံတကာကျင့်စဉ်များနှင့် ညီညွတ်မည့်နည်းလမ်းများကို ယခုအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသော ပညာရှင်များ၊ နီးနွယ်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ရှာဖွေဖော်ထုတ်နိုင်မယ်လို့ယုံကြည်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နီးနွယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ပညာရှင်များက လက်ရှိဖြစ်ပေါ်နေသော ကော်ရှူသုံးစွဲမှုအခြေအနေများနှင့် ဆေးလိပ်၊ အရက်နှင့် အခြားမူးယစ်ဆေးဝါးများအားလုံးကို တားဆီးကာကွယ်နိုင်မည့်နည်းလမ်းများကို အုပ်စုများခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယ မြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၆၇-၄၁၄၇၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(ကြေးမုံ)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်	ရွှေဈေး	၆၈၇၅၀၀	-	၆၈၈၅၀၀
မန္တလေး	ရွှေဈေး	၆၈၇၀၀၀	-	၆၈၈၀၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၀၉၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၂၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၇၃. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၁၄. ၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၈. ၉၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၃၁. ၁၄၆
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၀. ၇၃
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၅. ၅၇၈
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၉၂. ၄၅
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၀. ၅၆၂
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၄. ၀၄
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၇. ၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

❖ ရွှေဖုံးမှ

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည်များကို လမ်းညွှန်မှာကြားသည်။

နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့် ဒုတိယဝန်ကြီးများနှင့်အတူ မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ကျောက်ဖြူမြို့သို့ ရောက်ရှိသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ ကျောက်ဖြူမြို့ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍နိုင်ငံတော်အစိုးရ၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ ပြည်သူဗဟိုပြု အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေမှုနှင့် ကျောက်ဖြူဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများချမှတ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ကျောက်ဖြူမြို့အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ကျောက်ဖြူမြို့မှတစ်ဆင့် အထူးလေယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် သံတွဲမြို့သို့ရောက်ရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့ ဗန္ဓုလရိပ်သာဧည့်ခန်းမ၌ အစွလာမ်လူမှုရေးခေါင်းဆောင်များအား တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးလှဌေးဝင်း သံတွဲမြို့နယ်အတွင်း ပဋိပက္ခဖြစ်ပွားခဲ့သည့် ကျေးရွာများအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို လှည့်လည်စစ်ဆေးသည့် နိုင်ငံတော်သမ္မတခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းမှူးဗိုလ်ချုပ်ကိုကိုနိုင်၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့နှင့်အတူ ယနေ့ မွန်းလွဲ ၂ နာရီက သံတွဲမြို့နယ် သပြေချိုင်ကျေးရွာ၊ ပေါက်တောကျေးရွာ၊ မဲကျွန်းကျေးရွာ၊ ကျောက်ကြီးကျေးရွာနှင့် ကျီးကန်းရဲကျေးရွာတို့ကို လှည့်လည်သွားရောက်ပြီး အကြမ်းဖက်မှုကြောင့် နေအိမ်အချို့ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်ကြီးလှဌေးဝင်းနှင့်အဖွဲ့သည် သပြေချိုင်ကျေးရွာတွင် နေအိမ်များမီးလောင်ဆုံးရှုံးခဲ့သည့် နှစ်ဖက်အဖွဲ့အစည်းမှ ဒေသခံများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ဖြစ်စဉ်အခြေအနေများကို မေးမြန်းဆွေးနွေးခဲ့သည်။

ဒေသခံများက ၎င်းတို့၏အခြေအနေနှင့်လိုအပ်ချက်များကို တင်ပြရာ ဗိုလ်ချုပ်ကြီးလှဌေးဝင်းက တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြန်လည်နေရာချထားရေးတို့ကို ထိထိရောက်ရောက် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဒေသခံများ၏ တင်ပြချက်အပေါ် အလေးထား ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားကာ မိသားစုအသုံးအဆောင်ပစ္စည်းများ၊ ယာယီလူနေတဲများကို ထောက်ပံ့ပေးအပ်ရာ **(အပေါ်ပုံ)** ဒေသခံများကိုယ်စား ရပ်မိရပ်ဖများက လက်ခံခဲ့ကြောင်းနှင့် သံတွဲမြို့နယ်၏အခြေအနေမှာ ပုံမှန်တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

အင်တာနက်အသုံးပြုသူ မိဘပြည်သူများသို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အသိပေးတင်ပြ

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် အင်တာနက်အသုံးပြုသူမိဘပြည်သူများ၏ အင်တာနက်ချိတ်ဆက်အသုံးပြုမှု မြန်ဆန်တည်ငြိမ်မှုရရှိစေရေးအတွက် ဆက်သွယ်မှုကွန်ရက် တိုးတက်ရေးစီမံကိန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စီမံကိန်းအရ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့များတွင် ISP နှင့်National Gateway များ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တပ်ဆင်ခြင်းလုပ်ငန်းများကို သတင်းအချက်အလက်နှင့်နည်းပညာဌာနနှင့် NTT Communications တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တွင် လက်ရှိ ISP Network နှင့်ချိတ်ဆက်ထားသော POP များအား အသစ်တပ်ဆင်ပြီးဖြစ်သော ISP Network အသစ်ပေါ်သို့ အောက်ဖော်ပြပါအချိန်များတွင် ပြောင်းရွှေ့ချိတ်ဆက်ခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါအချိန်များတွင် ပြောင်းရွှေ့ချိတ်ဆက်မည့် POP ဧရိယာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်တာနက်အသုံးပြုနိုင်မှုများ ခေတ္တပြတ်တောက်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

စဉ်	ရက်စွဲ	အချိန်	POP အမည်	ပြတ်တောက်ချိန်
၁	၅. ၁၀. ၂၀၁၃	၀၂:၀၀ နာရီမှ ၀၂:၁၅ နာရီထိ	ဟံသာဝတီ POP	၁၅ မိနစ်
၂	၈. ၁၀. ၂၀၁၃	၀၂:၀၀ နာရီမှ ၀၂:၁၅ နာရီထိ	မိုဘိုင်း POP	၁၅ မိနစ်
		၀၂:၁၅ နာရီမှ ၀၂:၃၀ နာရီထိ	မရမ်းကုန်း POP	၁၅ မိနစ်
		၀၂:၃၀ နာရီမှ ၀၂:၄၅ နာရီထိ	မောင်ထော်လေး POP	၁၅ မိနစ်
၃	၉. ၁၀. ၂၀၁၃	၀၂:၀၀ နာရီမှ ၀၂:၁၅ နာရီထိ	MICT POP	၁၅ မိနစ်

(မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

ပထမအကြိမ် ရေဝတီတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးတင်စိုးနှင့် လွှတ်တော် ကိုယ်စားလှယ် (၆၃) ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများမေးမြန်းဖြေကြားခြင်းနှင့် ယစ်မျိုးခွန် ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

တရုတ်သမ္မတ ရှီကျင့်ဖျင် အင်ဒိုနီးရှားသို့ရောက် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

ဂျကာတာ အောက်တိုဘာ ၂

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အောက်တိုဘာ ၂ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာသည်။ ရှီသည် သမ္မတရာထူးတာဝန်၌ စတင်ထမ်းရွက်ခဲ့ပြီးချိန်နောက်ပိုင်း အရှေ့တောင်အာရှဒေသသို့ ပထမဆုံးအကြိမ် ခရီးထွက်လာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

သမ္မတရှီအား မြို့တော်ဂျကာတာတွင် ခမ်းနားစွာကြိုဆိုခဲ့သည်။ သမ္မတရှီ၏ ခရီးစဉ်သည် စီးပွားရေးလျင်မြန်စွာ တိုးတက်လျက်ရှိသော အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ရည်ရွယ်ကြောင်း သတင်းတွင်ဖော်ပြသည်။

သမ္မတရှီသည် ဂျကာတာသို့ ရောက်ရှိလာခဲ့ပြီးနောက် သမ္မတ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုနှင့် တွေ့ဆုံဆွေးနွေးရန် မာဒေးကားနန်းတော်သို့ ထွက်ခွာသွားသည်။ သမ္မတရှီသည် အင်ဒိုနီးရှားပါလီမန်တွင် မိန့်ခွန်းပြောကြားရန်လည်း စီစဉ်ထားသည်။

သမ္မတရှီ၏ ခရီးစဉ်အတွင်း စီးပွားရေးဆိုင်ရာ သဘောတူညီချက် အများအပြားကို လက်မှတ်ရေးထိုးမည်ဟု မျှော်လင့်ရသည်။

နှစ်နိုင်ငံလက်မှတ်ရေးထိုးမည့် သဘောတူညီချက်တစ်ရပ်မှာ မြို့တော်ဂျကာတာ၌ တစ်လမ်းပြေးရထား သယ်ယူပို့ဆောင်ရေးစနစ်တည်ဆောက်ရေးတွင် ရင်းနှီးမြှုပ်နှံရန်ဖြစ်သည်။

တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့၏ ကုန်သွယ်မှုပမာဏသည် ၂၀၀၅ခုနှစ်တွင် ဒေါ်လာ ၁၆ ဒသမ ၅ ဘီလီယံရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ဒေါ်လာ ၆၆ ဒသမ ၂ ဘီလီယံအထိ မြင့်တက်လာသည်။ **စီအင်န်အေ။**

ဂျကာတာရှိ မာဒေးကားနန်းတော်သို့ ရောက်ရှိလာသော သမ္မတရှီကျင့်ဖျင်အား အင်ဒိုနီးရှားသမ္မတ ယူဒိုယိုနိုက ကြိုဆိုနှုတ်ဆက်စဉ်။

ဗီယက်နမ် နိုင်ငံရေးအတိုက်အခံတစ်ဦးကို အခွန်တိမ်းရှောင်မှုဖြင့် ထောင်ဒဏ်အပြစ်ပေး

ဟနွိုင် အောက်တိုဘာ ၂

ဗီယက်နမ်နိုင်ငံ၏ ထင်ပေါ်ကျော်ကြားသော နိုင်ငံရေးသဘောထားကွဲလွဲသူများအနက် တစ်ဦးဖြစ်သည့် လီကျောက်ကွှင်ကို အခွန်တိမ်းရှောင်မှုဖြင့် ထောင်ဒဏ် လ ၃၀ ကျခံစေရန် အပြစ်ပေးလိုက်ကြောင်း အောက်တိုဘာ ၂ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

လုံခြုံရေးတင်းကျပ်

ကွှင်ကိုစစ်ဆေးသည့် ဟနွိုင်မြို့ပြည်သူ့တရားရုံး အပြင်ဘက်တွင် လူ့အခွင့်အရေး လှုပ်ရှားသူများက ၎င်းကို ဖမ်းဆီးခြင်းအား ကန့်ကွက်လျက်ရှိသဖြင့် လုံခြုံရေးတင်းကျပ်စွာ ချထားသည်။

၎င်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုအတွက် အခွန်မပေးဆောင်ဘဲ ရှောင်တိမ်းရန်ကြိုးစားသည်ဟု စွပ်စွဲလျက် ကွှင်ကို ယမန်နှစ်က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ၎င်းက မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့သည်။

ဤဖြစ်စဉ်မှာ နိုင်ငံရေးအမြင်မတူညီမှုကိုအကြောင်းခံ၍ လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ကွှင်ကိုထောက်ခံသူများက ပြောသည်။

ဗီယက်နမ်နိုင်ငံကို အုပ်ချုပ်လျက်ရှိသည့် ကွန်မြူနစ်ပါတီက စီးပွားရေးကို တံခါးဖွင့်ပေးခဲ့သော်လည်း နိုင်ငံရေး အတိုက်အခံများကို ဖိနှိပ်ချုပ်ချယ်၍ ပုဂ္ဂလိကမီဒီယာများကို ပိတ်ပင်ထားသည်။ ထုတ်ဝေလျက်ရှိသော သတင်းစာအားလုံးနှင့် ရုပ်မြင်သံကြားလိုင်းများမှာ နိုင်ငံပိုင်များဖြစ်ကြသည်။

အမိန့်ချမှတ်

ကွှင်အား ရုံးတင်စစ်ဆေးခြင်းကို ဟနွိုင်မြို့၌ ယနေ့ အောက်တိုဘာ ၂ရက်တွင် တစ်ရက်တည်း ပြုလုပ်ကာ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ကွှင်ဖွဲ့စည်းထားသည့် အကြံပေးကုမ္ပဏီနှင့်ဆက်စပ်သော အမေရိကန်ဒေါ်လာ ၃၀၀၀၀ခန့်အပေါ် ဝင်ငွေခွန်တိမ်းရှောင်ခြင်းအတွက် ထောင်ဒဏ်အပြစ်ပေးသည့်အပြင် ဒဏ်ငွေ ဒေါ်လာ ၅၉၀၀၀ ကိုလည်းပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

တိုက်ပွဲဝင်

နိုင်ငံအား ထိခိုက်စေသည့် အဂတိလိုက်စားခြင်း၊ ဗျူရိုကရက်စနစ်နှင့် တိုးတက်မှုမရှိခြင်းတို့ကို ၎င်းတိုက်ပွဲဝင်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်ကြောင်း၊၎င်းသည် နိုင်ငံရေးလှုပ်ရှားမှု၏ သားကောင်ဖြစ်ကြောင်း တရားရုံး၏စီရင်ချက် ဖတ်ကြားပြီးသည့်နောက် ကွှင်က ပြောကြားခဲ့သည်။ **ဘီဘီစီ။**

လွန်ခဲ့သည့်နှစ်က ပြုလုပ်ခဲ့သော ဆန္ဒပြပွဲတစ်ရပ်တွင် လီကျောက်ကွှင်အား တွေ့ရစဉ်။

လျှင်ဒဏ်ခံခဲ့ရသောဒေသတွင် ဗုံးပေါက်ကွဲမှုဖြစ်ပွား တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ပက်ရှ်ဝါ အောက်တိုဘာ ၂

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဝေးလံခေါင်ဖျားသောနေရာတွင် မြေငလျင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီးဖြတ်သန်းစဉ် လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲရာ တပ်ဖွဲ့ဝင်နှစ်ဦး ထက်မနည်းသေဆုံးကြောင်း၊ ယင်းဒေသသည် လွန်ခဲ့သည့်ရက်သတ္တပတ်က ငလျင်လှုပ်မှုကြောင့် ၃၇၆ဦး သေဆုံးခဲ့သောဒေသဖြစ်ကြောင်း ပါကစ္စတန်စစ်ဘက်က အောက်တိုဘာ ၂ရက်တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် မာရှက်ကေးကျေးရွာအနီးတွင် လမ်းဘေးဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း၊ ယင်းဒေသတွင် စက်တင်ဘာ ၂၄ရက်က အင်အား ၇ဒသမ ၇အဆင့်ရှိ မြေငလျင်လှုပ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ။**

မလေးရှားခရီးစဉ် အိုဘားမား ဖျက်သိမ်း

ကွာလာလမ်ပူ အောက်တိုဘာ ၂

အမေရိကန်သမ္မတ အိုဘားမားသည် အစိုးရအဖွဲ့လုပ်ငန်းများ ရပ်ဆိုင်းနေခြင်းကို ဖြေရှင်းရန်အတွက် မလေးရှားနိုင်ငံသို့သွားမည့် ၎င်း၏ ခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ရုံးက ကြေညာသည်။လာမည့်သီတင်းပတ်တွင် ၎င်း၏ကိုယ်စား နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ ရောက်မည်ဖြစ်ကြောင်း ၎င်းရုံးကပြောကြားသည်။

ဘတ်ဂျက်အသစ်ပေါ်တွင် လွှတ်တော်နှစ်ရပ်အကြား သဘောထားကွဲလွဲပြီးနောက် အမေရိကန်အစိုးရ၏လုပ်ငန်းအချို့ ရပ်ဆိုင်းသွားခဲ့သည်။

အမေရိကန်ဗဟိုအစိုးရ၏ ဝန်ထမ်း ၇၀၀၀၀၀ ကျော်သည် လစာမရသည့်အဖြစ်နှင့်ကြုံနေသည့်အပြင် အမျိုးသား ဥယျာဉ်များ၊ ပြတိုက်များနှင့် အဆောက်အအုံအများအပြားမှာ ပိတ်ထားရသည်။ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် အောက်တိုဘာ ၁၁ ရက်၌ကျင်းပမည့် စီးပွားရေးစွမ်းဆောင်ရှင်များညီလာခံ၌ ၎င်း၏ကိုယ်စား ကယ်ရီက မိန့်ခွန်းပြောကြားမည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ဝန်ကြီးချုပ်ကို ဖုန်းဆက်ပြောကြားခဲ့သည်ဟု ဝန်ကြီးချုပ်ရုံးက ပြောသည်။

၁၉၆၆ခုနှစ်တွင် လန်ဒန်ဘီဂျွန်ဆင်နောက်ပိုင်း အိုဘားမား၏ မလေးရှားအလည်အပတ် ခရီးစဉ်သည် အမေရိကန်သမ္မတတစ်ဦးအဖြစ် ပထမဆုံးဖြစ်သည်။ စီးပွားရေးဆက်ဆံမှုများ တိုးတက်ရန်ရည်ရွယ်၍ အာရှလေးနိုင်ငံ ခရီးစဉ်ကို အောက်တိုဘာ ၇ ရက်မှစတင်ရန် အိုဘားမားက စီစဉ်ခဲ့သည်။ ယင်းခရီးစဉ်တွင် အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့ ပါဝင်သည်။ **ဘီဘီစီ။**

စိန်တစ်လုံး သရက်ခြံရောင်းမည်

မြန်မာနိုင်ငံ အော်ဂဲနစ်အစုအဖွဲ့၏ ထောက်ခံချက်လက်မှတ်ရရှိထားသည့် ၃ ဒသမ ၇၀ ဧကရှိ မြသီတာအော်ဂဲနစ်စိန်တစ်လုံးသီးသန့်သရက်ခြံအား ကျပ်သိန်း (၃၂၅)နှင့်ရောင်းချခြင်း(သို့)အိမ်စီးယာဉ်ငယ်နှင့် လဲ/ထပ်ခြင်းပြုလို၊ (၇)နှစ်သားကိုင်းဆက် ၃၂၀ ပင်၊ မိတ္ထီလာမြို့တွင်းတွင်ရှိ၊ လျှပ်စစ်မီးအလွယ်သွယ်တန်းနိုင်။

ဖုန်း- ၀၆၄-၃၅၄၂၃၊ ၀၉-၄၃၀၄၄၅၀၈



စစ်မှန်သည့် ပြည်သူ့ကိုယ်စားလှယ်များ တိုးတက်ပေါ်ထွက်လာမှသာ ပြည်သူ့အသံကို ပိုမိုပြည့်ဝစွာ မြှင့်တင်ပေးလာနိုင်မည်

၁၅-၉-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့တွင် အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ တင်ပြသည့် စာတမ်း

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံရေးခရီးကို လျှောက်လှမ်းနိုင်ရန် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို စတင်ခဲ့ပါသည်။ ဤသို့ဖြင့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ယခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပနိုင်ခဲ့ပြီဖြစ်ပါသည်။ ရာစုနှစ်ထက်ဝက်ကျော် ဒီမိုကရေစီပုံသဏ္ဌာန်နှင့် အနှစ်သာရများ ဆိတ်သုဥ်းခဲ့သော ဤနိုင်ငံတွင် ယခုအခါ ပြည်သူတို့၏ဆန္ဒကို ထင်ဟပ်သော အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားများ ပေါ်ပေါက်လာခြင်းဖြစ်ရာ ပြည်သူလူထု၏ ဒီမိုကရေစီအောင်ပွဲသင်္ကေတအမှတ်လက္ခဏာ တစ်ခုအဖြစ် ကျွန်ုပ်တို့ပါတီမှ ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

မြန်မာနိုင်ငံပြည်သူလူထုအနေဖြင့် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် အတွင်း မိမိတို့၏ လိုအင်ဆန္ဒများကို ထုတ်ဖော်ပြသနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်မဟုတ်ပါ။ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ ရလဒ်တွင် ပြည်သူလူထု၏ အသံကို ကိုယ်စားပြုနိုင်မည့် ကိုယ်စားလှယ်များ ပေါ်ထွက် ပါဝင်လာပြီးနောက်မှသာ ပြည်သူ့ဆန္ဒကို တစ်ဖန်တင်ပြလာနိုင်ခြင်း ဖြစ်ပါသည်။ စစ်မှန်သည့် ပြည်သူ့ကိုယ်စားလှယ်များ တိုးတက်ပေါ်ထွက်လာမှသာ ပြည်သူ့အသံကို ပိုမိုပြည့်ဝစွာ မြှင့်တင်ပေးလာနိုင်မည်ဖြစ်ပါသည်။

ဒီမိုကရေစီစနစ်၏ အလေးနက်ဆုံးသော အနှစ်သာရမှာ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်သည်ဟု လက်ခံထားခြင်းဖြစ်ပါသည်။ ပြည်သူလူထုကြီးသည် မိမိတို့၏ နစ်နာချက်များ၊ လိုလားချက်များ၊ ဆန္ဒသဘောထားများ၊ မိမိကြမ္မာမိမိဖန်တီးခွင့် စသည်များအတွက် မိမိတို့ လက်ဝယ်ပိုင်ဆိုင်ထားသော နိုင်ငံရေးအာဏာများကို မိမိတို့ရွေးချယ်တင်မြှောက်ထားသည့် ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်အဆင့်ဆင့်သို့ တင်ပြရာတွင် ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် အခက်အခဲမရှိ ပိတ်ပင်ကန့်သတ်ချက်မရှိ၊ မျှတစွာ နည်းလမ်းတကျ တင်ပြခွင့်ရရှိရေးသည် လွန်စွာအရေးကြီးပါသည်။

ဒီမိုကရေစီစံချိန်စံညွှန်းများနှင့် ညီညွတ်သော၊ ဒီမိုကရေစီထွန်းကားသော နိုင်ငံအဖြစ်ရောက်ရှိရေးမှာ တစ်ဦးတစ်ယောက်ကောင်း၊ တစ်သင်းတစ်ဖွဲ့ကောင်း နိုင်ငံရေးစွမ်းအားဖြင့် လုပ်နိုင်ကောင်းသည့်အရာမဟုတ်ပါ။ တိုင်းပြည်၏ ကံကြမ္မာကို အချုပ်အခြာအာဏာသုံးရပ်၏ပင်မဖြစ်သည့် ပြည်သူလူထုကသာလျှင် အဆုံးအဖြတ်ပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဒီမိုကရေစီစနစ်သည် ပြည်သူလူထု၏ဆန္ဒနှင့်အညီ အုပ်ချုပ်သည့်စနစ်ဖြစ်သည့် အားလျော်စွာ ပြည်သူလူထု၏ ဆန္ဒထင်ဟပ်ဖော်ပြခွင့်ကို နည်းလမ်းတကျ အာမခံခွင့်ပြုပေးရန် လိုအပ်ပါသည်။

ကျွန်ုပ်တို့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီသည် လွှတ်တော်အဆင့်ဆင့်ကို မြန်မာ့ဒီမိုကရေစီရေး၏ မီးရှူးတန်ဆောင်များအဖြစ် ရှုမြင်ပါသည်။ ဒီမိုကရေစီစံနှုန်းများနှင့် ညီညွတ်စွာ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ဖော်ထုတ်တင်ပြကြရာတွင် ဒီမိုကရေစီလွှတ်တော်များအဖြစ် အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိရှိ ရှေ့ဆောင်လမ်းပြပေးနိုင်ကြပါရန် ဤအပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အခါသမယတွင် ကျွန်ုပ်တို့အမျိုးသားဒီမိုကရေစီအင်အားစုပါတီမှ ကောင်းမြတ်သော နိုင်ငံရေးဆန္ဒဖြင့် သဝဏ်လွှာပေးပို့တိုက်တွန်းအပ်ပါသည်။

ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးရှိ အထူးအထွက်တိုးကြံသီးနှံစိုက်ခင်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂

ယမန်နေ့နံနက် ၇ နာရီခွဲက ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွက် အဝေးပြေးလမ်းမကြီး၏ တိုးဂိတ်အနီးမှ သုံးမိုင်အကွာရှိ စိုက်ပျိုးရေးဦးစီးဌာနပိုင် ဧက ၁၃၀၀ စိုက်ကွင်းသို့ရောက်ရှိပြီး စက်မှုလယ်ယာမြေစနစ်ဖော်ထုတ်ရန် စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး ရန်ကုန်တိုင်း ဒေသကြီးအတွက် အားထားရသော စံပြစိုက်ခင်းများ ထူထောင်ရေးကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် အဝေးပြေးလမ်းမကြီး မိုင်တိုင်အမှတ်(၄/၂)အနီးရှိ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၏ တစ်ဆက်တစ်စပ်တည်း ကြံသီးနှံ ဧက ၃၃၀ စိုက်ကွင်းသို့ ရောက်ရှိပြီး စက်မှုသီးနှံ ကြံသီးနှံ မျိုးကောင်းမျိုးသန့်များကိုသာမက အခြားဝင်ငွေတွက်ခြေကိုက်စေမည့် ဈေးကွက်ဝင် သီးနှံအမယ်များကိုလည်း မျိုးသန့်မျိုးပွား ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုင်တိုင်အမှတ်(၁၀၇)အနီး၌ တစ်ဧက တန် ၆၀ ထွက်ရှိသော ကြံမျိုးကောင်းမျိုးသန့် မျိုးပွားစိုက်ခင်း စံပြ ၁၀ ဧကနှင့် အဝေးပြေးလမ်းမကြီး ဘေး မိုင်တိုင်အမှတ်(၁၅၆)ရှိ တောင်ငူမြို့နယ်၏ တစ်ဧက တန် ၆၀ ထွက်ရှိသည့် မျိုးကောင်းမျိုးသန့် ကြံသီးနှံ စံပြ ဧက ၂၀ စိုက်ကွင်းတို့၌ တစ်ဧက အဝင်ဦးရေပြည့်မီစွာ စိုက်ပျိုးဆောင်ရွက်နေမှု၊ စိုက်ပျိုးပြီးအပင်များ ဖြစ်ထွန်းအောင်မြင်မှု၊ တစ်ဧက အပင်ဝင်ဆံ့မှုများနှင့် စိမ်းစိုဖြစ်ထွန်းအောင်မြင်မှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး အချိန်ကိုက် မြေဩဇာကျွေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်၊ ပဲခူး စသော မြို့ကြီးများ၏ လူထုအတွက် စားသုံးသူများ လိုအပ်ချက် ဈေးကွက်ကြီးဖြစ်လာမည်ဖြစ်သည့်အတွက် ကျေးလက်နေတောင်သူများက စနစ်တကျဖြင့် ဝင်ငွေတွက်ခြေကိုက်အောင် ရွေးချယ်စိုက်ပျိုးတတ်စေရေး၊ အကျိုးရှိစွာ အသုံးချနိုင်ရေး အထိရောက်ဆုံး စိုက်ပျိုးပြသ အကောင်အထည် ဖော်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အရှေ့ပိုင်းခရိုင် ဆို၊ က၊ ရေး၊ တီး ဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်၏ ၂၀၁၃ ခုနှစ် အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကိုအောက်တိုဘာ ၁ ရက် နံနက် ၈ နာရီတွင် ရန်ကင်း ပညာရေးကောလိပ်ဝင်းခန်းမဆောင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံကျော်အဆိုတော်များနှင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ပညာရှင်များက ဧည့်ခံဖျော်ဖြေခဲ့ကြောင်းသိရသည်။ **သန်းမောင်(ရန်ကင်း)**

ကျွန်တော်နဲ့ အိပ်မက်များ

ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

မကြာသေးမီက ဆီဒိုးနားဟိုတယ်မှာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အခမ်းအနားကျင်းပတော့ တာဝန်ရှိသူတွေက ကျွန်တော့်ကိုမိန့်ခွန်းပြောခွင့်ပြုပါတယ်။ ဒီအသင်းကြီးကို ကျွန်တော်က အခွင့်အခါရတိုင်း ကူညီနေကြမို့သဘောတူခဲ့ပါတယ်။

အသင်းထူထောင်ခဲ့သူက ကျွန်တော့်ရဲ့ဆရာမအရင်း ဒေါ်ရီရီမြင့် ဖြစ်သလို နာယကအဖွဲ့ဝင်ထဲမှာ ဆရာမဒေါ်လှမြင့်လည်းပါဝင်တယ်။ ဥက္ကဋ္ဌ လုပ်တဲ့ ဒေါ်ရီရီထွန်းကလည်း ရင်းနှီးတဲ့သူဖြစ်သလို အမှုဆောင်တွေက ကျွန်တော့်ရဲ့ တပည့်မတွေများကြတယ်။ အတွင်းရေးမှူးလုပ်တဲ့ မနှင်းဝေက တကူးတကလာပြီး အကူအညီတောင်းတဲ့အတွက် ကျွန်တော်ကအချိန်ယူပြီး ကိုယ်ပြောမယ့်အကြောင်းအရာကို ပြင်ဆင်ခဲ့ပါတယ်။ အခမ်းအနားမှာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောခဲ့ပြီး ဆရာမကြီးဒေါ်ရီရီမြင့်နဲ့အတူ အမျိုးသမီးတွေတစ်ယောက်ပြီး တစ်ယောက်ရွေးချယ်ထားတဲ့ ခေါင်းစဉ်အလိုက် တင်ပြကြတယ်။ စဉ်းစားလိုက်တော့ စင်မြင့်ပေါ်တက်ပြီး ပြောတဲ့အထဲ ကျွန်တော်တစ်ဦးထဲ အမျိုးသားဖြစ်နေတာ သတိထားမိတယ်။

မြန်မာနိုင်ငံ အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းကြီးကို ၁၉၉၅ ခုနှစ်တုန်းက စတင်တည်ထောင်ခဲ့တာ ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ တကယ်ရှိသင့်ရှိထိုက်တဲ့ အဖွဲ့အစည်းတစ်ခုဖြစ်တာ အမှန်ပါ။ အသင်းကြီး စတင်တည်ထောင်ခဲ့တဲ့ ခေတ်ရဲ့ရိုက်ခတ်မှုတွေကြောင့် အသင်းကြီးရဲ့ပုံစံ အနေအထားဟာ အမှန်တော့ကျဉ်းမြောင်းခဲ့တာ တွေ့ရပါတယ်။

လုပ်ခွင့်ရသလောက်ကို ကြိုးစားဆောင်ရွက်တာကိုလည်း ချီးမွမ်းရမှာ ဖြစ်တယ်။ ထူးခြားတဲ့အသင်းကြီးကို အင်္ဂလိပ်ဝေါဟာရအရ Myanmar Women Entrepreneur's Association (MWEA)လို့ မှည့်ထားတယ်။ အဓိကစကားလုံးက Entrepreneur ဖြစ်တယ်။ ဒီစကားလုံးကို စီးပွားရေး စွမ်းဆောင်ရှင်ဆိုပြီး ဘာသာပြန်ခဲ့တာ ချောမွေ့တဲ့အသုံးအနှုန်းဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်နားလည်တဲ့ စီးပွားရေးဝေါဟာရနဲ့တော့ တိုက်ရိုက် အဓိပ္ပာယ်မပေါ်လွင်လှဘူး။ Entrepreneur က အမှန်တော့ ပြင်သစ်ဘာသာစကားကို အခြေခံတဲ့အင်္ဂလိပ်စကားလုံးဖြစ်ပါတယ်။ တိတိကျကျ အဓိပ္ပာယ်ဖော်ရရင် "စွန့်ထွင်ဦးစီးသူ" လို့ အဓိပ္ပာယ်ရပါတယ်။ အခုပြောရရင် အကြောင်းအရာ သုံးခုပါဝင်ပါတယ်။ စီးပွားရေးလုပ်တဲ့သူဟာ စွန့်စားရမယ်။ စွန့်စားမှု မရှိရင် မအောင်မြင်ဘူး။

စွန့်စားမှုများတာနဲ့အမျှ အကျိုးအမြတ်ဟာလည်း များမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့စီးပွားရေး တက္ကသိုလ်မှာ ပညာသင်ကတည်းက Risk(စွန့်စားမှု)နဲ့ Return(အကျိုးအမြတ်)ဟာ တိုက်ရိုက်ဆက်စပ်မှုရှိကြောင်း သင်ခဲ့ရတယ်။ အဓိပ္ပာယ်က စွန့်စားမှုများများယူရင် အကျိုးအမြတ်များများ ရမယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။

ဒုတိယအချက်က တီထွင်မှုဖြစ်တယ်။ တစ်နည်းပြောရရင် Innovation။ စီးပွားရေးလုပ်ရင် အမြဲတီထွင်နေဖို့ လိုတယ်။ ဆန်းသစ်မှုကို ဦးစားပေးရမယ်။ ရန်ကုန်မြို့မှာ နာမည်ကြီးတဲ့မင်းလမ်းက ရခိုင်မုန့်တီဆိုင်ဆိုရင် သူ့ရဲ့ အစားအသောက်တွေကို အမြဲအသစ်အဆန်းဖြစ်အောင် ဖန်တီးတယ်။ တစ်ခေါက်နဲ့ တစ်ခေါက် အစားအသောက်တွေကမတူဘူး။

နောက်ဆုံးအချက်ကတော့ ဦးစီးမှုဖြစ်တယ်။ တစ်နည်းပြောရရင် ခေါင်းဆောင်မှု၊ စီးပွားရေးလုပ်တဲ့သူဟာ ဦးစီးဦးဆောင်ပြုနိုင်တဲ့သူဖြစ်ရမယ်။ နောက်လိုက်တဲ့သူဟာ စီးပွားရေးလုပ်ရင် အောင်မြင်နိုင်မှာမဟုတ်ဘူး။

ကျွန်တော်က အသင်းကြီးကို ခေတ်နဲ့အညီပြောင်းလဲဖို့ တိုက်တွန်းခဲ့တယ်။ အခုလို ကျွန်တော်တို့နိုင်ငံမှာ ထူးခြားလှတဲ့ပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ပေါ်နေပြီ။ တစ်ချိန်တုန်းက အိပ်မက်တောင်မမက်ရဲတဲ့ကိစ္စတွေကို ဆောင်ရွက်နိုင်တာတွေ့နေရတယ်။ ဒါကြောင့် ခေတ်တစ်ခေတ်နဲ့ လိုက်လျောညီထွေအောင် တည်ထောင်ခဲ့တဲ့အသင်းကြီးကို ပြောင်းလဲလာတဲ့ခေတ်နဲ့အညီ လှုပ်ရှားဖို့ တိုက်တွန်းခဲ့ပါတယ်။ မျက်မှောက်ခေတ်မှာ ကျွန်တော်တို့နိုင်ငံမှာ Change (ပြောင်းလဲမှု)ကို အားတက်သရောလုပ်ဖို့လိုနေပြီ။ မရွံ့မရဲနဲ့ ဟိုကြည့်ရ ဒီကြည့်ရ ဖြစ်ခဲ့တဲ့ အာဏာစက်ကို ယှဉ်ရတဲ့ ခေတ်မဟုတ်တော့ဘူး။ တိုင်းပြည်တိုးတက်ဖို့ ဘာမဆိုလုပ်ခွင့်ရနေတဲ့အချိန်မှာ ခေတ်နောက်ပြန်ဆွဲတဲ့အတွေးအခေါ်တွေကို စွန့်လွှတ်ပြီး ရှေ့တိုးဖို့လိုအပ်ပါတယ်။

အမှန်တော့ ဒီအသင်းကြီးတင်မက မြန်မာနိုင်ငံမှာ Gender နဲ့ပတ်သက်ပြီး လှုပ်ရှားနေကြတဲ့အသင်းတွေ၊ အဖွဲ့အစည်းတွေ အများကြီးရှိတာကို ဝမ်းသာစရာတွေ့ရပါတယ်။ Gender ဆိုတာက ကျား၊ မ ခွဲခြားသတ်မှတ်မှု။ လူ့အဖွဲ့အစည်းရဲ့တစ်ဝက်ကျော်ဟာ အမျိုးသမီးတွေဖြစ်ကြတယ်။ ဒါပေမယ့် ယဉ်ကျေးမှုအရ၊ လူမှုရေးအရ၊ ဘာသာရေးအရ ကျား၊ မခွဲခြားမှုတွေဟာ နေရာတိုင်းမှာရှိနေသေးတာကို ဝမ်းနည်းစရာတွေ့ရတယ်။

ဒီအခြေခံအချက်ကို တိုက်ဖျက်ဖို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ဦးဆောင်ပြီး လှုပ်ရှားလျက်ရှိတယ်။ အခုဆိုရင် ကျွန်တော်တို့ နိုင်ငံမှာ အမျိုးသမီးဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေ တာဝန်ယူနေကြပြီး နိုင်ငံရေးနယ်ပယ်မှာလည်း အမျိုးသမီးတွေ တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြပြီ။

မြန်မာပြည်မှာ Gender နဲ့ပတ်သက်ပြီး အခက်အခဲက တခြားနိုင်ငံနဲ့ ယှဉ်ရင် မရှိပေမယ့် လုပ်စရာ ကိုင်စရာတွေကတော့ ရှိနေသေးပါတယ်။ ဒါကြောင့် အသင်းကြီးကို ရှိတဲ့အခြေအနေ၊ အနေအထားတစ်ခုကို လက်ခံပြီး လှုပ်ရှားနေတဲ့ပုံစံကနေ အခြေခံတွေကို ပြောင်းလဲအောင်ကြိုးစားဖို့ ကျွန်တော်က တိုက်တွန်းခဲ့ပါတယ်။

ကျွန်တော်ရဲ့တင်ပြချက်ပြီးတော့ နေ့လယ်စာနဲ့ ဧည့်ခံပါတယ်။ ကျွန်တော်နဲ့ အတူ ဆရာမကြီး ဒေါ်ရီရီမြင့်နဲ့ ဆရာမကြီး ဒေါ်လှမြင့်၊ ဥက္ကဋ္ဌ ဒေါ်ရီရီထွန်းတို့ ထမင်းအတူစားကြတယ်။ အခုလို ထမင်းစားကြရင်း ဆရာမကြီး ဒေါ်လှမြင့် ပြောခဲ့တဲ့စကားကို သတိရလို့ ဒီဆောင်းပါးကို ရေးဖြစ်တာပါ။ ကျွန်တော်က ဆရာမကြီး ဒေါ်လှမြင့်နဲ့အတူ စီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှာ တာဝန်ယူခဲ့တယ်။

အဲဒီတုန်းက ဆရာမကြီးက လက်ထောက်ကထိက၊ ကျွန်တော်က နည်းပြဆရာပေါက်စ၊ ဆရာမကြီးပြောပြသလို တစ်နေ့မှာ ကျွန်တော်က သူ့ရဲ့အခန်းထဲဝင်သွားပြီး "ဆရာမ ကျွန်တော်တို့နိုင်ငံမှာ အိပ်မက်မက်နိုင်တဲ့သူတွေ အများကြီး လိုတယ်"လို့ ပြောခဲ့တယ်တဲ့။ ဆရာမကြီးက အခုလို ပြန်ပြောတော့မှ ကျွန်တော့် စိတ်ထဲ အမြဲကိန်းဝပ်နေတဲ့ အကြောင်းအရာတစ်ခုကို ပြန်သတိရမိတယ်။ ဆရာမကြီးပြောခဲ့သလို ကျွန်တော်က အိပ်မက်ကိုနှစ်သက်တယ်။ ငယ်ငယ်တုန်းက ကျောင်းမှာ ဆရာမတွေက "May all your dreams come true" ဆိုပြီး အမြဲ ဆုပေးတယ်။ "သင့်ရဲ့အိပ်မက်တွေ ပြည့်ဝပါစေ" တဲ့။ အင်မတန်မှ မြတ်နိုးစရာ ကောင်းတဲ့ဆုပေးချက်ပဲဖြစ်ပါတယ်။

> "ကျွန်တော်တို့နိုင်ငံမှာ လူမျိုး၊ ဘာသာ၊ အယူအဆ မတူညီမှုကို သဘောထားကြီးကြီး လက်ခံနိုင်စိတ်ရှိကြဖို့ လိုတယ်။ ကိုယ့်လူမျိုးမှ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာမှ ကိုယ့်ဘာသာ၊ ကိုယ့်အယူအဆမှ ကိုယ့်အယူအဆဆိုတဲ့ မတူတာလက်မခံနိုင်တဲ့၊ သည်းမခံနိုင်တဲ့စိတ်တွေကို ဖျောက်ပစ်ရမယ်။ အေးအတူ၊ ပူအမျှ လူမျိုးဘာသာ အယူအဆမတူညီတာတွေကို အန္တရာယ်လို့မယူဆဘဲ အင်အားတစ်ရပ်လို သဘောထားစေချင်တယ်။ ဘာသာတိုင်း မေတ္တာတရားကို ရှေ့တန်းတင်တာပါပဲ။ မေတ္တာတရား၊ ကရုဏာတရား ရှေ့တန်းတင်ဖို့လိုအပ်တယ်။"

လူတိုင်းအိပ်မက်မက်ကြပါတယ်။ မိမိဖြစ်ချင်တဲ့ဆန္ဒကို အိပ်မောကျနေရင်း မက်တတ်ကြတယ်။ ဒါ့ကြောင့်လည်း အိပ်မက်လှလှမက်နိုင်ကြပါစေလို့လည်း တမ်းတကြတယ်။ အိပ်မက်နဲ့ပတ်သက်ပြီး အထူးခြားဆုံး အဆိုအမိန့်က ၁၉၆၃ ခုနှစ်က အမေရိကန်နိုင်ငံမှာ ဘာသာရေးခေါင်းဆောင်ကြီး Martin Ruther King မိန့်ကြားခဲ့တဲ့ "I have a dream"ကျွန်တော့်မှာ အိပ်မက်ရှိတယ်"ဆိုတဲ့ မိန့်ခွန်းဖြစ်ပါတယ်။

၁၉၆၃ ခုနှစ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ ကပါ။ ဒီတုန်းက အမေရိကန်ပြည်ထောင်စုမှာ အသားအရောင်ခွဲခြားမှုက အကျည်းတန်အရုပ်ဆိုးစွာ ရှိနေသေးတယ်။ လူမည်းတွေဟာ လူဖြူတွေနဲ့ စားသောက်ဆိုင်မှာအတူတူစားခွင့်မရှိဘူး။ လူမည်းတွေအတွက် နေရာသီးသန့်ပေးထားတယ်။ ဘတ်စ်ကားစီးရင် လူမည်းတွေအတွက် သီးသန့်နေရာပေးထားတာ။ အိမ်သာကိုလည်း သီးသန့်ခွဲခြားထားတယ်။ လူဖြူတွေတက်တဲ့ တက္ကသိုလ်တွေမှာ လူမည်းကျောင်းသားတွေ တက်ခွင့်မပေးဘူး။

စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး နယ်ပယ်တိုင်းမှာ အခုလိုခွဲခြားဆက်ဆံခံခဲ့ရတယ်။ မခံရပ်နိုင်တဲ့ လူမည်းတွေနဲ့ မတရားမှုလက်မခံနိုင်တဲ့ လူဖြူတွေ ပူးပေါင်းပြီး ၁၉၆၃ ခုနှစ် ဩဂုတ် ၂၈ ရက်မှာ လူတစ်သန်းကျော်ကျော်ဟာ အမေရိကန်နိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ ဝါရှင်တန်ဒီစီမှာ ချီတက်ဆန္ဒပြခဲ့ပါတယ်။ အခုလို လမ်းလျှောက်ဆန္ဒပြတဲ့သူတွေအထဲမှာ နာမည်ကြီး ရုပ်ရှင်မင်းသား၊ မင်းသမီးတွေ၊ ပညာရှင်တွေ၊ ဘာသာရေးခေါင်းဆောင်တွေ ပါဝင်ခဲ့ပါတယ်။ ချီတက်ပြီး ဝါရှင်တန်ကျောက်တိုင်ရှေ့မှာ Dr.King က သူ့ရဲ့သမိုင်းဝင်မိန့်ခွန်းကို ပြောကြားခဲ့ပါတယ်။

သူ့ရဲ့မိန့်ခွန်းအပြည့်အစုံကို စိတ်ဝင်စားတဲ့သူတွေ Internet ကတစ်ဆင့် ဖတ်ရှုနိုင်ပါတယ်။ ကျွန်တော်ကတော့မိန့်ခွန်းရဲ့နောက်ဆုံးအပိုဒ်ကို တင်ပြချင်ပါတယ်။ "ကျွန်တော့်မှာ အိပ်မက်တစ်ခုရှိပါတယ်။ တစ်နေ့ကျရင် ကျွန်တော်တို့နိုင်ငံမှာ ကြီးပြင်းလာမယ့် ကျွန်တော့်သားလေးယောက်ကို သူတို့ရဲ့အသားအရောင်ကိုကြည့်ပြီး မဆုံးဖြတ်ဘဲ သူတို့ရဲ့ အကျင့်သီလကို အခြေခံပြီး သုံးသပ်နိုင်မယ့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်"။

သာမန်အားဖြင့် သူ့ရဲ့အိပ်မက်ဟာ ရိုးရိုးလေးဖြစ်ပါတယ်။ အသားအရောင်ခွဲခြားမှုကို ရပ်ဆိုင်းပြီး အပေါ်ယံကိုမကြည့်ဘဲ အနှစ်သာရအတွင်းသဘောကို ဦးစားပေးဖို့ တိုက်တွန်းခဲ့ခြင်းဖြစ်တယ်။ ထူးခြားတဲ့အချက်က Dr.King ရဲ့ အိပ်မက်ဟာ အခုဆိုရင် အမေရိကန်နိုင်ငံမှာ မျက်ဝါးထင်ထင် အကောင်အထည်ပေါ်နေတာတွေ့ရပါတယ်။

၂၀၀၈ ခုနှစ်က တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်မှာတစ်ကြိမ် လူမည်းတစ်ဦးဖြစ်တဲ့ အိုဘားမားဟာ သမ္မတအဖြစ် နှစ်ကြိမ်တိုင်တိုင် အရွေးခံခဲ့ရပါတယ်။ ကျွန်တော်က Power of dreams အိပ်မက်ရဲ့အားကို ယုံကြည်တယ်။ ဒါ့ကြောင့်လည်း အခွင့်အရေးရတိုင်း ကျွန်တော် Dream deep အိပ်မက်တွေ နက်နက်နဲနဲမက်ပါလို့ လူငယ်တွေကို အမြဲတိုက်တွန်းခဲ့ပါတယ်။

အခုဆိုရင် ကျွန်တော်တို့နိုင်ငံမှာ အိပ်မက်တွေမက်ခွင့်ရနေပါပြီ။ မက်ခွင့်ရတဲ့အချိန်မှာ ဘယ်လိုအိပ်မက်မျိုးမက်ကြမလဲ။ ကျွန်တော့်ရဲ့အိပ်မက်မှာတော့ အပိုင်းလေးပိုင်းပါဝင်ပါတယ်။ ပထမပိုင်းအနေနဲ့ ကျွန်တော်တို့နိုင်ငံကို စီးပွားရေးအရ ဖွံ့ဖြိုးစေချင်တယ်။ တက်ကြွစေချင်တယ်။ လှုပ်ရှားစေချင်တယ်။ စီးပွားရေးဖွံ့ဖြိုးဖို့ ပုဂ္ဂလိကကဏ္ဍကို ဦးစားပေးဖို့လိုတယ်။ စွန့်စားတဲ့သူတွေ၊ တီထွင်တဲ့သူတွေ၊ ဦးစီးတဲ့သူတွေကို အားပေးရမယ်။ မြှောက်ပေးရမယ်။ နေရာပေးရမယ်။ သူတို့လှုပ်ရှားနိုင်အောင် အတားအဆီး၊ အဟန့်အတားတွေကို ဖယ်ရှားပေးရမယ်။ နိုင်ငံတော်အစိုးရက ဖန်တီးရှင်အဖြစ်လှုပ်ရှားပြီး အားပေးအားမြှောက်ပြုရမယ်။ ဥပဒေအရကန့်သတ်မှုတွေလျှော့ပစ်မယ်၊ လုပ်ချင်စိတ်ရှိတဲ့သူတွေ လုပ်ခွင့်ရအောင်အားပေးရမယ်။

အိပ်မက်ရဲ့ဒုတိယအပိုင်းကတော့ ကျွန်တော်တို့နိုင်ငံမှာ လူမျိုး၊ ဘာသာ၊ အယူအဆမတူညီမှုကို သဘောထားကြီးကြီး လက်ခံနိုင်စိတ်ရှိကြဖို့လိုတယ်။ ကိုယ့်လူမျိုးမှ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာမှကိုယ့်ဘာသာ၊ ကိုယ့်အယူအဆမှ ကိုယ့်အယူအဆဆိုတဲ့ မတူတာလက်မခံနိုင်တဲ့၊ သည်းမခံနိုင်တဲ့စိတ်တွေကို ဖျောက်ပစ်ရမယ်။ အေးအတူ၊ ပူအမျှ လူမျိုးဘာသာအယူအဆမတူညီတာတွေကို အန္တရာယ်လို့မယူဆဘဲ အင်အားတစ်ရပ်လို သဘောထားစေချင်တယ်။ ဘာသာတိုင်းမေတ္တာတရားကို ရှေ့တန်းတင်တာပါပဲ။ မေတ္တာတရား၊ ကရုဏာတရား ရှေ့တန်းတင်ဖို့လိုအပ်တယ်။

"ငါနဲ့မတူရင်ငါ့ရန်သူ" ဆိုတဲ့အတွေးဟာ ကျွန်တော်တို့နိုင်ငံမှာ မရှိသင့်ပါဘူး။ အစွန်းတရားဆိုတာ ဘယ်တော့မှမကောင်းပါဘူး။ သည်းခံမှု၊ နားလည်မှု၊ စာနာမှု ဒါတွေကို ကျွန်တော်တို့နိုင်ငံမှာ ရှင်သန်ဖို့လိုပါတယ်။

တစ်ဦးနဲ့တစ်ဦး သဘောချင်းမတိုက်ဆိုင်တာဟာ သဘာဝတရားပါ။ အမြင်ချင်း၊ အယူအဆချင်း မတူပေမယ့် ညှိနှိုင်းလို့ရတယ်။ ဆွေးနွေးလို့ရတယ်။ အမြင်ချင်းဖလှယ်လို့ရပါတယ်။ အရာရာကို တစ်ဖက်သတ်အစွန်းတရားနဲ့ မစဉ်းစားစေချင်ပါဘူး။

ကျွန်တော့်အိပ်မက်ရဲ့နောက်အပိုင်းတစ်ပိုင်းကတော့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီနဲ့လူ့အခွင့်အရေးကို အခြေခံတဲ့နိုင်ငံတစ်နိုင်ငံဖြစ်စေချင်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကစပြီး ဒီမိုကရေစီစနစ် ကျွန်တော်တို့နိုင်ငံမှာ ပေါက်ဖွားလာခဲ့တယ်။ အနှစ်နှစ်အလလမျှော်မှန်းခဲ့တဲ့အခွင့်အရေးတွေရလာခဲ့ပြီ။ ဒါပေမယ့် ဒီမိုကရေစီစနစ်ဟာ နုနယ်သေးတယ်။ ကြီးထွားဖို့ဝိုင်းပြုစုကြရမယ်။ ရှင်သန်အောင်ဖန်တီးဖို့လိုတယ်။ အတားအဆီး၊ အနှောင့်အယှက်တွေရှိနေမှာပဲ။ ရှိတာကပြဿနာမဟုတ်ဘူး။ ဖြေရှင်းတဲ့ပုံစံမှန်ဖို့က အရေးကြီးတာ။

ဒီမိုကရေစီရဲ့အနှစ်သာရကို သဘောပေါက်ရမယ်။ နားလည်ရမယ်။ ကျင့်သုံးရမယ်။ အများသဘောတူတာကို လိုက်နာရသလို လူနည်းစုကိုလည်း လေးစားရမယ်။ အလေးထားရမယ်။

အိပ်မက်ရဲ့နောက်ဆုံးအပိုင်းကတော့ ငြိမ်းချမ်းရေးပဲ။ ကျွန်တော်တို့နိုင်ငံမှာ လွတ်လပ်ရေးရတဲ့အချိန်ကစပြီး အကြောင်းအမျိုးမျိုးကြောင့် ပဋိပက္ခတွေ ရှိခဲ့တယ်။ လက်နက်ဆွဲကိုင်ပြီးအဖြေထုတ်ခဲ့ကြတယ်။ ထာဝရငြိမ်းချမ်းမှုရဖို့ စစ်မှန်တဲ့ငြိမ်းချမ်းရေးလိုအပ်တယ်။ တစ်ဖက်က နိုင်ရုံနဲ့မငြိမ်းချမ်းနိုင်ဘူး။ နှစ်ဖက်စလုံးကျေနပ်တဲ့၊ လက်ခံတဲ့ ငြိမ်းချမ်းမှုရှိဖို့အဓိကဖြစ်တယ်။

ကုလသမဂ္ဂမှာတာဝန်ယူခဲ့သူတစ်ဦးအနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင် မြန်မာပြည်မှာ တွင်တွင်ကျယ်ကျယ်သုံးစေချင်တဲ့ စကားလုံးတစ်လုံး ရှိပါတယ်။ ဒါကတော့ Peace Divident ဖြစ်တယ်။ ငြိမ်းချမ်းမှုရဲ့အကျိုးအမြတ်။ စီးပွားရေးပညာအရ Dividend ဆိုတာက လုပ်ငန်းတစ်ခုအောင်မြင်ရင် ရလာတဲ့အမြတ်ကိုခွဲဝေပေးတယ်။

အခုလိုခွဲဝေမှုကို Dividend လို့သတ်မှတ်တယ်။ ငြိမ်းချမ်းရေးရရင် ကျွန်တော်တို့နိုင်ငံမှာ အကျိုးအမြတ်တွေခံစားခွင့်ရှိတယ်။ ခံစားရမှုလည်း ငြိမ်းချမ်းရေးဟာ ထာဝရဖြစ်မှာ။ သမ္မတကြီး ဦးသိန်းစိန်က လက်နက်ဆွဲကိုင်တဲ့လက်တွေ ကွန်ပျူတာကိုင်စေချင်တယ်ဆိုတာ Peace Dividend ဖြစ်တယ်။ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို ထင်သာမြင်သာဖြစ်အောင်လုပ်ဖို့ လိုအပ်တယ်။

ကျွန်တော့်အိပ်မက်ထဲမှာ ပဋိပက္ခဖြစ်နေတဲ့ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ စက်မှုဇုန်တွေဖွင့်လှစ်စေချင်တယ်။ ဒီစက်မှုဇုန်တွေမှာ အလုပ်အကိုင်အခွင့်အရေးတွေ များများဖော်ထုတ်စေချင်တယ်။ အမှန်တော့ ကျွန်တော့်ရဲ့အိပ်မက်မှာ အပိုင်းလေးပိုင်းပါပေမယ့် တစ်ပိုင်းနဲ့တစ်ပိုင်း ဆက်စပ်နေပါတယ်။ ပတ်သက်နေပါတယ်။ စီးပွားရေးဖွံ့ဖြိုးမှု လူမှုရေးအဆင့်အတန်းမြင့်မားမှာ ဖြစ်သလို ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးရှင်သန်မှ ငြိမ်းချမ်းရေးဆိုတာဟာလည်း အဓိပ္ပာယ်ရှိမှာဖြစ်တယ်။

ကျွန်တော့်နည်းတူ မြန်မာပြည်သူအားလုံး အိပ်မက်လှလှတွေ မက်နိုင်ပါစေလို့ ဆန္ဒပြုလျက်။ ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းခြင်းနှင့် အစားထိုးခြင်းများဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂

ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းက ကျင်းပရာ အစည်းအဝေးတွင် ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၏ **ယာဉ်အိုယာဉ်ဟောင်း(သက်တမ်းလွန်ယာဉ်)များနှင့်ပတ်သက်၍ နယ်နှင့်မြို့များတွင် မည်သို့ဆောင်ရွက်မည်၊ နေပြည်တော်ရှိ ဝန်ကြီးဌာနများမှ ဝန်ထမ်းကြို/ပို့ယာဉ်များအပါအဝင်**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး

ယာဉ်အိုယာဉ်ဟောင်းများကို မည်သို့ဆောင်ရွက်မည်တို့ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြန်လည်ဖြေကြားခဲ့သည်။

ယင်းသို့ ဖြေကြားရာတွင် မှတ်ပုံတင်သက်တမ်း နှစ်(၂၀)ကျော် ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များအား ပိုင်ရှင်၏ဆန္ဒအရ မှတ်ပုံတင်ဖျက်သိမ်းလိုလျှင် မှတ်ပုံတင်ဖျက်သိမ်း၍ အပ်နှံစေပြီး ပြည်ပမှ အစားထိုးယာဉ် တင်သွင်းခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းစီမံချက်အား ပြည်နယ်၊ တိုင်းဒေသကြီးရုံးများနှင့် နေပြည်တော်ရုံးအပါအဝင် စုစုပေါင်းရုံး(၁၈)ရုံးတွင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယာဉ်အိုယာဉ်ဟောင်းများဖျက်သိမ်း၍ အစားထိုးတင်သွင်းခြင်းကို ၂၀၁၁ ခုနှစ် စက်တင်ဘာ (၁၁)ရက်မှ စတင်၍ ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၃ ခုနှစ် အောက်တိုဘာ (၁)ရက်အထိ အပ်နှံပြီးစီးရေ (၁၁၁၀၆၂)စီး ရှိပါကြောင်း၊ ယာဉ်အမျိုးအစားအလိုက် ဖျက်သိမ်းအပ်နှံပြီး စီးရေမှာ လူစီးယာဉ် (၁၀၁၉၅၅)စီး၊ ကုန်တင်ယာဉ်(၆၇၇၅)စီးနှင့် ခရီးသည်တင်ယာဉ်(၂၃၃၂)စီး ဖြစ်ပါကြောင်း၊ အစားထိုးတင်သွင်းယာဉ်များ ကနဦးမှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိရာ လူစီးယာဉ်(၉၅၇၃၁)စီး၊ ကုန်တင်ယာဉ် (၄၆၅၉)စီးနှင့်ခရီးသည်တင်ယာဉ်(၁၈၂၀)စီး စုစုပေါင်း(၁၀၂၂၁၀)စီး ဆောင်ရွက်ပေးပြီးဖြစ်ပါကြောင်း။

ပုဂ္ဂလိကပိုင် ယာဉ်အိုယာဉ်ဟောင်းများကိုသာ အစားထိုးအပ်နှံဆောင်ရွက်စေခြင်းဖြစ်သဖြင့် ဌာနပိုင်ယာဉ်များအား အပ်နှံဆောင်ရွက်ခြင်းမရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများတွင် လက်ရှိမော်တော်ယာဉ် (၄၀၆၆၉)စီးအနက် (၂၅၃၃၃)စီးမှာ မှတ်ပုံတင်သက်တမ်းနှစ်(၂၀)အထက် ယာဉ်အိုယာဉ်ဟောင်းများဖြစ်ပြီး အဆိုပါယာဉ်များအား ဖျက်သိမ်း၍ အစားထိုးလဲလှယ်မည်ဆိုပါက နိုင်ငံတော်ဘတ်ဂျက်မှ သန်းပေါင်းများစွာ ကုန်ကျမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် အစိုးရရုံးဌာနများရှိ မော်တော်ယာဉ်များအနက် ပြုပြင်သုံးစွဲ၍ရသည့် ယာဉ်များကို ပြင်ဆင်သုံးစွဲလျက်ရှိပြီး ပြင်ဆင်သုံးစွဲရန် မသင့်သည့် ယာဉ်အိုယာဉ်ဟောင်းများကို နိုင်ငံပိုင်စာရင်းမှ ပယ်ဖျက်၍ သံရည်ကျိုဖျက်ဆီးဆောင်ရွက်လျက် ရှိပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ မော်တော်ယာဉ်(၈၅၄)စီးအား သံရည်ကျို၍ စာရင်းမှပယ်ဖျက်ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် ယာဉ်အိုယာဉ်ဟောင်းများနေရာတွင် အစားထိုးအသုံးပြုရန်နှင့် ဖွဲ့စည်းပုံအရ လိုအပ်သည့်နေရာများတွင် အသုံးပြုရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကားသေး(၉၁၈)စီး၊ မှန်လုံကားလတ်(၂၇၀)စီး၊ မှန်လုံကားကြီး (၁၇၅)စီး စုစုပေါင်း(၁၃၆၃)စီး ဝယ်ယူရန် ဘတ်ဂျက်လျာထားတင်ပြထားပါကြောင်း၊ အစိုးရရုံးဌာနများရှိ ယာဉ်အိုယာဉ်ဟောင်းများနေရာတွင် ယာဉ်သစ်များဖြင့် ဘဏ္ဍာရေးနှစ်အလိုက် အစားထိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ မော်တော်ယာဉ်ဝယ်ယူရေး နှစ်စဉ်ရန်ပုံငွေလျာထားတင်ပြပြီး ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းခြင်းနှင့် အစားထိုးခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

မှတ်ပုံတင်သက်တမ်း နှစ်(၂၀)ကျော်ယာဉ်များ ဖျက်သိမ်းခြင်းနှင့်ပတ်သက်၍ နောက်ဆုံးရက်ကာလ သတ်မှတ်ထားခြင်းမရှိကြောင်း၊ နောင်တွင် နိုင်ငံတကာ၌ ဆောင်ရွက်လျက်ရှိသည့် စနစ်များနှင့်အညီ ယာဉ်ထုတ်လုပ်ခဲ့သည့် သက်တမ်းကိုအခြေခံ၍ နှစ်ကာလသတ်မှတ်ကာ Recycling System တစ်ခုသတ်မှတ်ခြင်းဖြင့် နိုင်ငံ၏ ဂေဟ်သိက္ခာနှင့်ယာဉ်များ Road Safety ဖြစ်ရန် သတ်မှတ်

ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ရွှေ

ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးတွင် ဩဂုတ် (၂၃)ရက်က ဆွေးနွေးမှုခေတ္တဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့သည့် **လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူလူထုထံမှ အကြံပြုတင်ပြစာများအပေါ် အလေးအနက်ထား ထည့်သွင်းစဉ်းစားလိုခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စာပေးပို့ခဲ့ခြင်းတို့ကြောင့် ဥပဒေကြမ်းဆွေးနွေးမှုကို ဆိုင်းငံ့ထားခြင်းမပြုဘဲ ဥပဒေကြမ်းကော်မတီ၏လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားလိုကြောင်းဖြင့်တင်ပြခဲ့ရာ ဆက်လက်ဆွေးနွေးဆောင်ရွက်ရန် လွှတ်တော်က ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးကို အစီအစဉ် (၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးတတိယနေ့ကို အောက်တိုဘာ(၃)ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြု

နေပြည်တော် အောက်တိုဘာ ၂

မုန်းချောင်းကြိုးတံတား တည်ဆောက်ပေးနိုင်ရန် ချင်းပြည်နယ်ဒေသဆိုင်ရာလုပ်ငန်းကော်မတီ၏ အစီအစဉ်ဖြင့် ကွင်းဆင်းလေ့လာစိစစ်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပြန်လည်တင်ပြချက်အပေါ် အခြေခံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေလိုအပ်ပါက ခွင့်ပြုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ၏ **ဖိုးခေါ်ယိုး(ခေါ်)မချုံ့ရွာသစ်နှင့် ဆာဒူးကျေးရွာအကြား မုန်းချောင်းကြိုးတံတား သွယ်တန်းဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသများအားလုံး၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ကျပ်သန်းပေါင်း(၅၁၆၁ ဒသမ ၀၇၅) သန်း လျာထားခွင့်ပြုပေးထားပြီး လုပ်ငန်းများအောင်မြင်စွာ အကောင်

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး

အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဒေသနှင့်အသေးစိတ်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

မင်းတပ်မြို့နယ် ဖိုးခေါ်ယိုး(ခ)မချုံ့ရွာသစ်နှင့် ဆာဒူးကျေးရွာကြား မုန်းချောင်းကြိုးတံတား ပေ(၃၀၀)အား ဆောက်လုပ်ပေးရန်ကိစ္စမှာ နယ်စပ်ရေးရာဝန်ကြီးဌာန ပဉ္စမကာလတို(၅)နှစ် အမျိုးသားစီမံကိန်းဖြင့် ဆောင်ရွက်လိုသောလုပ်ငန်းများ တင်ပြချက်တွင် ပါဝင်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် လျာထားခြင်းမရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။ ဖြေကြားချက်နှင့်စပ်လျဉ်း၍ မေးခွန်းရှင် ဦးဟာရှိန်းဘွေက "ချင်းပြည်နယ်မှာ လမ်းတံတားတွေ လိုအပ်နေပါတယ်။ မုန်းချောင်းကြိုးတံတားက နွေနဲ့ ဆောင်းရာသီလောက်ပဲ သွားလို့ရတယ်၊ မိုးတွင်းမှာ သွားလို့မရဘူး၊ ဒီတံတားကို အသုံးပြုပြီး ကျောင်းသွားနေရတဲ့ ကလေးတွေရှိတယ်၊ မိုးတွင်းဆို သွားလာရေးခက်ခဲပါတယ်၊ ချောင်းကကျယ်တော့ ပြည်နယ်အစိုးရအနေနဲ့ မဆောင်ရွက်နိုင်တဲ့အတွက် ပြည်ထောင်စုအစိုးရကနေ ပံ့ပိုးပေးဖို့အကူအညီတောင်းရခြင်းဖြစ်ပါတယ်၊ ဝန်ကြီးဌာနက ပြန်လည်

ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း

ဖြေကြားသွားတာနဲ့ ပတ်သက်လို့လည်း ကျေနပ်ပါတယ်၊ ပြည်နယ်အစိုးရကတင်ပြမှ ဒါတကယ်လိုအပ်ပါတယ်ဆိုပြီး မှတ်ချက်ပေးရင် သူတို့လုပ်ပေးမယ်လို့ ပြောပါတယ်၊ ကျွန်တော်ကလည်း ဒီကိစ္စကို ပြည်နယ်ဝန်ကြီးချုပ်နဲ့ ညှိနှိုင်းတိုင်ပင်ပြီးမှ လွှတ်တော်မှာ မေးမြန်းရခြင်းဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက **တိုင်းရင်းဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**နှင့် **အဆိပ်များအက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော **မြန်မာနိုင်ငံ လေယာဉ်အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး အစည်းအဝေးကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

သင်တန်းတက်ရောက်ပြီးသူ ဆက်သွယ်ဆက်ဆံရေးလုပ်အားပေးလူငယ်အရာရှိများ အမြန်ဆက်သွယ်ကြရန်နှိုးဆော်

နေပြည်တော် အောက်တိုဘာ ၂

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်လိုသည့် ဆက်သွယ်ဆက်ဆံရေးလုပ်အားပေးလူငယ်အရာရှိများအား လျှောက်လွှာများ ခေါ်ယူစိစစ်ရွေးချယ်ကာ သင်တန်းအမှတ်စဉ်(၃)ခု ဖွင့်လှစ်သင်ကြားပေးပြီးဖြစ်သည်။

ယခုအခါ အဆိုပါသင်တန်းအမှတ်စဉ်(၁)၊ (၂)နှင့် (၃)တို့သို့ တက်ရောက်ခဲ့ပြီး လာရောက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသူများအနေဖြင့် နေပြည်တော်တွင် လျှောက်ထားသူများအတွက် ဦးသီဟအောင် (ဦးစီးအရာရှိ) ဖုန်း-၀၉-၄၉၂၄၀၂၈၀ သို့လည်းကောင်း၊ ရန်ကုန်တွင် လျှောက်ထားသူများအတွက် ဒေါ်မူမူ (လက်ထောက်ညွှန်ကြားရေးမှူး) ဖုန်း-၀၉-၅၁၈၉၉၄၃၊ ၀၁-၅၆၄၄၈၉ သို့လည်းကောင်း၊ မန္တလေးတွင် လျှောက်ထားသူများအတွက် ဦးမြင့်ခိုင် (ဒုတိယညွှန်ကြားရေးမှူး) ဖုန်း-၀၉-၄၀၂၆၃၄၂၄၅၊ ၀၂-၈၀၉၃၆ တို့သို့လည်းကောင်း အမြန်ဆုံးဆက်သွယ်သတင်းပို့ကြပါရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နွေကာလအတွက် (ယာဉ်+ကုန်) တန်ချိန်ပြောင်းလဲသတ်မှတ်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ်များ လမ်း/တံတားများ အသုံးပြုမောင်းနှင်ရာတွင် တင်ဆောင်ခွင့်ပြုသည့် (ယာဉ်+ကုန်) တန်ချိန် သတ်မှတ်ချက်များနှင့်ပတ်သက်၍ မိုးတွင်းကာလ၊ နွေကာလနှင့် ၂၀၁၅ ခုနှစ်တွင် သတ်မှတ်သည့်(ယာဉ်+ကုန်)တန်ချိန်သတ်မှတ်ချက် သုံးမျိုးအား ကြိုတင်ထုတ်ပြန်ကြော်ငြာထားရှိခဲ့ပြီး ဖြစ်ပါသည်။

မိုးတွင်းကာလ သတ်မှတ်ချက်သည် စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး နွေကာလသတ်မှတ်ချက်ဖြစ်သည့် ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၄ ခုနှစ် မေ ၁၅ ရက်ထိ အောက်ဖော်ပြပါ ယာဉ်အမျိုးအစားလေးမျိုးသည် ပူးတွဲဖော်ပြပါ (ယာဉ်+ကုန်) သတ်မှတ်ချက်များအတိုင်း တင်ဆောင်မောင်းနှင်ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က) (၁၄) ဘီးကား(Lift Axle) (ယာဉ်+ကုန်)မိုးတွင်းကာလ တန်(၃၀)မှ နွေကာလ(၃၁)တန် (ဘီးအားလုံး လမ်းပေါ်ချ၍ မောင်းနှင်ရမည်)

(ခ) (၁၄) ဘီးတွဲကား(ယာဉ်+ကုန်)မိုးကာလ(၃၃)တန်မှ နွေကာလ(၃၄)တန်

(ဂ) (၁၈) ဘီးတွဲကား(ယာဉ်+ကုန်)မိုးကာလ(၄၁)တန်မှ နွေကာလ(၄၆)တန်

(ဃ) (၂၂) ဘီးတွဲကား(ယာဉ်+ကုန်)မိုးကာလ(၄၈)တန်မှ နွေကာလ(၅၀ ဒသမ ၅)တန်

(ဆောက်လုပ်ရေးဝန်ကြီးဌာန)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ကျင်းပမည့် ASEAN Youth Expo 2013: Fostering ASEAN Community 2015 တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်ဖြူဖြူမြင့်နိုင်၊ အသင်းဝင် ဒေါ်ခင်ဖြူရွှေ၊ ဒေါက်တာနုမြတ်သိင်္ဂီဦး၊ ဒေါ်ရတနာဇော်ဝင်းတို့သည် စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ကျောဖုံးမှ

ဦးဆောင်သော စစ်သံရုံးဝန်ထမ်းနှင့် မိသားစုများက ခေတ္တတည်းခိုရာ Shangri-La Hotel ၌ လာရောက်တွေ့ဆုံဂါရဝပြုကြသည်။

ထိုသို့ တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ဝန်ထမ်းများနှင့် မိသားစုများအတွက် အမှတ်တရလက်ဆောင်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပြီး **(ယာပုံ)** တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်ပ၌ မြန်မာနိုင်ငံကို ကိုယ်စားပြု၍တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများသည် နိုင်ငံအတွက် အရေးကြီးသောတာဝန်ကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားများကို လူမျိုးဘာသာမခွဲခြားဘဲ အကာအကွယ်ပေး၍ စောင့်ရှောက်စေရန်လိုအပ်ပါကြောင်း၊ နိုင်ငံသားများ၏လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးရန်လည်း လိုအပ်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံရေးတွင် သံတမန်၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီး၍ အမှားမရှိအောင် ဂရုစိုက်ကြရန် လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ် တက်လှမ်းရာတွင် မှန်ကန်စွာ ရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်အဆင့်မြင့်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ဘုရင်က ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်ပွဲသို့ တက်ရောက်ပြီး မလေးရှားနိုင်ငံမှ မြန်မာ့တပ်မတော် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

(၆၆)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၆ ရက် (တနင်္ဂနွေနေ့)မှ ၁၃၇၅ ခုနှစ် ပြာသိုလဆန်း ၉ ရက် (ကြာသပတေးနေ့) အထိ၊ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်မှ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၇၅ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၄ ရက် (၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၃ရက်) နောက်ဆုံးထား၍ ဝင်ခွင့်တောင်းလွှာများကို (ဓာတ်ပုံနှစ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေစာမေးပွဲဌာနခွဲ (တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ)သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဖြေဆိုရန်ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက် (၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၀ ရက်) နောက်ဆုံးထား၍အကြောင်းကြားရန်ဖြစ်ကြောင်း၊ စာမေးပွဲအတွက် ပြဋ္ဌာန်းချက်များမှာ ယခင်နှစ်များကအတိုင်း ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရှိရသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း NDI မှ Governance Programs Director ဖြစ်သူ Mr. K.Scott Hubli အား နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးညှိခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ *(သတင်း-ကျောဖုံး)*

(သတင်းစဉ်)

နယူးဇီလန် လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိ

ရန်ကုန် အောက်တိုဘာ ၂

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon.David Cater နှင့်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိကြသည်။

နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် လွှတ်တော်ရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ညနေပိုင်းတွင် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်အား လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃-၁၀-၂၀၁၃ (ကြာသပတေးနေ့)

၅း၄၀	"ဆေးဆရာနှင့်လူမမာ" တရားတော် (ပထမပိုင်း) [မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ]
၆း၂၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၉၁)
၇း၁၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ဆန္ဒနတ်သမီး" (အပိုင်း-၂၅)
၈း၃၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ" (အပိုင်း-၇၂)
၉း၀၅	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်ခြင်းတရားနှင့်" (အပိုင်း-၈)

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၂

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၁၊ ၁၂၊ ၁၃ ရက် (၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၃၊ ၁၄၊ ၁၅ ရက်)တို့တွင် ခွင့်ပြုထားသောစာဖြေဌာနများ၌ တစ်ပြိုင်နက် ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ (ဂုဏ်ထူးဆောင်)စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ယင်းနှင့်အလားတူစာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ (ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ (ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့် ရှိသည်။ ယခင်က သုံးဆင့်လုံးအပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများ တည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှသတင်းရရှိသည်။

(သတင်းစဉ်)

တစ်ဆင့်ကြား နားလည်မှုလွဲမှားမှုများ၊ သံသယဖြစ်မှုများအပေါ် ဖြေရှင်းနိုင်ခဲ့

ရန်ကုန် အောက်တိုဘာ ၂

ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအား အမေရိကန်နိုင်ငံ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည့် မြန်မာနိုင်ငံမိတ်ဆွေများအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေး (Group of Friends of Secretary General on Myanmar Ministrials Meeting) တက်ရောက်ခဲ့ခြင်းဆိုင်ရာ အတွေ့အကြုံများ ရှင်းလင်းခြင်းကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် စက်တင်ဘာ ၂၆ ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ကျင်းပခဲ့သည့် မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့ ဝန်ကြီးအဆင့် အစည်းအဝေးသည် (၆၈) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အစည်းအဝေးကာလအတွင်း ဆက်စပ်ဆောင်ရွက်ချက်တစ်ခုဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့မှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်အရ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အကျိုးဆောင်မှုကို အထောက်အကူပြုရန် ၂၀၀၇ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သော အဖွဲ့ဖြစ်ကြောင်း၊ နိုင်ငံ ၁၄ နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ပါဝင်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများမှာ အာရှဒေသမှ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်း၊ စင်ကာပူ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ပါဝင်ပြီး အခြားဒေသမှ အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်၊ ဩစတြေးလျ၊ နော်ဝေတို့ ပါဝင်ပါကြောင်း။

၎င်းအဖွဲ့၏ အစည်းအဝေးများကို ကုလသမဂ္ဂဌာနချုပ်တွင် အခါအားလျော်စွာ ကျင်းပလေ့ရှိပြီး ဝန်ကြီးအဆင့်အစည်းအဝေးများကို ကုလသမဂ္ဂအထွေထွေညီလာခံကာလတွင် နှစ်စဉ်ကျင်းပလေ့ရှိပါကြောင်း၊ ယခင်က မြန်မာနိုင်ငံအား ဖိတ်ကြားမှုရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်နိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း၊ ယခုထပ်မံ၍ ဖိတ်ကြားလာရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုများ ရှင်းလင်းပြောကြားနိုင်ရန်နှင့် မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်တက်ရောက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ယခုနှစ် အစည်းအဝေးတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းက နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုဖြင့်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အောင်မြင်မှုကို ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အသိအမှတ်ပြု ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ အလားတူ ကြုံတွေ့နေသည့် စိန်ခေါ်မှုအချို့ကိုလည်း စိုးရိမ်မှုရှိပြီး ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ နိုင်ငံတကာမှလည်း ပူးပေါင်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း၊ ယခုအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် တက်ရောက်မှုကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုကို နိုင်ငံတကာမှ ပိုမိုထိရောက်စွာ အကူအညီပေးနိုင်ရန် ယခုအဖွဲ့ကို Partnership Group for Peace, Development and Democracy in Myanmar ဟု အမည်ပြောင်းရန် အဆိုပြုပါကြောင်း၊ လိုအပ်ပါက နိုင်ငံနှင့်နိုင်ငံတကာ အဖွဲ့အစည်းများပါ တိုးချဲ့ဖွဲ့စည်းသင့်၊ မသင့် အဖွဲ့ဝင်များမှ အကြံပြုစေလိုကြောင်းနှင့် မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတကာမှ ပိုမိုပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်းဖြစ်ကြောင်း ပြောကြားခဲ့ပါကြောင်း။

မိမိအနေဖြင့်လည်း နိုင်ငံတော်အစိုးရသစ်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ တစ်ပြိုင်တည်း ဆောင်ရွက်နေမှု၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးဆောင်ရွက်မှုနှင့် နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုများ၊ ရခိုင်ပြည်နယ်အရေးကိစ္စ မျှတစွာစီစဉ်ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အပြုသဘောဆောင်သော ဆက်ဆံရေးများဖော်ဆောင်နေမှုနှင့် အနာဂတ်တွင် မိတ်ဆွေများအဖွဲ့၏ အားပေးထောက်ခံမှုများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းချပြခဲ့ပါကြောင်း၊ ယင်းရှင်းလင်းမှုများအပေါ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များကလည်း နိုင်ငံတော်၏ အချိန်တိုအတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံတော်သမ္မတကြီး ဦးဆောင်မှုအခန်းကဏ္ဍအား အသိအမှတ်ပြုပါကြောင်း၊ အဖွဲ့အမည်ပြင်ဆင်ရန် အတွင်းရေးမှူးချုပ်၏ အကြံပြုချက်ကို အပြုသဘောရှုမြင်ထောက်ခံပြောကြားကြပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် အစည်းအဝေးတက်ရောက်ရာတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက ကြိုဆိုကြသကဲ့သို့ မိမိတို့ တာဝန်ရှိသူများ ကိုယ်တိုင်ကိုယ်ကျ ရှင်းလင်းခွင့်ရရှိခြင်းဖြင့် တစ်ဆင့်ကြားကို နားလည်မှုလွဲမှားမှုများ၊ သံသယဖြစ်မှုများအပေါ် ဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ မိမိတို့အစည်းအဝေး တက်ရောက်သည့်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုပုံရိပ်ကို ပြသရာရောက်ပါကြောင်း၊ ယခုအစည်းအဝေးမှသည် မိမိတို့နိုင်ငံ၏ မိတ်ဆွေများအဖွဲ့ အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ရင်းနှီးပွင့်လင်းစွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Group of friends ၏ အမည်ပြောင်းရန် အဆိုပြုခြင်းမှာ မြန်မာနိုင်ငံ လူ့အခွင့်အရေးကိစ္စအပေါ် မူတည်ဖွဲ့စည်းခဲ့ရာမှ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အားပေးကူညီရန်ဖြစ်၍ အပြုသဘောရှုမြင်ပါကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများမှ သတင်းထောက်များက မြန်မာနိုင်ငံ မိတ်ဆွေများအဖွဲ့ အစည်းအဝေးနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားနှင့်ဂျာမနီနိုင်ငံတို့သို့ သဝဏ်လွှာများပေးပို့

နေပြည်တော် အောက်တိုဘာ ၃

၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သည့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ယွန်ဗြောင်ဆဲထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂီဒို ဗက်စ်တာ ဗယ်လာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံခြားသားကျွမ်းကျင်သူပညာရှင်များနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များ၏ ပြည်ဝင်ခွင့်ဗီဇာအတွက် ထောက်ခံချက်များ လွယ်ကူစွာဆောင်ရွက်ပေးမည်

မြန်မာနိုင်ငံအတွင်း နိုင်ငံသားများ၏ စီးပွားရေးလုပ်ငန်းများတွင် ကျွမ်းကျင်သူပညာရှင်များအဖြစ် ခန့်ထားတာဝန်ပေးအပ်သည့် နိုင်ငံခြားသားများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် နိုင်ငံခြားသားများအနေဖြင့် ပြည်ဝင်ခွင့်ဗီဇာနှင့် နေထိုင်ခွင့်ရရှိရေးတို့အတွက် လွယ်ကူချောမွေ့အောင် ဆောင်ရွက်ပေးပါရန် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များက ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနှင့် တွေ့ဆုံရာတွင် ဆွေးနွေးမေတ္တာရပ်ခံခဲ့ပါသည်။

သို့ပါ၍ နိုင်ငံခြားသား ကျွမ်းကျင်သူပညာရှင်များနှင့် နိုင်ငံခြားသား လုပ်ငန်းရှင်များအတွက် ပြည်ဝင်ခွင့်ဗီဇာနှင့် ကာလရှည်နေထိုင်ခွင့် ထောက်ခံချက်များ လွယ်ကူစွာထုတ်ပေးနိုင်ရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ပေးမည် ဖြစ်ပါသည်-

(က) ကုန်သွယ်မှုလုပ်ငန်းများနှင့် ဆက်စပ်ကာ မြန်မာနိုင်ငံသို့ လာရောက်လုပ်ကိုင်ဆောင်ရွက်မည့် နိုင်ငံခြားသားများနှင့် မိသားစုများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်၊

(ခ) မြန်မာကုမ္ပဏီအဖြစ်လည်းကောင်း၊ နိုင်ငံခြားကုမ္ပဏီအဖြစ်လည်းကောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများတွင် တာဝန်ထမ်းဆောင်သည့် နိုင်ငံခြားသားများနှင့် မိသားစုများ၊ နိုင်ငံခြားသားဝန်ထမ်းများအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာများသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
- (၁) ဝန်ကြီးရုံး
  ဖုန်း-၀၆၇-၄၀၈၂၆၆၊ ဖက်စ် - ၀၆၇-၄၀၈၀၀၄၊
  e-mail: licolhan@gmail.com
- (၂) ရန်ကုန်ရုံးခွဲ
  ဖုန်း - ၀၁-၂၅၁၁၉၇၊ ဖက်စ် - ၀၁-၂၅၃၀၂၈
  e-mail: thanaungkyaw61@gmail.com

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- (၁) နေပြည်တော်ရုံး
  ဖုန်း - ၀၆၇-၄၀၆၁၆၆၊ ဖက်စ် - ၀၆၇-၄၀၆၃၀၆
  e-mail: nangyiyithan@gamil.com
- (၂) ရန်ကုန်ရုံးခွဲ
  ဖုန်း - ၀၁-၆၅၇၈၉၁၊ ဖက်စ် - ၀၁-၆၅၇၈၂၅
  e-mail: chochowynn2011@gamil.com

ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ

ဖားကန့်ကျောက်အဝင်နည်းမှုကြောင့် မန်းကျောက်ဝိုင်း အရောင်းအဝယ်အေး

မန္တလေး အောက်တိုဘာ ၂

မန္တလေးမြို့ မဟာအောင်မြေကျောက်ဝိုင်းမှာ ဖားကန့်ကျောက်အဝင်နည်းပါးမှုကြောင့် ကျောက်အရောင်းအဝယ် အေးလျက်ရှိကြောင်း အဆိုပါ ကျောက်ဝိုင်းရှိ ကုန်သည်ပွဲစားများထံမှ သိရှိရသည်။ မန္တလေးမြို့သို့ ကျောက်များ အဓိကစီးဆင်းရာဖြစ်သော ဖားကန့်မှော်များတွင် ကျောက်စိမ်းအထွက်နည်းပါးခြင်းနှင့် ထွက်ရှိလာသည့် ကျောက်စိမ်းများမှာလည်း မန္တလေးမြို့သို့ ပို့ဆောင်ရာတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် မန္တလေးကျောက်ဝိုင်းတွင် ကျောက်ကောင်း ရှားပါးခြင်းနှင့်အတူ အရောင်းအဝယ်မှာလည်း ပုံမှန်ထက် အေးလျက်ရှိကြောင်း ကျောက်ကုန်သည်တစ်ဦးက ပြောသည်။

"မန္တလေးကို ကျောက်ကောင်းတွေ မရောက်တာ အတော်ကြာနေပြီ။ အရင်လတွေကတော့ ဖားကန့်မှ ကျောက်တွေ ကားတွေနဲ့ ဝင်လာတာရှိသေးတယ်။ ဒီနောက်မှာတော့ ဝိုင်းထဲမှာ ကျောက်ရှားပြီး ရှိတဲ့ကျောက်တွေနဲ့ပဲ အရောင်းအဝယ်လုပ်နေရတယ်။ မိုးကုန်လို့လမ်းပန်းဆက်သွယ်ရေး ပြန်ကောင်းမယ်ဆိုရင်တော့ ကျောက်ကောင်းတွေ ရောက်လာပြီး အရောင်းအဝယ်ပုံမှန်ပြန်ကောင်းလာနိုင်ပါတယ်"ဟု ၎င်းက ဆိုသည်။

ထိုသို့ကျောက်ရှားပါးနေသည့်အပြင် ဝိုင်းအတွင်း လက်ရှိအရောင်းအဝယ်လုပ်နေသည့် ကျောက်များကိုလည်း တရုတ်ကုန်သည်များက ဈေးနှိမ်ဝယ်ယူမှုများ ပိုမိုပြုလုပ်လာကြောင်း မြန်မာကုန်သည်တစ်ဦးက ဆက်လက်ပြောကြားသည်။

"တရုတ်တွေဈေးနှိမ်ဝယ်ယူမှုက ဒီလပိုင်းအတွင်းမှာ ပိုများလာတယ်။ ဒါ့ကြောင့် မြန်မာကုန်သည်တွေက သူတို့ရဲ့ ကျောက်တွေကို အရောင်းအဝယ်ပြုလုပ်ခြင်း မရှိတော့ဘဲ သိမ်းထားတဲ့အတွက်ကြောင့်လည်း ကျောက်ကောင်းတွေ ရှားပါးတာလည်းပါဝင်ပါတယ်" ဟု ၎င်းက ဆိုသည်။

လက်ရှိဝိုင်းအတွင်းမှာ အရည်လိုင်းဖြစ်သည့်အပွင့်ကျောက်များသည် ပုံမှန်အရောင်းအဝယ်ပြုလုပ်လျက်ရှိပြီး ဈေးနှုန်းအတိုင်းအတာဖြင့် ငါးသိန်း၊ ၁၀ သိန်းအတွင်း ကျောက်များသာ အလုပ်ဖြစ်လျက်ရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

သံတွဲမြို့နယ်၌ မီးရှို့မှု၊ ရန်ပြုမှုများဖြစ်ပွား၊ ပဋိပက္ခများထပ်မံမဖြစ်ပွားစေရေး တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြရန် သက်ဆိုင်ရာကတိုက်တွန်းနှိုးဆော်

နေပြည်တော် အောက်တိုဘာ ၂

သံတွဲမြို့နယ် သပြုချိုင်ကျေးရွာ၌ အောက်တိုဘာ ၁ ရက် နံနက် ၄ နာရီခွဲခန့်မှ စတင်၍ မလိုလားအပ်သော ရှုန်းရင်းဆန်ခတ်မှုများ မဖြစ်ပွားစေရေးအတွက် သံတွဲမြို့နယ် ရဲတပ်ဖွဲ့မှူးနှင့် အဖွဲ့များ၊ ခရိုင်အရန်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း၊ သပြုချိုင်တောင်ပေါ်ကျေးရွာ၌ နံနက် ၁၀ နာရီခွဲခန့်တွင် နေအိမ် ၁၄ လုံးခန့် မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်းသိရသည်။

အလားတူ ရွှေလှေအထက်တန်းကျောင်းအနီးရှိ နေအိမ်အချို့အား ညနေ ၃ နာရီ ၂၅ မိနစ်ခန့်တွင် မီးရှို့ဖျက်ဆီးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်၍လူစုခွဲခဲ့ရကြောင်း။

ရွှေလှေအုပ်စု လင်းသီးကျေးရွာ သံတွဲ-တောင်ကုတ်ကားလမ်းပေါ်တွင် ညနေပိုင်းက တောင်ကုတ်မှ သံတွဲဘက်သို့ ထွက်ခွာလာသော ဆိုင်ကယ်သုံးစီးဖြင့် လူငါးဦးအား လူတစ်စုက လက်နက်များ ကိုင်ဆောင်၍ ရန်ပြုခဲ့ကြသဖြင့် လေးဦးဒဏ်ရာရရှိပြီး တစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း၊ ဒဏ်ရာရရှိသူများအား ရွှေလှေဆေးရုံမှ တစ်ဆင့် သံတွဲဆေးရုံသို့ ပို့ဆောင်၍ဆေးဝါးကုသပေးလျက်ရှိကြောင်း။

ထို့ပြင် ည၌နက်ပိုင်းတွင် ကျီးကန်းရဲကျေးရွာ၌ အဆောက်အအုံတစ်လုံးအား မီးရှို့မှုဖြစ်ပွားသဖြင့် ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ယနေ့နံနက် ၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးအတွက် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ကြပါရန် သက်ဆိုင်ရာက တိုက်တွန်း နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

❖ **ကလေးမြို့မှ**

ဆေးရုံအနီး ဥပုတ်ချောင်းကွန်ကရစ်တံတား၊ ရာဇဂြိုဟ်ရေလျှောင်တမံသွားလမ်းမှတံတား၊ ဇင်းကလင်းတံတားချဉ်းကပ်လမ်းများသို့ ရေတိုက်စားမှု ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။

ကလေးမြို့တွင် ရေဘေးကယ်ဆယ်ရေးနှင့် ရေဘေးကြောင့် ပျက်စီးမှုများကို စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက လိုက်လံစစ်ဆေးပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌဦးမောင်ထူးက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(လင်းလက်ကြယ်စင်)**

❍ **ကျောဖုံးမှ**

ပရော်ဖက်ရှင်နယ်လက်ဝှေ့ကျော် ဒါရန်ဘာကာသည် ဩဂုတ်လ ၁၇ ရက်က အတ္တလန္တစ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် အိုင်ဘီအက်ဖ်ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံလုပွဲတွင်လည်း ဩစတြေးလျလက်ဝှေ့သမား ဒန်နီယယ်ဂီးလ်အား အလဲထိုးနိုင်ပွဲရရှိခဲ့ဖူးသူဖြစ်သည်။ ဒါရန်ဘာကာသည် ဗြိတိန်နှင့် ဥရောပမစ်ဒယ်ဝိတ်တန်းချန်ပီယံဟောင်းတစ်ဦးဖြစ်သည့်အပြင် မန်ချက်စတာမြို့၌ ကျင်းပခဲ့သော ၂၀၀၂ ခုနှစ် ဓနသဟာယ အားကစားပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သူဖြစ်သည်။

ဂျာမန်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဖီးလစ်စတမ်းသည်လည်း စိန်ခေါ်ပွဲအတွေ့အကြုံရင့်ကျက်သည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည့်အပြင် လက်ရှိအချိန်အထိ ၎င်း၏ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားဘဝ တစ်လျှောက်တွင် ၄၄ ပွဲအထိ ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသူဖြစ်သည်။

သို့သော် ဒါရန်ဘာကာအနေဖြင့် ၎င်း၏ ပထမဆုံး အိုင်ဘီအက်ဖ်ကမ္ဘာ့မစ်ဒယ်ဝိတ်တန်းချန်ပီယံလုပွဲတွင် ဂျာမန်လက်ဝှေ့ကျော် ဖီးလစ်စတမ်းအား အလဲထိုးကာ ချန်ပီယံဘွဲ့ကို ကာကွယ်မည်ဟု ဖွင့်ဟခဲ့သည်။

ဖက်စပ်လုပ်ငန်းထူထောင်ခြင်းအတွက် စာချုပ်ချုပ်ဆိုမှုအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

အင်္ဂလန်နိုင်ငံမှ Fosroc Investments Limited နှင့် Octagon International Trading Co.,Ltd. (Shwe Taung Group of Companies) တို့၏ "The Entering into a Joint Venture Agreement" သဘောတူလက်မှတ်ရေးထိုးပွဲနှင့် ညစာစားပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ Traders Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်သည်။

အခမ်းအနားတွင် ရွှေတောင်ကုမ္ပဏီအုပ်စု၏ ဒါရိုက်တာ ဦးကျော်စိုးဟန်နှင့် FOSROC ကုမ္ပဏီ အရှေ့တောင်အာရှဒေသ၏ ဒုတိယဥက္ကဋ္ဌ Mr. Philip Charles Sharp တို့က ဖက်စပ်လုပ်ငန်းထူထောင်မှု သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့ကြပြီးနောက် ပြည်ထောင်စုဝန်ကြီးနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

FOSROC ကုမ္ပဏီမှထုတ်လုပ်သည့် Construction Chemicals ပစ္စည်းများသည် ကမ္ဘာ့အဆင့်မီ နည်းပညာဖြင့် ထုတ်လုပ်ထားပြီး နိုင်ငံပေါင်း ၆၀ ကျော်တွင် စက်ရုံများတည်ထောင်ပြီး ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသော Global Brand တစ်ခုဖြစ်ကြောင်း၊ Octagon International Trading Co.,Ltd.အနေဖြင့် အဆိုပါ FOSROC Construction Chemicals ပစ္စည်းများအား ၂၀၀၅-၂၀၀၆ ခုနှစ်တွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်း RCC Dam သွန်းလောင်းခြင်းလုပ်ငန်းများအတွက် အစပြုတင်သွင်းခဲ့ကြောင်း၊ ၂၀၀၇ ခုနှစ်တွင် Octagon International Trading Co.,Ltd. မှတာဝန်ယူ၍ ရန်ကုန်မြို့ ကမ်းနားလမ်း အလုံတာဝါတွင် အရောင်းပြခန်းဖွင့်လှစ်ခဲ့၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းကြီးများ၊ လမ်းတံတား၊ ရေအားလျှပ်စစ်စီမံကိန်းကြီးများ၊ ပုဂ္ဂလိက တည်ဆောက်ရေးလုပ်ငန်းများသို့ ရောင်းချခြင်း စသောဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ Octagon International Trading Co., Ltd. အနေဖြင့် FOSROC Construction Chemicals ပစ္စည်းများအား ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မြစိမ်းရောင်စက်မှုဇုန်တွင် စက်ရုံတည်ဆောက်ပြီး Construction လုပ်ငန်းများ၊ နိုင်ငံတော်ပရောဂျက်ကြီးများတွင် အသုံးပြုနိုင်ရန် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေတက်မည်

ရန်ကုန် အောက်တိုဘာ ၂။ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ အောက်တိုဘာ ၉ ရက်ထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၃ ပေခန့်မှ ၂၀ ဒသမ ၉ ပေခန့်အထိ ထူးကဲဒီရေတက်ရောက်ဖွယ်ရှိကြောင်းကို ယခင် ၂၀၁၁-၂၀၁၂ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်း အထက်အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းရရှိသည်။

(သတင်းစဉ်)

ဖတ်စရာ၊ မှတ်စရာ

ဖြိုး
သိကြား

ခြေခြေမြစ်မြစ် မှန်မှန်ကန်ကန် သတင်းထုတ်ပြန်

လွန်ခဲ့သောငါးနှစ်ခန့်က ဖြစ်သည်။ စာရေးသူသည် အမေရိကန်နိုင်ငံမှ ထုတ်သောစာစောင်တစ်ခုတွင် အို ဘားမားကိုပြောင်ထားသော ကာတွန်းကိုဖတ်ဖူးသည်။ အဲဒီအချိန်တုန်းက သူတို့နိုင်ငံမှာ သမ္မတကိုတောင် ပြောနိုင်သည့် စာပေလွတ်လပ်ခွင့်ရှိပါလားဆိုပြီး အင်မတန်အံ့သြခဲ့ရသည်။ အခုအချိန်မှာတော့ မြန်မာနိုင်ငံမှာလည်း လွတ်လပ်စွာရေးသားပြောဆိုခွင့်အပြည့်အဝ ရရှိနေပြီဖြစ်သည်။

လွတ်လပ်စွာရေးသားခွင့်ရလာသည်နှင့်အမျှ သတင်းသမားများအတွက် ပို၍တာဝန်ကြီးလာလေသည်။ ယခင်က သတင်းထုတ်ပြန်သော်လည်း ဆင်ဆာဖြတ်ပြီးမှ တင်ပြရသဖြင့်သတင်းမှားမည်ကို စိုးရိမ်စရာမရှိ။သတင်းအမှောင်ချသည့်ခေတ်ဖြစ်ခဲ့သဖြင့် ပြည်သူကလည်း သတင်းကိုအပြည့်အဝမယုံကြည်။ ယခုအခါမှာတော့ သတင်းမှားခြင်း၊ တင်ပြသင့်သည့် အကြောင်းအရာများကို တင်ပြခြင်းများသည် သတင်းတင်ပြသူ၊ ထုတ်ဝေသည့်ဂျာနယ်၊ သတင်းစာများတွင် အပြည့်အဝတာဝန်ရှိသည်။ ပြည်သူကလည်း သတင်းကိုယုံကြည်မှုများလာသည်။ ထို့ကြောင့် သတင်းသမားများသည် မိမိတင်ပြမည့်သတင်းကို ခြေခြေမြစ်မြစ် မှန်မှန်ကန်ကန်ဖြစ်အောင် ကြိုးစားသင့်သည်။သတင်းဦးလျှင်ပြီးရော၊ စာဖတ်သူစိတ်ဝင်စားလျှင်ပြီးရောဆိုပြီး မထည့်သင့်ပါ။ နိုင်ငံအပေါ် အကျိုးသက်ရောက်မှု မည်ကဲ့သို့ဖြစ်နိုင်သည်ကို စဉ်းစားပြီးမှ ထည့်သင့်သည်။

ပြီးခဲ့သည့်အပတ်က ဂျာနယ်တစ်စောင်တွင် ထိုင်းငါးခိုးဖမ်းသည့်သင်္ဘော ဖမ်းမိသည့်အကြောင်း ဖတ်ရသည်။ ဂျာနယ်က ဗန်ကောက်ပို့စ်သတင်းစာက တင်ပြထားသည့်အကြောင်းကိုသာ ရေးထားသည်။ အင်တာနက်မှ ကြည့်ကာ ရေးလိုက်ပုံရသည်။ငါးခိုးဖမ်းသည့်သင်္ဘောမှ မာလိန်မှူးပြောသည့်စကားများကိုလည်း ဖော်ပြလိုက်သေးသည်။ မြန်မာဘက်မှ မည်သည့်သတင်းမှ ယူထားပုံမရ။

အမှန်တကယ်ဖြစ်ရပ်မှာ မြန်မာ့ရေပိုင်နက် ငှက်သိုက်ကျွန်းအနီးဖမ်းမိခြင်းဖြစ်သည်။ငါးခိုးဖမ်းသည့် သင်္ဘောဘက်မှ အဖမ်းမခံဘဲ စတင်ပစ်ခတ်ခဲ့သဖြင့်မြန်မာ့တပ်မတော်(ရေ) မှ လှိုင်းလေကြီးသည့်ကြားမှ အသက်စွန့်ပြီး ကာကွယ်ပစ်ခတ်ဖမ်းဆီးနိုင်ခဲ့၍ လက်နက်နှင့်တကွ ဖမ်းမိနိုင်ခဲ့ခြင်းဖြစ်သည်။ ဥပဒေနှင့်အညီ ငါးဖမ်းသည့် သင်္ဘောဆိုလျှင် လက်နက်ကြီး၊ ငယ် တင်ဆောင်လာစရာအကြောင်းမရှိပါ။ မြန်မာ့ရေပိုင်နက်သို့ ခိုးဝင်ပြီးငါးခိုးဖမ်းသည့်အပြင် လက်နက်နှင့်ပါ ပစ်ခတ်သဖြင့် သူခိုးအဆင့်မှ ဓားပြအဆင့်သို့ပင် ရောက်နေပြီဖြစ်သည်။

ဓားပြအဆင့်ရောက်နေသော မာလိန်မှူးပြောသည့် စကားများကို ထည့်သွင်းဖော်ပြရန်သင့်၊ မသင့်ကို သတင်းထောက်တစ်ဦးအနေနှင့် စဉ်းစားရမည်ဖြစ်သည်။ နိုင်ငံဂုဏ်သိက္ခာကျစေသော အခြေအမြစ်မရှိသည့် စကားများကို မိမိသတင်းပါလျှင် ပြီးရောဆိုပြီး မထည့်သင့်ပါ။ သတင်းစာဆရာဟူသည် သမိုင်းတစ်လျှောက်နာမည်ကောင်းနှင့် ရပ်တည်ခဲ့ကြသူများဖြစ်သည်။ မိမိတစ်ဦးတည်း၏ အတ္တကြောင့် အသင်းအဖွဲ့ပါ သိက္ခာကျသည့် အဖြစ်မျိုးမဖြစ်သင့်ပါ။

မြန်မာပြည်၏ ဒီမိုကရေစီသက်တမ်းသည် နုစ်နုစ်ကျော်လာပြီဖြစ်သည်။ သက်တမ်းနုသေးသဖြင့်လမ်းလျှောက်တတ်ခါစ ကလေးကဲ့သို့ ယိုင်ထိုးယိုင်ထိုးဖြင့် လျှောက်နေရခြင်းဖြစ်သည်။ လိုချင်သည့် ပန်းတိုင်သို့ ဒဏ်ရာအနာတရမရှိဘဲ နုစ်နုစ်သားလေးကောင်းမွန်စွာရောက်အောင် ကြိုးစားရမည့်တာဝန်မှာ အစိုးရတွင်သာမက ပြည်သူပြည်သားတိုင်းတွင် တာဝန်ရှိသည်။ ထို့ကြောင့် သတင်းသမားများကလည်း ခလုတ်တိုက်နိုင်သည့် နေရာရောက်လျှင် သတိပေး၍လည်းကောင်း၊ ဒဏ်ရာရလျှင် အားပေး၍ လည်းကောင်း၊ အမှားလုပ်မိလျှင် စေတနာပါသည့် ဝေဖန်မှုမျိုးဖြင့်လည်းကောင်း နုစ်နုစ်သားလေးကို ကာကွယ်ပြီး မြန်မာပြည်ကြီး ငြိမ်းချမ်းတိုးတက်ရေးအတွက် ပါဝင်ကြပါစို့ဟု တိုက်တွန်းလိုက်ပါသည်။ ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုကော်မတီများ စည်းဝေး

နေပြည်တော် အောက်တိုဘာ ၂

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အထောက်အကူပြုကော်မတီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁ ရက် ညနေ ၃ နာရီတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် မွေးမြူရေး၊ သားငါးကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့်အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၈)ရပ်ပါ ကျန်ရှိသောလုပ်ငန်းစဉ်(၆)ရပ်ကို တာဝန်ယူဆောင်ရွက်နေကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့်လည်း မိမိတို့ Focal Ministry နှင့် ဆက်သွယ်ပူးပေါင်း၍ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အောက်တိုဘာလမှစတင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့ကော်မတီအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှုများကို ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်လုပ်ငန်းစဉ်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ လုပ်ငန်းများ အကျိုးသက်ရောက်မှုမည်မျှရှိသည်ကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်၊ လစ်ဟာချက်များ ထုတ်နုတ်၍ သုံးသပ်အကြံပြုချက်များ ဆွေးနွေးပြောကြားပေးရန် လိုအပ်ကြောင်း၊ အထောက်အကူပြုကော်မတီဝန်ကြီးဌာနများအနေဖြင့် လပေါင်း ၂၉ လသာ ကျန်ရှိတော့သည့် ကာလအတွင်း လုပ်ငန်းစဉ်(၈)ရပ်ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်အတွက် အထောက်အကူပြုကော်မတီအလိုက် အားနည်းချက်၊ အားသာချက် အဓိကထားဆောင်ရွက်သွားရမည့် အပိုင်းများအား အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထောက်အကူပြုကော်မတီအလိုက် တာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းစဉ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်အကြံပြုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်း လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရေဇလာဦးသမငါးမွေးမြူရေးလုပ်ငန်းအဖွဲ့မှ ဝန်ကြီးဌာနသို့ ပေးဆပ်ရန်ကျန်ရှိသည့်ငွေများအား ဒီဇင်ဘာလအပြီး ပေးသွင်းကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် မဖြစ်မနေပေးချေကြရမှာဖြစ်ကြောင်း၊ ဝန်ကြီးဌာနသို့ ပေးဆပ်ရန်ကျန်ရှိသည့် ငွေများ အမြန်ဆုံးပေးဆပ်နိုင်ရေးအတွက် မိမိတို့လုပ်ငန်းများအလိုက် စဉ်းစားဆုံးဖြတ်၊ တိုင်ပင်ဆွေးနွေးတင်ပြကြစေလိုကြောင်း၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ သားငါးစားသုံးမှုတိုးတက်မြင့်မားစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရေး ငါးမွေးမြူရေး တိုးချဲ့လုပ်ကိုင်သွားခြင်းဖြင့် ပြည်သူအများ သားငါးစားသုံးမှုမြင့်မားလာပြီး သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာကာ ကြွေးကျန်ငွေများပြန်လည် ပေးဆပ်နိုင်သည့်အပြင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကိုပါ များစွာ အထောက်အကူပြုစေမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရေဇလာဦးသမငါးမွေးမြူရေးလုပ်ငန်းအဖွဲ့မှ အသင်းဝင်များက ငါးမွေးမြူထားမှုများ၊ ငါးမွေးမြူရေး ထပ်မံတိုးချဲ့ရန် ဆောင်ရွက်နေမှုနှင့် ဝန်ကြီးဌာနသို့ ပေးသွင်းရန် ကြွေးကျန်ငွေများ အမြန်ဆုံး ပြန်လည်ပေးဆပ်နိုင်ရေး စီစဉ်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် စစ်ဘေးရှောင်ဒေသတွင် အလှူငွေများလှူဒါန်း

မန်စီ အောက်တိုဘာ ၂

ကချင်ပြည်နယ်ဒေသတွင် လပေါင်း ၃၃ လအတွင်း ဖြစ်ပွားခဲ့သော အပြန်အလှန် ပစ်ခတ်မှုတိုက်ပွဲများကြောင့် နေရပ်သို့ မပြန်နိုင်ဘဲ မန်စီမြို့နယ်နှင့် မန်ဝိန်းကြီးကျေးရွာရှိ ယာယီစစ်ဘေးရှောင်ဒုက္ခသည်စခန်း နှစ်ခု၌ ယနေ့တိုင်ရှိနေသောစစ်ဘေးဒုက္ခသည် သွေးချင်းတိုင်းရင်းသား ၉၀၀ ကျော် မိသားစုအတွက် အလှူငွေကျပ် သိန်း ၈၀ နှင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ငွေကျပ်သိန်း ၇၀ ကျော်အား ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် မန်စီမြို့နယ် နှစ်ခြင်းအသင်းတော်စခန်း၌ပြုလုပ်ရာ မန်စီမြို့နယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်း မိသားစုက တက်ရောက်လှူဒါန်းခဲ့သည်။ **(ယာပုံ)**

အလှူငွေပေးအပ်ပွဲတွင် မန်စီမြို့နယ် နှစ်ခြင်းအသင်းတော် ယာယီစစ်ဘေးရှောင် ဒုက္ခသည်စခန်းရှိ မိသားစု ၄၀၀ ကျော်အတွက် ငွေကျပ်သိန်း ၄၀၊ မန်ဝိန်းကြီးကျေးရွာ ယာယီစစ်ဘေးရှောင်စခန်းမိသားစု ၅၀၀ ကျော် အတွက် ငွေကျပ်သိန်း ၄၀၊ မန်စီမြို့နယ်၌ ဆက်စပ်ကျေးရွာ ကျေးလက်ဒေသပညာရေး၊ ကျန်းမာရေး၊ ဖွံ့ဖြိုးရေး ရန်ပုံငွေ၊ လပေါင်း ၃၃ လအတွင်း စစ်ဘေးရှောင် စခန်းနှစ်ခုတွင် ကိုယ်ဝန်များလွယ်၍ ထွက်ပြေးတိမ်းရှောင်ခဲ့ရသော ယာယီစခန်းရှိ သားသမီးများ မွေးဖွားခဲ့ကြသည့် မိခင် ၁၈ ဦးနှင့် မန်စီနှစ်ခြင်းအသင်းတော် အပါအဝင် အလှူငွေကျပ် ၂၂သိန်းနှင့် မန်စီမြို့နယ် လွှတ်တော်ရုံးခွဲအဆောက်အအုံ တည်ဆောက်ရေးအတွက် ကနဦးမတည်ငွေ ကျပ်သိန်း ၅၀ ကို သက်ဆိုင်ရာ တာဝန်ရှိသူများအား မန်စီမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးထွန်းထွန်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

ယခုလိုကာလတွင် စွန့်စွန့်စားစား မန်စီမြို့နယ်သို့ နှစ်ကြိမ်တိုင်တိုင် လာရောက်လှူဒါန်းပေးသည့်အတွက် ယာယီစစ်ဘေးရှောင် သွေးချင်းတိုင်းရင်းသားမိသားစုများက ထာဝရ ကျေးဇူးတင်လျက်ရှိနေမည် ဖြစ်ကြောင်း မန်စီမြို့နယ် နှစ်ခြင်းအသင်းတော်စခန်း အတွင်းရေးမှူး ဆရာဦးလခန်ထူးက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

(စောသိန်းဝင်း)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

3s Service ဖြင့် မြန်မာ့ကားဈေးကွက်ကို ထိုးဖောက်ရန် ပြင်ဆင်နေသည့် ကမ္ဘာ့တော့ပ်တန်းဝင် Ford ကားများ

သတင်း - ဖြိုးစန္ဒာမြင့်
ဓာတ်ပုံ - မေသကြိန်

ယနေ့ခေတ် ပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပွင့်လင်းမြင်သာမှုရှိလာသောကာလ၌ မြန်မာနိုင်ငံ အစိုးရက မော်ဒယ်လ်မြင့် မော်တော်ကားသစ်များစွာကို တင်သွင်းခွင့်ပြုခဲ့သဖြင့် ပြည်သူများအနေဖြင့်လည်း ကားအသစ်များ၏ အရသာသစ်များကို ခံစားခွင့်ရရှိခဲ့ကြပြီး ကားဝယ်ယူအသုံးပြုသူများလည်း တစ်နေ့တခြားတိုးပွားလာလျက်ရှိနေသည်။

ထိုသို့ မော်ဒယ်လ်မြင့် ကားသစ်များ၏ အရသာကို ပြည်သူများ ပြည့်ပြည့်ဝဝခံစားနိုင်ရန် Capital Automotive လီမိတက်မှ ကမ္ဘာ့သက်တမ်းအရှည်ဆုံးနှင့် ကမ္ဘာ့တော့ပ်တန်းဝင် ကားအမျိုးအစားတစ်ခုဖြစ်ပြီး ဆီစားသက်သာကာ အကြမ်းခံသည့် Ford ကားများကို မြန်မာပြည်ကားဈေးကွက်နှင့် ထပ်မံမိတ်ဆက်ပေးခဲ့ပြန်သည်။

အဆိုပါ Ford ကားများ တင်သွင်းခြင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပခဲ့ရာ Capital Automotive လီမိတက်မှ Ford ကားများကို မြန်မာနိုင်ငံ၏ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဧပြီ ၃၀ ရက်က ရရှိခဲ့ပြီး အပိုပစ္စည်းဝယ်ယူမှုအခက်အခဲများ ကင်းဝေးစေရန်အတွက် မြန်မာနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ 3s Service ဖြစ်သည့် Sale, Service and Spare Parts စနစ်များဖြင့် ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီစားသက်သာပြီး ဈေးနှုန်းချိုသာသည့် Ford ကားများနှင့်ပတ်သက်ပြီး Capital Automotive လီမိတက်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ထွန်းက "Ford ကားအရောင်းပြခန်းကို အောက်တိုဘာ ၄ ရက်တွင် ရန်ကုန်မှာ ကျင်းပမှာဖြစ်ပါတယ်။ ဒီပွဲ မတိုင်မီမှာ Ford Product တွေကို ပြည်သူတွေကို မိတ်ဆက်အသိပေးတဲ့အနေနဲ့ရော အစိုးရရဲ့ ပြည်သူ့အကျိုးပြု ပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွေကို အစွမ်းကုန်ကြိုးစား အားထုတ်လုပ်ကိုင်နေခြင်းအတွက် နိုင်ငံတော်အစိုးရအဖွဲ့ကို ဂုဏ်ပြုတဲ့အနေနဲ့ Ford ကားသစ်တစ်စီးလှူဒါန်းတဲ့အခမ်းအနားဖြစ်ပါတယ်" ဟု ရည်ရွယ်ချက်ကို ဦးစွာ ရှင်းပြသည်။

ဆက်လက်ပြီး "စီးပွားရေးလမ်းကြောင်းတွေ ပွင့်လင်းလာတော့ ကျွန်တော်တို့ဝါသနာပါတဲ့ ကားလုပ်ငန်းလုပ်ကိုင်ဖို့ စီစဉ်တဲ့အခါ တိုင်းပြည်နဲ့အဆင်ပြေမယ့်၊ အကြမ်းခံမယ့်၊ ဆီစားနှုန်းလည်းသက်သာပြီးတော့ တကယ့်ကို အသုံးတည့်တဲ့ ကားအမျိုးအစားကို ရွေးချယ်တဲ့အခါ Ford က ထိပ်ဆုံးကနေ ရွေးချယ်စရာတစ်ခု ဖြစ်လာခဲ့ပါတယ်။ ဆီ အနေအထားအရရော၊ မြန်မာပြည်ရဲ့ လမ်းအနေအထားအရရော Ford က အများကြီး သင့်တော်ပါတယ်။ Ford က လွန်ခဲ့တဲ့ လေးနှစ်လောက်ကတည်းက နည်းပညာအသစ်နဲ့ သုတေသနလုပ်ထားပြီးတော့ ၂၀၁၃ မှာထုတ်တဲ့ Product တွေဟာဆိုရင် အင်ဂျင်သေးသေးနဲ့ မြင်းကောင်ရေအားများများ၊ ရုန်းကန်အားများများနဲ့ ဆီစားနှုန်း သက်သာစွာ မောင်းနှင်နိုင်မယ့် နည်းပညာသစ်နဲ့ ထုတ်လုပ်ထားတဲ့ မော်ဒယ်လ်တွေလည်း တော်တော်များပါတယ်"ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။



ဦးခင်ထွန်း
(ဦးဆောင်ညွှန်ကြားရေးမှူး၊ Capital Automotive လီမိတက်)

ဆက်လက်ပြီး မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရရှိလာမှုအပေါ် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လှဲ့လှဲ့သိန်းက "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု များလာမယ်ဆိုရင် တိုင်းပြည်အတွက် လုပ်ရကိုင်ရတာ ပိုကောင်းလာမယ်။ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှု များလာလေလေ တိုင်းပြည်ရဲ့ စီးပွားရေး ပိုမိုဖွံ့ဖြိုးလာလေဖြစ်မယ်လို့ မြင်ပါတယ်"ဟု ၎င်း၏ အမြင်ကို သုံးသပ်ပြောကြားခဲ့သည်။

ထို့ပြင် "လက်ရှိအချိန်မှာဆိုရင် နိုင်ငံဟာ အားလုံးပြောင်းလဲခဲ့ပြီ။ တံခါးတွေလည်း ပွင့်လာပြီဖြစ်တဲ့အတွက် နိုင်ငံအားလုံးကလည်း ကြိုဆိုကြတယ်။ အားလုံးကလည်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ ဟန်ပြင်နေကြတယ်။ အချို့ဆိုရင် လာပြီး ရင်းနှီးမြှုပ်နှံမှုတွေလုပ်နေကြပြီဖြစ်ပါတယ်။ ဒါတွေက ကောင်းတဲ့အလားအလာတွေပါ။ ဒီထက် ပိုပြီးကောင်းလာဖို့ ဖြေလျှော့မှုတွေကိုလည်း ဆောင်ရွက်နေပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေတွေထုတ်ပြီးတော့လည်း ဆောင်ရွက်နေပါတယ်" ဟု အဆိုပါအခမ်းအနားတွင် ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများသည် ၂၀၁၁-၂၀၁၂-၂၀၁၃ ခုနှစ်များတွင် နှစ်စဉ်တိုးတက်မှု ရှိလာခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပိုင်းများတွင် သိသိသာသာတိုးတက်လာခဲ့ပါသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ပြည်တွင်းသို့ စီးဝင်လာသည်မှာ မှန်သော်လည်း နိုင်ငံတော်၊ ပြည်သူ၊ ပုဂ္ဂလိကနှင့် နိုင်ငံပိုင်ကဏ္ဍ စတဲ့ အားလုံးက ဝိုင်းဝန်းကြိုးစားမှသာ မျှော်မှန်းထားသည့် ပန်းတိုင်တစ်ခုသို့ ရောက်ရှိလာမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍရော၊ နိုင်ငံသားရော အားလုံးအဆင်ပြေအောင် ဖြေလျှော့မှုများပြုလုပ်ပေးနေသည့်အတွက် တဖြည်းဖြည်းနှင့် ပိုပြီးကောင်းလာမည်ဖြစ်ကြောင်း စီမံ/စီးပွားဌာနမှ သိရသည်။

အဆိုပါ Ford ကားများသည် တစ်ချိန်က မြန်မာပြည်တွင် အသုံးပြုခဲ့ကြသော်လည်း ယနေ့ခေတ် လူနေမှုစနစ်နှင့် လိုက်လျောညီထွေသည့် နည်းပညာသစ်များဖြင့် ပြုပြင်ဖန်တီးထားသည့် Ford Product များကို ယနေ့ ကားဈေးကွက်တွင် တွင်ကျယ်စွာ အသုံးပြုနေသည့် ကားအမျိုးအစားများနှင့် နှိုင်းယှဉ်ပါက ဈေးနှုန်းသက်သာမှု၊ ဆီစားနှုန်းသက်သာမှု၊ လူတန်းစားမရွေး အသုံးပြုနိုင်မှု စသည်တို့ အမှန်တကယ် အဆင်ပြေ ချောမွေ့နိုင်မည်လား ဆိုသည်ကိုတော့ ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်သော ဒီမိုကရေစီစနစ်သစ်နှင့်အညီ မြန်မာနိုင်ငံတွင် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများ တစ်စတစ်စ တိုးတက်လာသည်နှင့်အမျှ အခြေခံလူတန်းစားတို့၏ ဘဝနှင့် လူနေမှုစနစ်များ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး စသည်တို့ပါ ကောင်းမွန်လာပြီး မြန်မာ့ပုံရိပ်သည်လည်း ကမ္ဘာ့အလယ်တွင် ပိုမိုတင့်တယ်နိုင်မည်ဖြစ်ကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

မဖ္ဈိမဒေသ ကထိန်သင်္ကန်းလှူဒါန်းနိုင်

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ် ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော်အပါး ၃၇၀ နှင့် ဝေးလံခေါင်းပါးသော အာသံ-တြိပူရ-မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော် ၄၂၈ ပါး တို့အတွက် မဇ္ဈိမဒေသ (၃၆)ကြိမ်မြောက် ကထိန်သင်္ကန်းများကို ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက် နောက်ဆုံးထား၍ အောက်ပါတယ်လီဖုန်းအမှတ်နှင့် လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ❖ မဇ္ဈိမဒေသ သာသနာပြုအဖွဲ့
  အမှတ် (၁၃-က)၊ ငါးထပ်ကြီးဘုရားလမ်း၊
  (ရုပ်ရှင်အစည်းအရုံးအနီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃
- ❖ ဗုဒ္ဓမမ္မဒါန စေတနာရှင်များအဖွဲ့(ရွှေမြင်တင် ဦးညို)
  အမှတ်(၁၂)၊ မြို့သစ် (၁)လမ်း၊ ကျောက်မြောင်း၊
  တာမွေမြို့နယ်၊ ရန်ကုန်မြို့။
  ၀၁-၅၄၂၂၃၆
- ❖ ဒါန ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့
  YUZANA BUSINESS TOWER (အခန်း-၃၀၃)၊ ၃-လွှာ၊
  ဓာတ်လှေကားအမှတ်(၂)၊
  ဓမ္မစေတီလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
  ၀၁-၅၃၆၃၄၈၊ ၀၁-၅၃၇၄၀၇၊ ၀၁-၅၃၇၇၀၈

လူပျောက်



အထက်ပါ ဓာတ်ပုံရှင် ဖိုးသူတော် ဖိုးပညိန္ဒသည် ၂၄-၉-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီခန့်က ကမ္ဘာအေးစေတီလမ်းမပေါ်၌ ပျောက်ဆုံးသွားခဲ့ပါသဖြင့် တွေ့ရှိပါက အမြန်ဆုံး ဆက်သွယ်ကြပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည်။
ဖုန်း-၀၉-၄၄၀၀၀၀၇၁၃၊
၀၉-၃၃၀၁၄၁၈၄၊ ၀၉-၂၅၀၁၆၀၃၁၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ရွှေမြို့မွေးမြူရေးဇုန်ရှိ FMD ဓာတ်ခွဲခန်းအပါအဝင် အလျား (၂)မိုင်အား ကွန်ကရစ်ကျောက်တိုင်၊ သံဆူးကြိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာများထံမှ တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၁၃-၁၀-၂၀၁၃ရက်၊ ၁၆း၃၀နာရီ
နေရာ	- မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဖုန်း-၀၆၇-၄၀၈၄၆၄၊ ၀၆၇-၄၀၈၂၁၉





The Hunger Games ဇာတ်ကားတိုင်းတွင် ပါဝင်ရန် ဆန္ဒပြုထားသည့် ဂျနီဖာလောရန့်စ်

အော်စကာဆုရှင် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး ဂျနီဖာလောရန့်စ်က နိုဝင်ဘာလအတွင်း ထွက်ရှိလာမည့် The Hunger Games: Catching Fire ဇာတ်ကားတွင် Katniss Everdeen အဖြစ် ပါဝင်သရုပ်ဆောင်ထားရခြင်းအပေါ် ကျေနပ်မိပါကြောင်းနှင့် Hunger Games ၏နောက်ဆက်တွဲဇာတ်ကားများတွင်လည်း ဆက်တိုက်ပါဝင်နိုင်ရန် ဆန္ဒပြုထားကြောင်းသိရသည်။

အသက်(၂၃)နှစ်အရွယ် မင်းသမီး ဂျနီဖာလောရန့်စ်က Hunger Games ဇာတ်လမ်းတွဲများသည် တစ်ကားနှင့် တစ်ကား သရုပ်ဆောင်ပိုင်းတွင် ပိုမိုနက်နဲမှုရှိလာကြောင်း၊ ဇာတ်ကားအစပိုင်းတွင် သရုပ်ဆောင်မှုအပိုင်းအတွက် စိုးရိမ်မှုများရှိခဲ့သည်မှာ မှန်သော်လည်း နောက်ပိုင်းတွင် Katniss Everdeen အဖြစ် သရုပ်ဆောင်ရခြင်းကို နှစ်သက်လာမိပါကြောင်း၊ သို့သော် ယင်းဇာတ်ကားတွင် တစ်ချိန်လုံး ဆံပင်ကျစ်ထားရသည်ကိုတော့ စိတ်ပျက်မိပါကြောင်း ဗြိတိန်နိုင်ငံထုတ် အင်ပါယာ ရုပ်ရှင်မဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

Hunger Games ဇာတ်ကားတွင် Katniss သည် သူ၏ လေးနှင့်မြားကျွမ်းကျင်မှုကြောင့် ဂုဏ်သတင်းကျော်စော ပြီးသားဖြစ်ကြောင်း၊ ယခု ဇာတ်ကားသစ်တွင်လည်း စာရေးဆရာ Suzanne Collins ၏ ဝတ္ထုကို အခြေခံထားပြီး သရုပ်ဆောင်ပိုင်းတွင်လည်း ပိုမိုနက်နဲစွာသရုပ်ဆောင်ရမည့် ဇာတ်ကားတစ်ကားဖြစ်ကြောင်းနှင့် နောက်ဇာတ်ကားများတွင် ဇာတ်ကောင်၏ ဆံပင်ပုံစံ ပြောင်းလဲပေးပါရန် ၎င်းအနေဖြင့် အကြံပြုလိုကြောင်း ဂျနီဖာလောရန့်စ်က ထည့်သွင်းပြောကြားခဲ့သည်။

မာနကြီးသော သူဌေးသားတစ်ဦးအဖြစ် ထပ်မံမြင်တွေ့ရဦးမည့် vDf[k

မကြာမီထုတ်လွှင့်ပြသမည့် The Heirs ဒရာမာဇာတ်ကားတွင် တောင်ကိုရီးယားရုပ်ရှင် သရုပ်ဆောင် လီမင်ဟိုက လော့စ်အိန်ဂျလိစ်၌ တက္ကသိုလ်တက်နေသည့် ကျောင်းသားတစ်ဦး ဖြစ်ကာ မာနကြီးပြီးစိတ်ကြီးဝင်နေသည့် အင်ပါယာကုမ္ပဏီအဖွဲ့၏ တစ်ဦးတည်းသော အမွေ ဆက်ခံသူ ကင်မ်တန်အဖြစ် ထပ်မံမြင်တွေ့ရဦးမည်ဖြစ်သည်။

လူငယ်ကြိုက် ဒရာမာဇာတ်ကားတစ်ကားဖြစ်သည့် အဆိုပါ The Heirs ဇာတ်ကားသည် ပညာပေး အချစ်ဒရာမာ ဇာတ်မြူးကားတစ်ကားဖြစ်ပြီး ယင်းဇာတ်ကားတွင် လီမင်ဟိုနှင့်အတူ မင်းသမီး ပတ်ရှင်ဟေးလည်း ပါဝင်အားဖြည့်ထားသည်။ ကင်မ်တန်သည် ချမ်းသာသောအသိုင်းအဝိုင်းမှ မွေးဖွားလာသူဖြစ်သည့်အတွက် နေရာတိုင်းလိုလို အထက်စီးမှ ဆက်ဆံလေ့ရှိ သူတစ်ဦးအဖြစ် ပါဝင်ထားသည်။ ကင်မ်တန်၏ အစ်ကိုဝမ်းကွဲတစ်ဦးဖြစ်သူ ကင်မ်ဝမ်မှာ အင်ပါယာမိသားစု၏ စီးပွားရေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်နေသူတစ်ဦးဖြစ်ပြီး ၎င်းတို့ နှစ်ဦးက ၎င်းတို့အိမ်ရှိ ဆင်းရဲချို့တဲ့သည့် အိမ်အကူတစ်ဦး၏သမီးကို မေတ္တာမျှမိသည့် သုံးပွင့်ဆိုင်အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

ဖြိုးစန္ဒာမြင့် - စုစည်းရေးသားသည်

နည်းပညာ

ALEZ

အီလက်ထရွန်နစ်မောင်းနှင်မှုနည်းပညာဖြင့် ရေပေါ်တွင်ပြေးပြီးမည့် Benz AMG G63

စီးကရက်ပြိုင်ပွဲဝင် အသင်း (Cigarette Racing Team)ဟု ခပ်ဆန်းဆန်းအမည်ဖြင့် စက်တပ်ရေယာဉ်ပြိုင်ပွဲဝင်အသင်းအတွက် ပိုမိုကောင်းမွန်ပြီး ဆန်းသစ်သည့် နည်းပညာဖြင့် ပြိုင်ပွဲဝင်ရေယာဉ်တစ်စင်းကို လွန်ခဲ့သော ရက်သတ္တပတ်ခန့်က မီယာမီနိုင်ငံတကာ ခေတ်မီရွက်လှေနှင့် စက်တပ်ရေယာဉ်ပြပွဲတွင် ပွဲထုတ်ပြသပေးခဲ့သည်။

အဆိုပါရေယာဉ်ကို နာမည်ကျော်ကားနှင့် အင်ဂျင်စက်အပိုပစ္စည်းအများအပြား ထုတ်လုပ်ရောင်းချလျက်ရှိသည့် Mercedes Benz လုပ်ငန်းစုမှ တည်ဆောက်ဖန်တီးပေးခဲ့ခြင်းဖြစ်သည်ဟု အဆိုပါအားကစားအသင်း ပြန်ကြားရေးစာမျက်နှာတွင် တွေ့ရှိရသည်။ Benz လုပ်ငန်းစုနှင့် အဆိုပါရေယာဉ်အားကစားအသင်းတို့ပူးပေါင်းကာ ယခင်ကလည်း ရွက်လှေများနှင့် စက်တပ်ရေယာဉ်အများအပြား တည်ဆောက်ထုတ်လုပ်မှုများရှိခဲ့ရာ ယခုအခါ တစ်မူထူးခြားစွာဖြင့် အီလက်ထရွန်နစ်မောင်းနှင်မှု နည်းပညာထည့်သွင်းတပ်ဆင် တည်ဆောက်ထားသည်ဟု သိရသည်။ အမေရိကန်နိုင်ငံ မီယာမီကမ်းခြေတွင် ကျင်းပလေ့ရှိသော စက်တပ်ရေယာဉ်ပြိုင်ပွဲများတွင် ဆုများ အကြိမ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သည့် အဆိုပါ အားကစားအသင်းအတွက် ယခု တည်ဆောက်ပေးလိုက်သည့် ရေယာဉ်မှာ ရေပေါ်တွင် တစ်နာရီ ရေမိုင် 130 Mph ခန့် မောင်းနှင်နိုင်မည်ဖြစ်ပြီး မြင်းကောင်ရေ ၁၈၅ ကောင်မှ မြင်းကောင်ရေ ၂၂၂၀ အထိ စွမ်းအင်ရရှိနိုင်သော အီလက်ထရွန်နစ်မော်တာ ခြောက်လုံး တပ်ဆင်ထားသည်ဟုသိရသည်။

ပေါ့ပါးသော သတ္တုစပ်ကိုယ်ထည်နှင့် ကြံ့ခိုင်သော Gear Box စနစ် ပါဝင်ပြီး ဒစ်ဂျစ်တယ်ရေကြောင်းလမ်းညွှန်ကိရိယာ တပ်ဆင်ပေးထားကာ ထိန်းချုပ်မောင်းနှင်မှုဆိုင်ရာ လိုအပ်သောခလုတ်ခုံနှင့် အတွင်းပိုင်းတွင် သပ်ရပ်ခံ့ညားမှုရှိသည်ဟု သိရသည်။ ကာဗွန်-ဖိုက်ဘာသုံး ပေါ့ပါးသပ်ရပ်သောကိုယ်ထည်နှင့် အီလက်ထရွန်နစ်မော်တာခြောက်လုံး တပ်ဆင်ထားသော အဆိုပါရေယာဉ်သည် ပြိုင်ပွဲအတွင်း ပြိုင်ဘက်ရေယာဉ်များကို ကျော်ဖြတ် အနိုင်ယူနိုင်လိမ့်မည်ဟု ပရိသတ်များက မီဒီယာစာမျက်နှာများတွင် ရေးသားဖော်ပြမှုများကို တွေ့ရှိရသည်။ လူငါးဦးနှင့် အထက် လိုက်ပါစီးနင်းနိုင်ပြီး စွမ်းအင်ကြီးမားသော အင်ဂျင်စနစ်တပ်ဆင်ပေးထားကာ အားကောင်းသောရေယက် အီလက်ထရွန်နစ်မော်တာခြောက်လုံးအတွက် ဘက်ထရီစနစ်ပါဝင်မည်ဖြစ်သည်ဟု သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန
ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ
ဖဲကြိုးနှင့်ဆုတံဆိပ်ထည့်ဘူးများ ဝယ်ယူရေးတင်ဒါခေါ်ယူခြင်းကိစ္စ

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်းများအလိုက် ဆုရရှိသော အားကစားသမားများအား ဆုချီးမြှင့်မည့် ဆုတံဆိပ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က)	ရွှေတံဆိပ်	(၁၃၃၁)ခု
(ခ)	ငွေတံဆိပ်	(၁၃၃၁)ခု
(ဂ)	ကြေးတံဆိပ်	(၁၆၈၈) ခု
	စုစုပေါင်း	(၄၃၅၀)ခု

၂။ အဆိုပါ ဆုတံဆိပ်များတွင် တပ်ဆင်အသုံးပြုနိုင်ရန်အတွက် ဆုတံဆိပ်တစ်ခုလျှင် ဝါ၊ စိမ်း၊ နီ(၃)ရောင်ပါ ဖဲကြိုးနှင့် ဆုတံဆိပ်များထည့်သွင်းရန်အတွက် အနီရောင်ဆုတံဆိပ်ထည့်ဘူး(၄၃၅၀) ဘူးအတွက် တင်ဒါခေါ် ဝယ်ယူလိုပါသည်။ အသေးစိတ်အတိုင်းအတာအရွယ်အစားများမှာ တင်ဒါလမ်းညွှန်ချက်အဖြစ် တင်ဒါပုံစံဝယ်ယူရာတွင် ပါရှိပါမည်။

၃။ အထက်ပါ ဖဲကြိုးနှင့်ဆုထည့်ဘူးတင်ဒါပုံစံများအား ၇-၁၀-၂၀၁၃ ရက်မှစတင်၍ ၁၁-၁၀-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်နှင့် အမှတ်-၅၉/၆၁၊ ကုန်သည်လမ်းနှင့်ပန်းဆိုးတန်းလမ်းထောင့်၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး၊ ရန်ကုန်မြို့တွင် ရောင်းချပေးမည်ဖြစ်ပြီး ၁၆-၁၀-၂၀၁၃ ရက်တွင် နောက်ဆုံးထား၍ တင်ဒါလျှောက်လွှာဝယ်ယူရာ နေရာအသီးသီးသို့ပြန်လည်တင်သွင်းရန်နှင့် တင်ဒါဖွင့်ဖောက်စိစစ်ခြင်းကို ၁၇-၁၀-၂၀၁၃ ရက်တွင် ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်၌ ဆောင်ရွက်မည်ဖြစ်ပြီး ၁၈-၁၀-၂၀၁၃ ရက်တွင် တင်ဒါအောင်မြင်သူ အမည်စာရင်းအား ထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၃၊ ၀၆၇-၄၃၀၀၇၁ နှင့် ၀၆၇-၄၃၀၀၇၃ တို့ထံ စုံစမ်း၍ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်(၅၀၀၀)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

အတွင်းရေးမှူး
ဘဏ္ဍာငွေရှာဖွေထိန်းသိမ်းရေးနှင့် ဆုချီးမြှင့်ရေးကော်မတီ
(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

စီးရီးအေရင်ခုန်သံ(၇)

စီးရီးအေပွဲစဉ်(၇)ကို အောက်တိုဘာ ၅၊ ၆၊ ၇ ရက်တွေမှာ ကျင်းပသွားဖို့ရှိပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေဖြစ်တဲ့ အင်တာနဲ့ ရိုးမား၊ ဂျူဗင်တပ်နဲ့ အေစီမီလန်တို့ ဆုံတွေ့နေလို့ အကြိတ်အနယ်ရှိပြီး စိတ်ဝင်စားဖို့ကောင်းပါတယ်။

ချီယေဗို - အတ္တလန္တာ ည ၁၀း၃၀ (၅-၁၀-၂၀၁၃)

နောက်ဆုံးငါးပွဲမှာ လေးပွဲရှုံးခဲ့တဲ့ ချီယေဗိုရဲ့ခြေက အားပျော့လွန်းတယ်။ အထူးသဖြင့် တိုက်စစ်ကတစ်ပွဲတစ်ဂိုး ရဖို့တောင်ရုန်းကန်နေရတယ်။ ဒါပေမယ့် အတ္တလန္တာရဲ့ ခြေကလည်း အားနည်းမှုအချို့ရှိနေကာ ချီယေဗိုကအိမ်ကွင်း အားရှိတယ်။

အင်တာ - ရိုးမား နံနက် ၁း၁၅ (၆-၁၀-၂၀၁၃)

အခုနောက်ပိုင်းမှာ ဂိုးသွင်းအားကျလာတဲ့ အင်တာ မီလန်ရဲ့တိုက်စစ်က ကျစ်လျစ်မှုအပြည့်ရှိတဲ့ ရိုးမားခံစစ် ကြောင်းကို ကျော်ဖြတ်နိုင်ပ့ါမလား။ အင်တာမီလန်မှာ အိမ်ကွင်းအားရှိတာမှန်ပေမယ့် ရိုးမားရဲ့ခြေက တိုက်စစ်နဲ့ ခံစစ်မျှတလွန်းတယ်။

ပါးမား - ဆာစူအိုလို ညနေ ၅း၀၀ (၆-၁၀-၂၀၁၃)

နှစ်ပွဲဆက်သရေကျခဲ့တဲ့ ဆာစူအိုလိုရဲ့ခြေမဆိုးဘူး။ ဒါပေမယ့် အဝေးကွင်းမှာ ပါးမားကိုတုံ့ပြန်နိုင်တဲ့တိုက်စစ် အားမျိုးမရှိဘူး။ ပါးမားက ခြေသာမန်သာရှိပေမယ့် နှစ်ပွဲဆက်မရှုံးဘဲ ကစားပုံတက်လာသလို အိမ်ကွင်း အားလည်းရှိတယ်။

ဘိုလော့ဂ်နာ - ဗီရိုနာ ည ၇း၃၀ (၆-၁၀-၂၀၁၃)

တန်းဆင်းဇုန်ထဲရောက်နေတဲ့ ဘိုလော့ဂ်နာခြေက အားပျော့မှုတွေများတယ်။အထူးသဖြင့် ခံစစ်ကကျစ်လျစ်မှု လုံးဝမရှိဘူး။ ဗီရိုနာကနောက်ဆုံးလေးပွဲမှာ အရှုံးတစ်ပွဲသာ ရှိတယ်။ ဘိုလော့ဂ်နာရဲ့အိမ်ကွင်းဖြစ်ပေမယ့် ဗီရိုနာ ကပ်နိုင်ခြေရှိနေတယ်။

ကာတာနီးယား - ဂျီနိုအာ ည ၇း၃၀ (၆-၁၀-၂၀၁၃)

ကာတာနီးယားကနိုင်ပွဲစရခဲ့ပြီဆိုပေမယ့် တိုက်စစ် ပိုင်းကတော့ ဂိုးသွင်းခြေမငြိမ်သေးဘူး။ ဒါပေမယ့် အိမ်ကွင်း ဖြစ်တဲ့အပြင် ဂျီနိုအာကလည်း နောက်ဆုံးသုံးပွဲဆက် အနိုင်မရဘဲ ခြေစွမ်းပိုင်းကျဆင်းနေတယ်။

နာပိုလီ - လီဗော်နို ည ၇း၃၀ (၆-၁၀-၂၀၁၃)

နာပိုလီကိုယှဉ်နိုင်လောက်တဲ့အား လီဗော်နိုမှာမရှိဘူး။ နောက်ဆုံးသုံးပွဲဆက်ရှုံးထားတဲ့အပြင် လီဗော်နိုရဲ့ခံစစ်က လည်း ကျစ်လျစ်မှုအားနည်းတာကြောင့် နာပိုလီရဲ့တိုက် စစ်ကိုထိန်းဖို့အခက်အခဲရှိလာမှာပါ။ နာပိုလီရဲ့အိမ်ကွင်း လည်းဖြစ်လို့ နာပိုလီပဲအနိမ့်ဆုံးနှစ်ဂိုးအသာလောက်နဲ့ အနိုင်ရမယ်။

ဆမ်ဒိုးရီးယား - တိုရီနို ည ၇း၃၀ (၆-၁၀-၂၀၁၃)

တန်းဆင်းဇုန်ထဲရောက်နေပြီး အခုအချိန်အထိ နိုင်ပွဲမရသေးတဲ့ ဆမ်ဒိုးရီးယားခြေက အားပျော့မှုတွေများ တယ်။ ဒါပေမယ့် တိုရီနိုကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲတည်းနိုင်တယ်။ ကစားပုံအရ တိုရီနိုသာပေမယ့် ဆမ်ဒိုးရီးယားကွင်းဖြစ်နေတာ သတိပြုရမယ်။

အူဒီးနီးစ် - ကယ်ဂလီယာရီ ည ၇း၃၀ (၆-၁၀-၂၀၁၃)

အူဒီးနီးစ်ရဲ့ခြေကမငြိမ်ဘူး။ နောက်ဆုံးလေးပွဲမှာ တစ်ပွဲသာအနိုင်ရတယ်။ ဒါပေမယ့် အိမ်ကွင်းမှာတော့ အရှုံးမရှိသေးဘူး။ ကယ်ဂလီယာရီကလည်း အဝေးကွင်း ပွဲစဉ်တွေမှာ အနိုင်မရသေးဘူး။ နောက်ဆုံး ငါးပွဲဆက်တိုက် လည်း အနိုင်ပျောက်ခဲ့တာဆိုတော့ အူဒီးနီးစ်နဲ့ပဲ အရဲစွန့်မယ်။

ဂျူဗင်တပ် - အေစီမီလန် နံနက် ၁း၁၅ (၇-၁၀-၂၀၁၃)

တိုက်စစ်အပြောင်းအလဲကြားမှာ ဂျူဗင်တပ်ရဲ့ဂိုးသွင်း ခြေက အားနည်းနေတယ်။ ဒီပွဲမှာလည်း တီဗက်ဇ်ပါဝင်ဖို့ မသေချာတာကြောင့် ပိုပြီးထိုးဖောက်အား ကျဆင်းနိုင် တယ်။ အေစီမီလန်ကလည်း လက်ရှိအချိန်မှာခြေမငြိမ်သလို ဂိုးသွင်းခြေကလည်း ကျဆင်းနေလို့ သရေကျမယ့် အနေ အထားရှိတယ်။

လာဇီယို - ဖီအိုရင်တီးနား နံနက် ၁း၁၅ (၇-၁၀-၂၀၁၃)

ဖီအိုရင်တီးနားရဲ့ခြေအနည်းငယ်ကျလာတယ်။ နောက် ဆုံး သုံးပွဲမှာတစ်ပွဲသာနိုင်တယ်။ လာဇီယိုကတော့အိမ်ကွင်း အားနဲ့ ဖိအားပေးလာမှာဖြစ်သလို နောက်ဆုံးနှစ်ပွဲ ဆက်တိုက် အရှုံးမရှိအောင် ကစားနိုင်ခဲ့တာတွေ့ရတယ်။ ဒါကြောင့် ဖီအိုရင်တီးနားရုန်းကန်ရနိုင်ပြီး လာဇီယို အနိုင်ပုံဖော်လာဖို့ရှိတယ်။

ရှိုင်းမင်းမင်း

ကွင်းလယ်ကစားသမားအိုဇေးလ် အာဆင်နယ်အတွက် ပထမဆုံးဂိုးသွင်းယူ အံ့ဖွယ်ခြေစွမ်းရှိသူဟု အာစင်ဝင်းဂါးချီးကျူး

အာဆင်နယ်အသင်းက နာပိုလီအသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)တွင် ပွဲကစားချိန် ၈ မိနစ်တွင် အာဆင်နယ်အသင်းအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့ပြီး တိုက်စစ်မှူး အိုလီဗာဂီရောက် ဂိုးသွင်းယူနိုင်ရေးအတွက် အကောင်းဆုံးစွမ်းဆောင်ပေးခဲ့သည့် ကွင်းလယ်ကစားသမား အိုဇေးလ်အား အံ့ဖွယ်ခြေစွမ်းရှိသူဟုဆိုကာ အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးက ချီးကျူး စကားပြောကြားခဲ့သည်။ ယင်းပွဲစဉ်တွင် ကွင်းလယ်ကစားသမား အိုဇေးလ် သွင်းယူပေးခဲ့သော အဖွင့်ဂိုးသည် ရီးယဲလ်မက်ဒရစ်အသင်းမှ ပြောင်းရွှေ့ကြေးပေါင် ၄၂ ဒသမ ၅ သန်းဖြင့် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခဲ့ချိန်မှစ၍ အိုဇေးလ်၏ အာဆင်နယ်အသင်းအတွက် ပထမ ဆုံးသွင်းယူပေးနိုင်ခဲ့သည့် သွင်းဂိုးလည်းဖြစ်သည်။

ကွင်းလယ်ကစားသမား အိုဇေးလ်သည် အာဆင်နယ်အသင်းသို့ ရောက်ရှိလာခဲ့ချိန်မှစ၍ အာဆင်နယ်အသင်း၏ တိုက်စစ်မှူးများ ဂိုးသွင်းယူနိုင်ရေးအတွက် အကောင်းဆုံး ဖန်တီးပေးပို့မှုများကို လုပ်ဆောင်နိုင်ခဲ့သူဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားခဲ့သည်။ ထို့အပြင် အိုဇေးလ် ရီးယဲလ်မက်ဒရစ်အသင်း၌ ကစားနေစဉ်ကတည်းက အိုဇေးလ်အား မျက်စိကျနေခဲ့ခြင်းဖြစ်ကြောင်း၊ အိုဇေးလ်အား အမ်းမရိတ်သို့ ခေါ်ယူနိုင်ခဲ့ခြင်းသည်လည်း အာဆင်နယ်အသင်းအတွက် ကံကောင်းခြင်း လက်ဆောင်ဖြစ်ခဲ့ကြောင်း၊ လက်ရှိတွင် အာဆင်နယ်အသင်းအနေဖြင့် ကွင်းလယ်ကစားသမားအိုဇေးလ်၏ အကောင်းမွန်ဆုံးစွမ်းဆောင်ရည်နှင့်အတူ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မာဆေးလ်အသင်းနှင့် နာပိုလီအသင်းတို့ကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စု(F)တွင် ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ကြောင်းနှင့် အာဆင်နယ်အသင်း၏ အဓိက

အရေးပါသောပြိုင်ပွဲမှာ ဒေါ့မွန်အသင်းနှင့်ကစားရမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

ငွေကြယ်

ဘာစီလိုနာ၊ ရှော်လ်ကေးနှင့် အက်သလက်တီကိုတို့ ရှုံးပွဲမရှိစံချိန်ဖြင့် အုပ်စုပထမနေရာများတွင် ဆက်လက်ဦးဆောင်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)ကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်း၊ရှော်လ်ကေးအသင်း၊ အက်သလက်တီကိုမက်ဒရစ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ရှုံးပွဲမရှိစံချိန်များနှင့်အတူ အုပ်စုအသီးသီး၌ အုပ်စုပထမနေရာများကို ဆက်လက်ဦးဆောင်နိုင်ခဲ့ကြသည်။

အုပ်စု(H)တွင် အိုင်းယက်စ်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်နေရာမှ သာမန်ပွဲကစားချိန်ပြည့်၍ နာကျင်အချိန်ပိုကစားချိန်တွင် ရရှိလာသည့် ပင်နယ်တီပြစ်ဒဏ်ဘောကို အေစီမီလန်အသင်း၏ တိုက်စစ်မှူးဘာလော့တယ်လီက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်း ချေပဂိုးရရှိခဲ့ပြီး ပွဲပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ကာ အိုင်းယက်စ်အသင်းနှင့် အေစီမီလန်အသင်းတို့ တစ်မှတ်စီခွဲယူနိုင်ခဲ့သည်။

အုပ်စု(F)၏ ပွဲစဉ်တစ်ခုဖြစ်သည့် ဒေါ့မွန်အသင်းနှင့် မာဆေးလ်အသင်းတို့၏ ပွဲစဉ်တွင် အိမ်ကွင်းကစားရသည့် ဒေါ့မွန်အသင်းသည် ကွင်းလယ်ကစားသမားမာကိုရုစ်၏ အလွတ်တည်ကန်ဘောမှ ရရှိလာသည့် သွင်းဂိုးအပါအဝင် ဘိုင်ယန်မြူးနစ်အသင်းနှင့် အကြိုစာချုပ်တစ်ရပ်သဘောတူညီထားသည့် တိုက်စစ်မှူး လီဝန်ဒိုစကီး၏ သွင်းဂိုးနှစ်ဂိုးနှင့်အတူ အိမ်ရှင်ဒေါ့မွန်အသင်းက ဧည့်သည် မာဆေးလ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အနိုင်သုံးမှတ် ရယူနိုင်ခဲ့ပြီး အုပ်စုဒုတိယနေရာသို့ ရောက်ရှိလာခဲ့သည်။

အုပ်စု(E)မှ စတုအာ့ဘူခါရက်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့၏ပွဲစဉ်တွင် အဖွင့်ပွဲစဉ်၌ ဘေဆယ်အသင်းကို ရှုံးနိမ့်ခဲ့သည့် ချယ်လ်ဆီးအသင်းသည် စတုအာ့ဘူခါရက်အသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲစဉ်တွင် ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးများကို ရာမီရက်က နှစ်ဂိုး၊ လမ်းပတ်က တစ်ဂိုးနှင့် ဂျော်ဂျီစကီးက တစ်ဂိုးသွင်းယူပေးခဲ့ကြပြီး လက်ရှိတွင် ဘေဆယ်အသင်းနှင့် တစ်ပွဲနိုင်၊ တစ်ပွဲရှုံး ရလဒ်များကိုယ်စီထွက်ပေါ်ခဲ့သော်လည်း ဂိုးကွာခြားချက်နှင့်အတူ အုပ်စုဒုတိယနေရာသို့ ရောက်ရှိနေသည်။

ယင်းအုပ်စုမှ ဘေဆယ်အသင်းနှင့် ရှော်လ်ကေးအသင်းတို့၏ ပွဲစဉ်တွင် ရှော်လ်ကေးအသင်းက ဘေဆယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နှစ်ပွဲကစားပြီး နှစ်ပွဲနိုင်ရလဒ်ဖြင့် ရမှတ်ခြောက်မှတ်ရရှိကာ ရှော်လ်ကေးအသင်း အုပ်စုပထမနေရာမှ ဦးဆောင်ထားနိုင်ခဲ့သည်။

အုပ်စု(G)၏ ပွဲစဉ်များတွင် ပေါ်တိုအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့၏ ပွဲစဉ်တွင် စပိန်လာလီဂါ၌ မြို့ခံပြိုင်ဘက် ရီးယဲလ်မက်ဒရစ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်အပါအဝင် ယခုနှစ်ရာသီတွင် ခုနစ်ပွဲကစားပြီး ခုနစ်ပွဲစလုံးအနိုင်ရယူနိုင်ခဲ့သည့် အက်သလက်တီကိုမက်ဒရစ်အသင်းက ပေါ်တိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်နှစ်ပွဲစလုံးအနိုင်ရလဒ်နှင့်အတူ အုပ်စုပထမနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ယင်းအုပ်စုမှ ဇင်းနစ်အသင်းနှင့် ဩစတြီးယားဗီယန်နာအသင်းတို့၏ ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

အုပ်စု(H)မှ ဆဲလ်တစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ဝါရင့်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်၏ တစ်လုံးတည်းသောသွင်းဂိုးဖြင့် ဆဲလ်တစ်အသင်းကိုအနိုင်ရရှိကာ ချန်ပီယံလိဂ် ရှုံးပွဲမရှိစံချိန်ဖြင့် အုပ်စုပထမနေရာတွင် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။







မူးယစ်ဆေးဝါးသုံးစွဲမည့်သူ ဖမ်းမိ

ရွှေကူ အောက်တိုဘာ ၂

ရွှေကူမြို့မရဲစခန်းမှ ဒုရဲအုပ်မြင့်ဦးနှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ စက်တင်ဘာ ၂၉ ရက်က သက်သေများနှင့်အတူ ရွှေကူမြို့ အမှတ်(၁) ရပ်ကွက် ရွှေအုံတော်ဘုရားဝင်း ချုံပုတ်အတွင်း ကင်းပုန်းဝပ်စောင့်ဆိုင်းနေစဉ် ချုံပုတ်အနီးသို့ လမ်းလျှောက်လာသူ မဲလုံး(ခ) စောနိုင်ဦးအား ရပ်တန့်စစ်ဆေးခဲ့သည်။ ၎င်း၏ ဝဲဘက်လက်အတွင်းမှ ဆေးထိုးပိုက်ထည့်သည့် တစ်လက်မခန့်ရှိ အစိမ်းရောင် အချိုရည်ပိုက်စ ၃၄ ခုအတွင်း ထည့်လျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် သုည ဒသမ ၁၃၆၀၈ ဂရမ်ခန့်ပါ တစ်ထုပ် (ကာလတန်ဖိုး ၆၈၀၀၀ ကျပ်ခန့်)နှင့် အပ်တပ်လျက် ဆေးထိုးပိုက် တစ်ချောင်း၊ ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်များကပ်နေသည့် ဆေးထိုးပိုက်တစ်ချောင်းတို့အား ရှာဖွေသိမ်းဆည်းရမိသည်။

မဲလုံး(ခ) စောနိုင်ဦးအား စစ်မေးရာ ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ ချောင်းကူးတံတားထိပ်အနီးတွင် တွေ့ရှိသူ သက်ခိုင်ထံမှ သုံးစွဲရန်အတွက် ဝယ်ယူလာကြောင်းသိရှိရ၍ မဲလုံး(ခ)စောနိုင်ဦးနှင့် သက်ခိုင်တို့အား မူး/စိတ် ဥပဒေအရ ရွှေကူမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိပြီး သက်ခိုင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း ရွှေကူရဲစခန်းမှ သိရှိရသည်။

(မန်းကိုယ်ပွား)



သန်မြန်သူ (၈၁) အစိမ်းယာဉ် တိမ်းမှောက်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၂

မြောက်ဥက္ကလာပ ရွှေပေါက်ကံမြို့သစ်မှ ရွှေပြည်သာသို့ပြေးဆွဲနေသော သန်မြန်သူယာဉ်လိုင်း (၈၁) အစိမ်းယာဉ်တစ်စီးသည် ခြောက်ကွေ့မှတ်တိုင်မှ ရွှေပေါက်ကံဂိတ်သို့အရှိန်ပြင်းစွာမောင်းနှင်လာစဉ် ဝေဘာဂီလမ်း (ည)ရပ်ကွက်ဘက်ခြမ်း ချမ်းမြေ့ဆေးခန်းရှေ့တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသော ခရီးသည် အမျိုးသားနှစ်ဦး၊ ကိုရင်နှစ်ပါးနှင့် အမျိုးသမီးသုံးဦး ဒဏ်ရာအသီးသီးရရှိ၍ မြောက်ဥက္ကလာပဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ယာဉ်မောင်း ညဏ်စိုး (၃၆)နှစ်မောင်းနှင်သော ရွှေပေါက်ကံ၊ ရွှေပြည်သာသန်မြန်သူ ယာဉ်လိုင်း (၈၁)အစိမ်းယာဉ်အမှတ် ၂က/..... ယာဉ်မှာ ခြောက်ကွေ့မှတ်တိုင်မှ ရွှေပေါက်ကံဂိတ်သို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ ဝေဘာဂီလမ်းမ (ည)ရပ်ကွက်ဘက်ခြမ်းရှိ ချမ်းမြေ့ဆေးခန်းရှေ့တွင် တိမ်းမှောက်မှုကြောင့် ရွှေပေါက်ကံ (၁၇)ရပ်ကွက် ဗညားနွဲ့လမ်းနေ ဦးစောဝင်း (၅၇)နှစ်၊ မကြူကြူမွေး (၄၃)နှစ်၊ (၁၆)ရပ်ကွက် အလောင်းဘုရားလမ်းနှင့် အထက(၄)မြောက်ဥက္ကလာမှ ဆရာမတစ်ဦး၊ အထက(၃) မရမ်းကုန်းမှ ကျောင်းသားတစ်ဦး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၁၂) ရပ်ကွက်မှ ကိုရင်နှစ်ပါးတို့ ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့သည်။ ယင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ယာဉ်ထိန်းတပ်ဖွဲ့စု (၄၂)မှ ရဲအုပ်ဝင်းစိုးက အရေးယူ ဆောင်ရွက်လျက်ရှိသည်။

(ဝ၃၅)

ထန်းတပင်မြို့နယ်မှ မိခင်အရင်းကိုသတ်သည့် သားအား မော်လမြိုင်တွင် ဖမ်းဆီးရမိပြီ

ထန်းတပင် အောက်တိုဘာ ၂

စက်တင်ဘာ ၂၉ ရက် နံနက် ၆ နာရီခွဲက ထန်းတပင်မြို့နယ် ဆန္ဒယော်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မင်းစိုးသည် တစ်ရွာတည်းနေ ဒေါ်ထွေးကြည် (ခ) ဒေါ်မိုးမိုးမှာ နေအိမ်တွင် ဒဏ်ရာများဖြင့်သေဆုံးနေကြောင်းသိရှိရ၍ သွားရောက်ကြည့်ရှုရာ ဒေါ်ထွေးကြည်(ခ) ဒေါ်မိုးမိုးတွင် ဦးခေါင်းနောက်စေ့ပြတ်ရှဒဏ်ရာ၊ ဦးနှောက်ထွက်၊ ဝဲလက်ကောက်ဝတ် ပြတ်ရှဒဏ်ရာ၊ ဝဲလက်ညှိုးပြတ်၊ ဝဲကျောကုန်းထိုးသွင်းဒဏ်ရာ၊ ဝဲရင်အုံထိုးသွင်းဒဏ်ရာ သုံးချက်၊ ဝမ်းဗိုက်ထိုးသွင်းဒဏ်ရာ နှစ်ချက်တို့ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး အနီးတွင် ရဲတင်းတစ်လက်၊ အရိုးအသွား ခြောက်လက်မခန့်ရှိ ဝါးရိုးတပ်မီးဖိုချောင်သုံး ဓားအကျိုးတစ်ချောင်းတို့အား တွေ့ရှိခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်ထွေးကြည် (ခ) ဒေါ်မိုးမိုးမှာ ယင်းနေ့နံနက် ၃ နာရီခွဲက ၎င်း၏ သားဖြစ်သူ တင်ထွန်းဝင်းနှင့်စကားများခဲ့ကြောင်း၊ တင်ထွန်းဝင်းမှာ ထွက်ပြေးတိမ်းရှောင်နေကြောင်းသိရသဖြင့် အရေးယူပေးပါရန် ဦးကျော်မင်းစိုးက တိုင်တန်းခဲ့၍ တက်သစ်နယ်မြေရဲစခန်းက (ပ)၉၆/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်အရေးယူစုံစမ်းဆောင်ရွက်ခဲ့သည်။

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များနှင့် တက်သစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပူးပေါင်း၍ ပြစ်မှုကျူးလွန်ထွက်ပြေးတိမ်းရှောင်နေသူ တင်ထွန်းဝင်းအား ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့ရာ ၎င်းသည်မော်လမြိုင်မြို့တွင် ရောက်ရှိတိမ်းရှောင်နေကြောင်း သိရသဖြင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး အကူတပ်ဖွဲ့ခွဲ၊ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ရှာဖွေဖမ်းဆီးခဲ့ရာ စက်တင်ဘာ ၃၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက် တိုးချဲ့(၃)လမ်းတွင် ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(စိုးဝင်း-MLA)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

နံနက်စောစော ဦးဝိစာရလမ်းပေါ်၌ ကုန်စိမ်းတင်ကားမှောက်

ရန်ကုန် အောက်တိုဘာ ၂

အောက်တိုဘာ ၁ ရက် နံနက် ၆ နာရီခွဲက ဦးဝိစာရလမ်းမပေါ် တော်လှန်ရေးပန်းခြံအနီး၌ ယာဉ်တစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။**(အောက်ဝဲပုံ)**

တိမ်းမှောက်သွားသောယာဉ်မှာ သီရိမင်္ဂလာဈေးသစ်မှ ကုန်စိမ်းများနှင့် ကုန်စိမ်းရောင်းသူများကို တင်ဆောင်လာခဲ့ခြင်းဖြစ်ပြီး ဓမ္မစေတီလမ်းဘက်မှ ဦးဝိစာရအဝိုင်းဘက်သို့ ဦးဝိစာရလမ်းမအတိုင်း မောင်းနှင်လာစဉ် ရုတ်တရက် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

တိမ်းမှောက်သွားသောယာဉ်မှာ လိုက်ထရပ်ယာဉ်အမှတ် 8C/........ ဖြစ်သည်။ နံနက်စောစောကျန်းမာရေးအတွက် လမ်းလျှောက်သူ အမျိုးသားတစ်ဦးက "ကျွန်တော်နဲ့ဆို မျက်နှာချင်းဆိုင်ပဲ၊ ကျွန်တော်ကပလက်ဖောင်းပေါ်က လမ်းလျှောက်လာတာ၊ ကားကအရှိန်တော့ပါတာပေါ့၊ ဘယ်လိုဖြစ်ပြီး ရုတ်တရက်မှောက်သွားတယ်ဆိုတာတော့ မပြောတတ်ဘူး"ဟု ဆိုခဲ့သည်။

အနီးအနားရှိသူများ၏ ဆက်သွယ်အကြောင်းကြားမှုကြောင့် နံနက် ၆ နာရီ မိနစ် ၄၀ ခန့်တွင် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် သူနာပြုယာဉ်တစ်စီးတို့ ရောက်ရှိလာခဲ့သည်။ ဒဏ်ရာရရှိသူအမျိုးသမီးသုံးဦးအား သူနာပြုယာဉ်ဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

(တင်ဝင်းလေး-ကြည့်မြင်တိုင်)




အထက်မြန်မာပြည်သတင်း

ညောင်ဦးမြို့တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးဆောင်ရွက်

ညောင်ဦး အောက်တိုဘာ ၂

ညောင်ဦးမြို့ မဏိစည်သူဈေး ပတ်ဝန်းကျင်နှင့်ဒါနဘက် ဆွမ်းလောင်းအသင်းရုံရှေ့တွင် စက်တင်ဘာ ၃၀ရက်မှစပြီး ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးလုပ်ငန်းနှင့် မောင်းနှင်လာသောမော်တော်ဆိုင်ကယ်များကို စစ်ဆေးလျက်ရှိသည်။ **(အောက်ပုံ)**

မော်တော်ယာဉ်ထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ဒုရဲအုပ်ဝင်းကိုကို၊အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဦးရဲဝင်းဆွေတို့ ပါဝင်သောအဖွဲ့သည် မော်တော်ဆိုင်ကယ်စီးနှင်းသည့်အခါ နှစ်ယောက်ထက် ပိုမစီးရန်၊ ဆိုင်ကယ်စီးဦးထုပ်နှင့် မေးသိုင်းကြိုးများတပ်ဆင်ရန်၊ ဦးထုပ်မပါသူများကို နောက်နောင်တွင်လည်း ယာဉ်မောင်းလိုင်စင်ပါ တစ်ပါတည်း ယူဆောင်လာရန်၊ ဦးထုပ်ဆောင်း ရန်၊ မေးသိုင်းကြိုးတပ်ရန် ပညာပေးဟောပြောပြီး နောက်နောင်တွင် စည်းကမ်းဥပဒေနှင့် မညီညွတ်ပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းသိရသည်။

ကျော်ဌေး(ညောင်ဦး)

သံဃဒါန စုပေါင်းဆွမ်းလောင်းလှူ

ပြင်ဦးလွင် အောက်တိုဘာ ၂

အဌမအကြိမ်မြောက် ပြင်ဦးလွင်မြို့နယ် စုပေါင်းသံဃဒါန ဆွမ်းလောင်းလှူပွဲအား ပြင်ဦးလွင်မြို့ ရပ်ကွက် (၂၀) နောင်ခမ်းကြီး အခြေခံပညာမူလတန်းကျောင်းဝင်း အတွင်း သံဃဒါန ဆွမ်းလောင်းမဏ္ဍပ်တွင် စက်တင်ဘာ ၂၉ရက် နံနက် ၄ နာရီခွဲက ကျင်းပသည်။**(ဝဲပုံ)**

အဆိုပါ စုပေါင်းဆွမ်းလောင်းလှူပွဲကို နောင်ခမ်းကြီး အရှေ့စု၊ အနောက်စု၊ တောင်စု၊ အလယ်စု၊ ရှမ်းစုရွာနှင့် အနီးရှိ ရွာများရှိ ဗုဒ္ဓဘာသာနွယ်ဝင် အလှူရှင်များက ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ရတနာမာရ်အောင်စာသင်တိုက်၊ မြို့လယ် ရွှေစည်းခုံကျောင်းတိုက်၊ ပုညကာရီခဲလယ်ကျောင်းတိုက်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ စာသင်တိုက်ကြီးများနှင့် ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်အပါး ၆၅၀ အား အရုဏ်ဆွမ်း၊ ဆွမ်းဟင်းနှင့် လှူဖွယ်ပစ္စည်းများ၊ စာရေးတံမဲများ ကပ်လှူကြသည်။ ပထမအကြိမ်စုပေါင်းလောင်းလှူစဉ်က သံဃာအပါး ၃၀၀ မှ စတင်လောင်းလှူခဲ့ကြခြင်းဖြစ်ကာ လာမည့်နှစ်တွင် သံဃာအပါး ၁၀၀၀ လောင်းလှူကြမည် ဖြစ်ကြောင်းသိရသည်။

(ဝဝ၂)

ကလောမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

ကလော အောက်တိုဘာ ၂

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ ခေါင်းဆောင်ဦးဆန်းဗိုလ်၊ ဒု-မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင် ခရိုင်ကျန်းမာရေးဦးစီး ဆေးရုံအုပ်ကြီး ဒေါက်တာ ခင်မို့မို့၊ မြို့နယ်စည်ပင်သာယာရေး ဒု-ဦးစီးမှူးဦးရဲအောင်၊ မီးသတ်ဦးစီးမှူးဦးရွှန်ဒွန်းထန်၊ မြို့နယ်ကြက်ခြေနီ ဒု-တပ်ရင်းမှူး ဇော်သိန်းရည်တို့သည် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီက ကလောမြို့မဈေးကြီးနှင့် မြို့တွင်း ကုန်စုံစတိုးဆိုင်ကြီးများ၊ အောင်ပန်းမြို့မဈေးကြီးနှင့် ပြည်သာယာကုန်စိမ်းဈေးကြီး၊ မြို့တွင်းကုန်စုံစတိုးဆိုင်ကြီးများ၊ ဟဲဟိုးမြို့ကုန်စုံဆိုင်များတွင် ရောင်းချနေသော နို့မှုန့်ဘူး၊ နို့မှုန့်အထုပ်များတွင် ဘေးအန္တရာယ်ဖြစ်စေတတ်သော ရောဂါပိုးရှိမရှိ၊ အထူးသဖြင့် နယူးဇီလန်နိုင်ငံ Fonterra ကုမ္ပဏီမှ ထုတ်လုပ်တင်ပို့ဖြန့်ဖြူး ရောင်းချခဲ့သော Whole Milk, Skim, Whey Powder, Dumex Dupro Step 2, Mamex Step 1, 2, Bebelac Step 2, နို့မှုန့်၊ နို့မှုန့်ဘူးများတွင် Clostridium Botulinum ရောဂါပိုးများပါရှိနေသည်ကို မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှတားမြစ်ချက်ထုတ်ပြန်ထားသည့်အတွက် မြို့နယ်အတွင်း ရောင်းချဝယ်ယူစားသုံးနေကြခြင်း ရှိမရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထို့နောက် အဆိုပါအဖွဲ့သည် ၂၀၀၆ ခုနှစ် ဆေးရွက်ကြီးဥပဒေ၊ နည်းဥပဒေများအကောင်အထည်ဖော်ရေးလုပ်ငန်း စတင်ဆောင်ရွက်မှု အစီအစဉ်အဖြစ် ဈေးများအတွင်းရှိ ဆိုင်များတွင် ဆေးလိပ်များ ရောင်းချမှုကို ဆောင်ရန်ရှောင်ရန်များ လိုက်နာရန်စည်းကမ်းများ၊ ပြစ်ဒဏ်ပေးမှုများကို ကွင်းဆင်းသရုပ်ပြရှင်းလင်းဟောပြောခဲ့ကြသည်။

(ဇော်သိန်းရည်)

လူကုန်ကူးမှု ပပျောက်ရေး ဒို့တွေပါဝင် ကူညီပေး

ကလေးမြို့အတွင်းတွင် ရေကြီးမှုကြောင့် နန်းကလိန်တံတားပျက်စီး

ကလေး အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၂၈ ရက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ် ရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၉ ရက်တွင် ကလေးမြို့ မြို့တွင်း အနိမ့်ပိုင်းရပ်ကွက်များတွင် ရေကြီးရေလျှံမှုဖြစ်ကာ တံတားများပျက်စီးခြင်း၊ ကတ္တရာလမ်းမများအပေါ်တွင်ရေလွှမ်းခြင်းနှင့် လူနေအိမ်အများအပြားတို့တွင် ရေလွှမ်းမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုကြောင့် အောင်မင်္ဂလာရပ်ကွက်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအနီး ကလေးမြို့မှ နည်းပညာတက္ကသိုလ်သွားရာ နတ်ချောင်းလမ်းမပေါ်တွင်ရှိသော နန်းကလိန်သံကူကွန်ကရစ်တံတား၏ တံတားထိန်းအုတ်ခုံနှစ်ဖက်စလုံးမှာ ချောင်းရေကြီးမှုကြောင့် ပြိုကျပျက်စီးသွားပြီး**(ယာပုံ)** အဆိုပါ ကွန်ကရစ်တံတားမှာ ချောင်းလယ်ရေပေါ်တွင် တင်ကျန်လျက်ရှိသည်။

ယင်းသို့ ပျက်စီးသွားသောတံတားသည် အဝေးပြေးမှန်လုံယာဉ်များ သွားလာမှုနှင့်ကလေးမြို့တောင်ပိုင်းသို့ ယာဉ်ကြီးယာဉ်ငယ် ခရီးသွားလာမှုများ ယာယီပြတ်တောက်သွားကြောင်း သိရသည်။

(ဂျူနိုင်း)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၉/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-073(2013-2014)	Electrical Spares for KG-2 Kongsberg Gas Turbines	(47) Items	US$
(၂)	IFB-074(2013-2014)	High & Low Clutch for ZJ 70 L Sr-1 & 2 Drilling Rigs	(2) Items	US$
(၃)	IFB-075(2013-2014)	1 Meter DEM or STRM Data (Myanmar)	(20) Nos	US$
(၄)	DMP/L-033(2013-2014)	9.00×20 Tyres,12.00×24 Tyres, 18 R 22.5 Tyres & 14.5×20 Tyres	(4) Items	Kyat
(၅)	DMP/L-034(2013-2014)	Sercel 408 UL Line Cable Section For Acquisition Recording System	(1) Lot	Kyat
(၆)	DMP/L-035(2013-2014)	Spare Parts for Mud Logging Unit Ex ZJ 70 L & ZJ 50 D Drilling Rigs	(1) Lot	Kyat
(၇)	DMP/L-036(2013-2014)	2" Dia,4" Dia, 6" Dia and 8" Dia Rubber Hose Pipe	(4) Items	Kyat
(၈)	DMP/L-037(2013-2014)	Electrical Spares For USS Oil Well Drilling Rig(20 Pin Plug and Receptacle)	(32) Sets	Kyat
(၉)	DMP/L-038(2013-2014)	200 AMP Circuit Breaker and Speed Adjust Rheostat For ZJ 50 D Drilling Rig	(2) Items	Kyat
(၁၀)	DMP/L-039(2013-2014)	Electrical Cards For Mud Pump Field Thyristor of Main PCR Unit Ex D3 T2 Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၀-၁၀-၂၀၁၃ ရက် ၁၃:၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	66/11KV,11/3.3KV, 11/0.4 KV Substation Accessories	6 Lots	နိုင်ငံခြားငွေ
(ခ)	Komatsu Excavator Spare Parts	1 Lot	နိုင်ငံခြားငွေ
(ဂ)	66/11KV, 11/3.3KV, 11/0.4 KV Transformer	9 Nos	မြန်မာကျပ်ငွေ

ပိတ်ရက်နှင့်အချိန် - ၁၄-၁၀-၂၀၁၃ ရက် (၁၅:၀၀)နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၃၁၂၉၅၊ ၀၆၇-၄၃၁၃၀၈

ရောင်းမည်

သာကေတ၊ ရှုခင်းသာလမ်းမကြီးအပေါ်ရှိ ပေ (၄၅×၆၀) မြေထောင့်ကွက်ပေါ်တွင် ပေ(၃၆×၄၅) အကျယ် RC သုံးထပ်တိုက် ပါဝါမီတာ၊ ရိုးရိုးမီတာ၊ ကြိုးဖုန်း(၁)လုံး ကိုယ်ပိုင်အဝီစိတွင်းနှင့် ရေစက် ကားပါကင်(၁၀)စီးစာ ဟိုတယ်လုပ်ငန်း၊ ကုမ္ပဏီလုပ်ငန်း လုပ်လိုသူများ သင့်တော်သည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၁၀၄၃၁၀၊ ၅၄၀၃၂၄၀၊ ၀၁-၂၄၅၀၆၀

မြေကွက်ဝယ်လိုသည်

မြေကွက်များဝယ်လိုသည်။

09 31268183
09 31589922

ရောင်းမည်

ဆံပင်ညှပ်ဆိုင်(၁)ဆိုင် ဖွင့်ရန် ပစ္စည်းစုံ၊ ဆေးစုံ၊ ဆိုင်ဖွင့်ရန်အသင့် ဝယ်လိုသူ။

ယခုဆိုင်ဖွင့်ဆဲ-စုံစမ်းရန်
ဖုန်း-၀၉-၄၂၀၁၂၃၁၇၄

ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၉)လမ်းနှင့် စံပြ (၄)လမ်းရှိ မြေညီထပ်မှ ဒါဘာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ အဆင့်မြင့် ပြင်ဆင်ပြီး။

ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇

ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၈)ပါ ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာတွင် ဒေါ်စိုးစိုးမြင့် ISN.၅၂၈၃၃၆ အစား ISN.၅၂၈၃၁၆ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လေးမျက်နှာမြို့နယ် ပုသိမ် – မုံရွာကားလမ်းဘေးရှိ နေအိမ်များအား ဖယ်ရှားခိုင်းခြင်းကြောင့် နေအိမ် ၁၅၀ ခန့် အခက်အခဲတွေ့နေ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် သဲနုကုန်းကျေးရွာအုပ်စု စောပြာကျေးရွာနှင့် ကျားကိုက်ကွင်းကျေးရွာ ပုသိမ်-မုံရွာကားလမ်းဘေးရှိ နေအိမ် ၁၅၀ ခန့်အား ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ခရိုင်အင်ဂျင်နီယာရုံး ဟင်္သာတခရိုင်မှ ကားလမ်းနှင့် ၇၅ ပေ အတွင်း တည်ရှိနေခြင်းကြောင့် နေအိမ်များ ဖျက်သိမ်းဆောင်ရွက်နိုင်ရန် ညွှန်ကြားခြင်း၊စာဖြင့်လာရောက်အကြောင်းကြားခြင်း၊ အဖွဲ့များဖွဲ့၍ စီစဉ်ဆောင်ရွက်နေခြင်းတို့ကြောင့် အိမ်ထောင်စု ၁၅၀ ခန့် ပြောင်းရွှေ့ပေးရန်အတွက် အခက်အခဲတွေ့နေကြသည်။

အဆိုပါကားလမ်းဘေးတွင် နေထိုင်ကြသူများမှာ စောပြာကျေးရွာနှင့် သဲနုကုန်းကျေးရွာတို့မှ ဒေသခံများဖြစ်ကြပြီး ကားလမ်းကို အမှီပြု၍ ရောင်းဝယ် ဖောက်ကားနေထိုင်ကြသူများ ဖြစ်ပြီးကာ အိမ်ထောင်စု ၁၅၀ ခန့်နှင့် လူဦးရေ ၄၅၀ ခန့် နေထိုင်သော ကျေးရွာဖြစ်ပြီး လယ်ယာကိုင်းကျွန်းနှင့် ရောင်းဝယ်ဖောက်ကားမှု လုပ်ကိုင် စားသောက်နေကြသော ကျေးရွာ များ ဖြစ်သည်။

"အခုဟာက စောပြာရွာနဲ့ ကျားကိုက်ကွင်းရွာကကျူးကျော်နေအိမ်တွေကြောင့်ယာဉ်တိုက်မှုတွေခဏခဏဖြစ်တယ်၊ ဒါကြောင့် ဖယ်ရှားပေးပါဟု လယ်သမားငါးဦးကသာ တိုင်ကြားတာပါ၊ ကျန်လယ်သမား အားလုံးက ကျေနပ်ကြပါတယ်၊ ယာဉ်တိုက်မှုကို အကြောင်းပြပြီး နေအိမ်တွေကို ဖျက်ပေးစေချင်ကြတာပါ၊ ကျွန်တော် ခေါ်ယူပြီး ညှိနှိုင်းပေးပါတယ်၊ ၇-၇-၂၀၁၃ ရက်က သဲနုကုန်းဒေသဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌ ဦးသောင်းမြင့် အပါအဝင် လယ်သမားတွေနဲ့နေအိမ်သမားတွေကိုပါ ခေါ်ယူပြီး ညှိနှိုင်းပေးပါတယ်၊ နေအိမ်တွေကလည်း ဖယ်မပေးချင်ကြပါဘူး၊ ဖယ်ပေးရင်လည်း နေစရာနေရာမရှိကြပါဘူး၊ ပြီးတော့ မိသားစု သုံးလေးရာလောက် ဒုက္ခရောက်ကြမှာပါ၊ လယ်သမားတွေက ပထမအကြိမ်ငွေယူထားတဲ့အပြင် အခုထပ်ပြီးတစ်တောင်ကိုအနည်းဆုံး ၄၀၀၀၀ လောက်ယူချင်ကြပါတယ်၊ နေအိမ်တွေက မပေးနိုင်ကြပါဘူး၊ နေအိမ်တစ်အိမ်စာဆိုရင် အများကြီးကုန်ကျမှာပါ၊ လက်လုပ်လက်စား သမားတွေပါ၊ အရင်ကချို့ငဲ့ကြီးတွေကို ပြုပြင်ပြီး နေအိမ်တွေ၊ ဈေးဆိုင်တွေ ဆောက်နေကြတာပါ"ဟုလေးမျက်နှာမြို့နယ်က ညင်ကိုင်းကျေးရွာအုပ်စု တိုက်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မင်းက ပြောသည်။

အဆိုပါကျူးကျော်နေအိမ်များမှာ စောပြာရွာတွင် နေအိမ် အလုံး ၇၀ ကျော်၊ သဲနုကုန်းရွာတွင်နေအိမ်အလုံး ၅၀ ကျော် မိသားစုပေါင်း ၄၅၀ ခန့် နေထိုင်ကြပြီး ကားလမ်း၏အပြင် ၇၅ ပေတွင် နေထိုင်ကြသူများအား မူလလယ်ပိုင်ရှင်ငါးဦးက တင်ပြတိုင်ကြားထားပြီး နေထိုင်သူများမှလည်းနေအိမ်များ စတင်ဆောက်လုပ်သည့်အချိန်တွင် ကာလတန်ကြေးငွေများပေးချေပြီး နေထိုင်လာကြကာ ပုသိမ်-မုံရွာကားလမ်းဘေး လမ်းနယ် ပေ ၁၅၀ အတွင်းမှ အပြင် ၇၅ပေအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ယာယီလုပ်ပိုင်ခွင့် ပြန်လည်ချထားပေးမှုအပေါ် မူလလယ်သမားများက တင်ပြတိုင်ကြားခြင်းကြောင့် နေအိမ်များ ဆောက်လုပ်နေသော အိမ်ထောင်စု ၁၅၀ ခန့်ကလည်း ဖယ်ရှားမပေးလိုကြသဖြင့် အိမ်ထောင်စု ၁၅၀၊ မိသားစု ၄၅၀ ခန့်ကလည်းအဖြစ်မှန်တင်ပြပြီး အသနားခံစာတင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

(တက်နေဝန်း- ဟင်္သာတ)

အစိုးရ/စီးပွားရေးကြော်ငြာ

သနပ်ပင် အောက်တိုဘာ ၂

ကျေးလက်နေပြည်သူများ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် သနပ်ပင်မြို့တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုး ဦးဆောင်ကာ ပဲခူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလေးမြင့်နှင့် မြေ၊ မျိုး၊ ပိုး ခရိုင်တာဝန်ခံများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွှန့်၊ မြို့နယ်ဥပဒေအရာရှိ ဦးစိုးထွဋ်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး အဆင့်(၁) ဦးဝင်းမင်းကျော်တို့ပါဝင်သောပူးပေါင်းအဖွဲ့သည်သနပ်ပင်မြို့နယ်ဝဲပုံကျေးရွာသို့ သွားရောက်၍ ကျေးလက်နေပြည်သူများအားဘက်စုံအသိပညာပေး ဆွေးနွေးပွဲကို စက်တင်ဘာ ၂၉ရက် နံနက် ၁၁နာရီခွဲတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးစိုးက ကျေးလက်နေပြည်သူများလုပ်ကိုင်နေသောလယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ရေနုတ်မြောင်းကြီး ငါးခုအား တူးဖော်ပေးခဲ့၍ ရေဆင်းအားများကောင်းပြီး စိုက်ပျိုးမြေများစွာ အကျိုးဖြစ်ထွန်းခဲ့ကြောင်း၊ မိုးတွင်းကာလ မကုန်ခင် ရေချိုထိန်းသိမ်းနိုင်ရေးနှင့် ရေငန်တားဆီးနိုင်ရေး အတွက် ရေငန်တားတမံအား အမြန်ဆောင်ရွက်နိုင်ရန် ကူညီပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများက တောင်သူများအား သိပ္ပံနည်းကျအထွက် တိုးစိုက်ပျိုးရန်နှင့် ကြိုတင်ကာကွယ်ရန်ကိစ္စရပ်များအားရှင်းလင်းဆွေးနွေး ပြောကြားသည်။ ယင်းနောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးညွှန့်က တောင်သူများ စိုက်ပျိုးရေးကို အခြေခံကာစီးပွားရေးများ ကောင်းမွန်လာသည်နှင့် မြို့တက်ဆိုင်ကယ်ဝယ်စီးပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာရန် ပညာပေးဆွေးနွေးပြီး လက်ကမ်းကြော်ငြာများ ဖြန့်ဝေခြင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးစိုးထွဋ်က မူးယစ်ရမ်းကား လောင်းကစားနှင့်မြေယာဥပဒေများအကြောင်း ဆွေးနွေးခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဦးဝင်းမင်းကျော်က ကိုယ်ဝန်ဆောင်မိခင်များ အခမဲ့မွေးဖွားပေးခြင်း၊ ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးပေးလျက်ရှိကြောင်းနှင့် အခြားကျန်းမာရေးစောင့်ရှောက်မှုများ အကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံများ သိလို၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအား ဘက်စုံအသိပညာပေး ဆွေးနွေး

ရဲထွန်း (မင်းရွာ)

စက်တင်ဘာ ၂၈ရက်က အင်းစိန်မြို့နယ် စုပေါင်းရုံးကြီးအနီး အောက်မင်္ဂလာဒုံလမ်းမကြီးနှင့် ဈေးကုန်းအရှေ့ရပ်ကွက် မီးရထားဝန်ထမ်းအိမ်ရာသို့ ဖြတ်ကူးသည့် မီးရထားလူကူးလမ်းမကြီးသည် အဖွင့်/အပိတ်တံခါးမရှိသဖြင့် မီးရထားလမ်းဖြတ်ကူးသူများ အန္တရာယ်များနှင့် ကြုံလာနိုင်သည်ကို မြင်တွေ့ရစဉ်။ (၆၈၄)

ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့(အေးသာယာ)တွင် အားကစားနှင့်ကာယပညာသိပ္ပံကျောင်း တည်ဆောက်ရေးလုပ်ငန်း (၂၂)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၉-၂၀၁၃ ရက်
(ခ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၅-၁၀-၂၀၁၃ ရက်၊ ၁၆း၀၀ နာရီ
(ဂ) တင်ဒါတင်သွင်းရမည့်နေရာ - ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ တောင်ကြီးမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
တောင်ကြီးမြို့၊ ဖုန်း-၀၈၁-၂၁၂၁၁၆၅၊ ၀၈၁-၂၀၂၁၃၄**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အဆောက်အအုံပြုပြင်ထိန်းသိမ်းရေး ဖြည့်စွက်လုပ်ငန်းများ(မြို့ပြ/ရေသန့်)ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါသည်။ စိတ်ပါဝင်စားသော တိုင်းရင်းသားလုပ်ငန်းရှင်များသည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)သို့ လာရောက်စုံစမ်းလေ့လာကာ တင်ဒါလုပ်ငန်းစာရင်း၊ စည်းကမ်းချက်များနှင့် တင်သွင်းလွှာများအား ရယူပြီး ၁-၁၁-၂၀၁၃ ရက် နံနက် ၁၀း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအတွင်း နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးအဖွဲ့



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာဌာန (အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေခံယာဉ်မောင်းသင်တန်းကို ၄-၁၀-၂၀၁၃ရက်နှင့် စနေ/တနင်္ဂနွေအထူးသင်တန်းကို ၅-၁၀-၂၀၁၃ ရက်တွင် ဖွင့်ပါမည်။ ၂၃-၉-၂၀၁၃ရက်မှစ၍ စာရင်းပေးသွင်းနိုင်သည်။ "သ" လိုင်စင်နှင့်"ခ" လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။ သင်တန်းသားဦးရေ ကန့်သတ်ထားသည်။

အခြေခံလျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်သင်တန်း၊ တွင်ခုံသင်တန်းများကို ၇-၁၀-၂၀၁၃ ရက်တွင် ဖွင့်လှစ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၆၆၀၈၅၁

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲဖိတ်ကြားခြင်း

၁။ ၂၇-၉-၂၀၁၃ရက်တွင် ကျင်းပသောမြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ၂၀၁၃-၂၀၁၅ခုနှစ်၊ အမှုဆောင်သက်တမ်းအတွက် အလုပ်အမှုဆောင်နှင့်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အသစ်များကို သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ရန်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၁၂ရက်(စနေနေ့) နံနက် ၉နာရီတွင် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်ရွေးချယ်ပွဲကို ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကံ့ကော်လမ်းမကြီး၊ အမှတ်(ခ/၈၁-၈၂) ရန်ကုန်တိုင်းဒေသကြီး၊ ကုန်စည်ဒိုင်အဆောက်အအုံရှိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၌ ကျင်းပမည်ဖြစ်ပါသည်။

၂။ ရွေးချယ်တင်မြှောက်ပွဲကို ပွင့်လင်းမြင်သာပြီး စနစ်တကျရှိစေရန်အတွက် ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ကို အတွေ့အကြုံရင့်ကျက်၍ အများကြည်ညိုလေးစားသော ပြင်ပပုဂ္ဂိုလ်များက တာဝန်ယူ ဦးဆောင်ပေးမည်ဖြစ်ပါသည်။

၃။ လက်ရှိဆောင်ရွက်နေသည့် အလုပ်အမှုဆောင်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အားလုံးက နုတ်ထွက်ပေးကြမည်ဖြစ်ပြီး သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းပါစည်းကမ်းချက်များနှင့်ကိုက်ညီပြီး ၃၁-၃-၂၀၁၃ရက်မတိုင်မီ ဝင်ရောက်သည့် အသင်းသားများ၊ အသင်းဝင်ကုမ္ပဏီများ၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များ၊ ဆီစက်လုပ်ငန်းရှင်များ၊ စားအုန်းဆီတင်သွင်းဖြန့်ဖြူးသူများ၊ ဆီလက်လီလက်ကားရောင်းချသူများသည် အသင်းအမှုဆောင်အဖြစ် ရွေးချယ်ခံခွင့်ရှိပါသည်။

၄။ ရွေးချယ်တင်မြှောက်ပွဲတွင် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းသို့ ၃၁-၃-၂၀၁၃ရက်မတိုင်မီ ဝင်ရောက်ထားသောအသင်းသားများ တက်ရောက်မဲပေးခွင့်ရှိပါသည်။

၅။ မဲစစ်ဆေးသည့်စနစ်၊ ရွေးချယ်အတည်ပြုသည့်စနစ်များကို ရွေးကောက်ပွဲကော်မရှင်၏ ဦးဆောင်မှုဖြင့်တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးချယ်ခံရန်ကိုယ်တိုင်ဆန္ဒပြုလိုသူများနှင့် ဆန္ဒမဲပေးလိုသူများသည် မှတ်ပုံတင်မူရင်းနှင့် ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိအမှတ်ပြုလက်မှတ် ယူဆောင်လာရပါမည်။

၆။ ရွေးချယ်ခံရန်အတွက် အဆိုပြုလွှာ မှတ်ပုံမတင်ရသေးသူများအနေဖြင့် ရွေးချယ်ခံလိုသူများ၏ ဆန္ဒပြုလွှာကိုလည်းကောင်း၊ ဆန္ဒမဲပေးလိုသူများအနေဖြင့် ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိအမှတ်ပြုလက်မှတ်များကိုလည်းကောင်း၊ ၃၀-၉-၂၀၁၃ရက် နံနက် ၁၀နာရီမှစတင်ပြီး ၇-၁၀-၂၀၁၃ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းသို့ လာရောက်မှတ်ပုံတင်ပြီး ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိအမှတ်ပြုလက်မှတ်များကို ထုတ်ယူနိုင်ပါသည်။ ယခင် ၂၅-၆-၂၀၁၃ရက်စွဲပါ ကြေးမုံ၊ မြန်မာ့အလင်းသတင်းစာများတွင် သတင်းထုတ်ပြန်ကြေညာချက်အရ ၁-၇-၂၀၁၃ရက်မှ ၁၅-၇-၂၀၁၃ရက်အတွင်း အသင်းရုံးတွင် လာရောက်မှတ်ပုံတင်ထားသော ရွေးချယ်ခံလိုသူများနှင့် ဆန္ဒမဲပေးခွင့် မှတ်ပုံတင်ထားသူများအားလုံးသည် အကြုံးဝင်ပြီးဖြစ်သဖြင့် ထပ်မံဆန္ဒပြုရန်မလိုအပ်တော့ပါ။ (ရွေးချယ်ခံရန် အဆိုပြုသူများအနေဖြင့်လည်း ဆန္ဒမဲပေးခွင့်ရှိပါသည်။)

၇။ ရွေးချယ်ခံမည့်ပုဂ္ဂိုလ်များ၏ ကိုယ်ရေးအချက်အလက်များကို ရွေးကောက်ပွဲကော်မရှင်မှ စိစစ်ပြီး ၈-၁၀-၂၀၁၃ရက် မွန်းလွဲ ၁ နာရီမှစ၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းကြော်ငြာသင်ပုန်း၌ ရွေးချယ်ခံရမည့်ပုဂ္ဂိုလ်များ၏အမည်စာရင်း ထုတ်ပြန်ကြေညာပေးမည်ဖြစ်ပါသည်။

၈။ အသေးစိတ်ကို ဆက်လက်သိရှိလိုပါက မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ရွေးချယ်တင်မြှောက်ပွဲဆိုင်ရာ စိစစ်မှတ်ပုံတင်ရေးကော်မတီနှင့် ရုံးအဖွဲ့ ဖုန်း-၅၂၈၅၈၂၊ ၅၂၈၅၈၃၊ ၅၂၈၅၈၄ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ဂျီ^၁၊ မြေကွက်အမှတ် ပဉ္စမတန်းစား-၁၀၇၊ မြေကွက်တည်နေရာအမှတ်(၉)၊ (၁၀၁)လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်လှသိန်း)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား အမည်ပေါက် မိခင်ဒေါ်လှသိန်းနှင့် ဖခင်ဦးထွန်းရင်တို့ ကွယ်လွန်သဖြင့် ၁။ဒေါ်ခင်သိန်းရင် (CC-၀၄၃၄၁၀) [၁၂/ကမရ(နိုင်)၀၀၈၂၁၈] ၂။ ဦးကြည်ဝင်း (CC-၀၄၃၄၁၂) [၁၂/မဂတ(နိုင်)၀၃၁၆၂၄]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ်(၂/၂၉၀)၊ မြေကွက်တည်နေရာအမှတ်(၃၀၂)၊ (၁၁)လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် (ဦးကြီးရင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြီးရင်(ဖခင်)နှင့် ဒေါ်အေးရီ (မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဦးခင်သောင်း[၁၂/ဒပန(နိုင်)၀၀၃၁၅၀]၊ ဒေါ်နုခင် [၁၂/ဒပန(နိုင်)၀၀၃၅၉၅]ထံမှGP၁၄၇၄၆(၂၀-၈-၂၀၁၃) ရရှိသူ ဒေါ်တင်ဇာခိုင်[၁၂/လမန(နိုင်)၁၂၉၀၂၈]တို့က ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ငါးပိအတွေး

အိမ့်ချမ်းမြေ့

ငါးပိဆိုတာ မြန်မာတွေနဲ့ ကင်းကွာတယ်ဆိုတာ တော်တော်ရှားပါတယ်။ ချဉ်ပေါင်ဟင်းချက်လည်း ငါးပိပါတယ်။ ဟင်းချိုချက်လည်းငါးပိပါတယ်၊ ငါးပိသုပ်၊ ငါးပိထောင်း၊ ငါးပိချဉ်ငန်စပ် စသည်တို့ကို နေ့စဉ်နဲ့အမျှ မရှောင်ရှားနိုင်ကြပါဘူး။ မြန်မာအိမ်တွေမှာ ငါးပိအိုးမရှိတဲ့အိမ်ဟာလည်း အလွန်ရှားပါတယ်။

ဦးဗအုပ်ခိုင်နှင့်တကွ စားသုံးသူကာကွယ်ရေးအသင်းအနေနဲ့ကတော့ Whistle Blower အနေနဲ့ တာဝန်ကျေစွာ ငါးပိကိစ္စကို Whistler blow လုပ်သွားခဲ့ပြီ။ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ငါးပိနမူနာ (Sample) သုံးမျိုးကို FDA ဓာတ်ခွဲခန်းကိုပို့တယ်၊ နမူနာသုံးမျိုးထဲက တစ်မျိုးမှာ ယူရီးယားဓာတ်တွေ့တယ်လို့ FDA ဓာတ်ခွဲခန်းက ကောက်ချက်ဆွဲတယ်လို့ ဖတ်ရတယ်။

ဒါပေမယ့် မြန်မာတစ်နိုင်ငံလုံးနဲ့စာရင် ယူတဲ့နမူနာပမာဏ (sample size) ဟာ နည်းနေတယ်လို့ ယူဆမိပါတယ်။ နောက်တစ်ခုကတော့ ယူရီးယားဓာတ်ကို ငါးထဲမှာ တွေ့တာနဲ့တင် ယူရီးယားမြေဩဇာသုံးတယ်လို့ ယူဆလို့မရပြန်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ယူရီးယားဓာတ်ဟာ ငါးတွေထဲမှာသာမက လူအပါအဝင် နို့တိုက်သတ္တဝါ၊ ကုန်းနေရေနေသတ္တဝါတွေရဲ့ ဆီးထဲမှာလည်း ရှိပြီးသားဖြစ်ပါတယ်။

ပထမဆုံးအနေနဲ့ လုပ်သင့်တာကတော့ ထိုဒေသတွေမှာ သုံးတဲ့ Chemical Synthesis နည်းနဲ့ ထုတ်ထားတဲ့ Inorganic မြေဩဇာတွေရဲ့ နမူနာတွေကိုယူရမှာဖြစ်ပါတယ်။ အဲဒီ Inorganic မြေဩဇာတွေကိုဓာတ်ခွဲ (analysis) လုပ်ပြီး impurities တွေကို အရင်ဆုံးဆွဲထုတ်ရမှာဖြစ်ပါတယ်။ တွေ့ရှိလာရမယ့် impurities တွေဟာ Chemical Synthesis Process ရဲ့ by-product တွေဖြစ်တဲ့အတွက် ထိုပတ်ဝန်းကျင်နဲ့ ထိုပတ်ဝန်းကျင်မှာ ကျင်လည်နေတဲ့ငါးတွေရဲ့ ကိုယ်ထဲမှာရှိနိုင်ခြေအလွန်နည်းပါမယ်။

Inorganic မြေဩဇာတွေထဲမှာ ပါတဲ့ Impurities တွေဟာ ဘာတွေဖြစ်နိုင်လဲဆိုရင် Cd,Co,Cu,Zn, Copper Sulphate, Iron Sulphate စတဲ့အရာတွေဖြစ်ပါတယ်။

အဲသလို ဓာတ်မြေဩဇာကို ဓာတ်မခွဲချင်ဘူးဆိုလည်း ထိုဓာတ်မြေဩဇာကိုထုတ်တဲ့ manufacturer တွေဆီက CFA (Certificate of Analysis) ကို တောင်းယူကြည့်ပြီး ဓာတ်မြေဩဇာထဲမှာပါဝင်တဲ့ impurities တွေကိုလည်း ရှာဖွေဖော်ထုတ်နိုင်ပါသေးတယ်။ ဒါပေမယ့် သေချာတာကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ Impurities ကို သရုပ်ခွဲပြီး ရှာဖွေဖော်ထုတ်နိုင်ရင် အကောင်းဆုံးပါပဲ။

ထိုကဲ့သို့ ဓာတ်မြေဩဇာကိုဓာတ်ခွဲပြီး Impurities ရွေးချယ်ဖော်ထုတ်ပြီးတဲ့နောက် ငါးပိရဲ့နမူနာတွေကို လုံလုံလောက်လောက်ယူရမှာဖြစ်တယ်။ လုံလောက်စွာယူထားတဲ့ ငါးပိနမူနာတွေကို သေချာဓာတ်ခွဲပြီး ငါးပိထဲမှာ ခုနက ဓာတ်မြေဩဇာတွေထဲက Impurities တွေကို ရှာရမှာဖြစ်တယ်။

ဓာတ်မြေဩဇာနဲ့ နမူနာယူထားတဲ့ ငါးပိတွေထဲက Impurities တွေကို ဓာတ်ခွဲဖို့ instruments တွေကို ရွေးရတော့မယ်။ ဥပမာ--- ICP၊ ICP-MS instrument၊ AA instrument၊ HPLC၊ GC၊ LC/MS instruments စသည်ဖြင့် ရွေးရမှာဖြစ်တယ်။ ကိုယ်ရှာနေတဲ့ Impurities ပေါ်မူတည်ပြီး ဘယ် instrument ကိုသုံးမလဲ၊ ဘယ် method ကိုသုံးမလဲလို့ ချိန်ဆရတော့မယ်။ method ကအဆင့်သင့်ရှိပြီးပြီလား၊ မရှိသေးရင် ပညာရှင် (Chemist) တွေနဲ့ method development လုပ်ရပါမယ်။

ထိုကဲ့သို့ ဓာတ်မြေဩဇာနဲ့ ငါးပိ sample တွေကို ဓာတ်ခွဲဖို့ instruments များ၊ method များ၊ method development လုပ်မည့် ပညာရှင်များ မရှိဘူးဆိုရင်တော့ မြန်မာပြည်နဲ့အနီးဆုံး စင်ကာပူကဲ့သို့ တိုင်းပြည်ကို sample တွေပို့ပြီး ဓာတ်ခွဲကြည့်နိုင်တယ်။ အဲဒါကတော့ ပထမနည်းပါ။ ဒုတိယနည်းကတော့ ဓာတ်မြေဩဇာကိုယူပြီး ကိုယ့်ဟာကိုယ် ငါးပိထဲကို ထည့်ဖုတ်ပြီး "development batch" ဖန်တီးနိုင်ပါသေးတယ်။ အဲသလို ဓာတ်မြေဩဇာနဲ့ဖုတ်ထားတဲ့ငါးပိ "development batch" ကိုယူပြီး ဓာတ်ပြန်ခွဲကြည့်ဖို့ပါပဲ။ အဲဒီအခါကျရင် ဓာတ်မြေဩဇာနဲ့ ဖုတ်ထားတဲ့ငါးပိထဲမှ Impurities တွေနဲ့ အခြား elements တွေဟာပေါ်ထွက်လာမှာဖြစ်ပါတယ်။

အဲဒီအခါကျတော့မှ ထုတ်လုပ်ပြီးသား(ဈေးထဲက) ငါးပိ sample တွေကိုဓာတ်ခွဲကြည့်၊ ထွက်လာတဲ့ elements/impurities တွေကို ယှဉ်ထိုးကြည့်ပြီး အဖြေရှာရမယ့် နည်းလမ်းပါ။

အဲသလို ရလာတဲ့အချက်အလက် data တွေကို ယှဉ်ထိုး၊ statistical analysis လုပ်ပြီးနောက် ငါးပိကို စားသင့်၊ မစားသင့် ကောက်ချက်ဆွဲနိုင်မှာဖြစ်ပါတယ်။

အဲသလို ကောက်ချက်ဆွဲပြီးတော့ကော ငါးပိကိစ္စဟာ ဒီမှာတင်ရပ်ပြီလားဆိုတော့လည်း မရပ်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ 'ငါးပိထဲမှာ ဓာတ်မြေဩဇာ မထည့်ရ' ဆိုတဲ့ တိကျတဲ့စည်းမျဉ်းတစ်ခု (regulation) (မရှိသေးဘူးဆိုရင်)ရှိဖို့လိုပါတယ်။

" ငါးပိထဲမှာ ဓာတ်မြေဩဇာထည့်မဖုတ်ရ" ဆိုတဲ့ စည်းမျဉ်းမရှိခဲ့ဘူးဆိုပါက ဓာတ်မြေဩဇာထည့်ဖုတ်နေဦးမှာဖြစ်သလို သိသိနဲ့ ကျေနပ်စွာစားသုံးသူများ ရှိနေနိုင်ပါသေးတယ်။

ချက်အရက်တွေထဲမှာ ရော်ဘာဖိနပ်သာမက ပုလင်းကွဲများထည့်ချက်နေတာကို သိသော်လည်း အဲသလို ထည့်ချက်မှ ပိုမူးစေတယ်၊ မြန်မြန်သေမှာလည်း သိတယ်၊ ဒါပေမယ့် ခပ်ပြင်းပြင်းအရက်ကိုမှ မူးအောင်သောက်ချင်တယ်။ ဒါကြောင့် ပိုမူးစေတဲ့အရက်ကို ကျေနပ်မြိန်ရှက်စွာ ဝယ်သောက်တယ်. . . ဘာဖြစ်သလဲဆိုတဲ့ လူငယ်တွေ အများအပြားရှိနေသလိုပါပဲ။ "ထုတ်လုပ်သူ၊ ရောင်းသူ၊ ဝယ်ယူသုံးဆောင်သူကျေနပ်နေကြတာပဲ-- အဲဒီတော့ ဘာဖြစ်သလဲ" ဆိုတဲ့ အခြေအနေတစ်ရပ် ဖြစ်နိုင်ပါတယ်။

ဒါကြောင့် ငါးပိထဲမှာ ဓာတ်မြေဩဇာထည့်မဖုတ်ရဆိုတဲ့ တိကျတဲ့စည်းမျဉ်းတစ်ခု(မရှိသေးဘူးဆိုပါက) သက်ဆိုင်ရာတာဝန်ရှိသူများက စည်းမျဉ်းချမှတ်ဖို့ သင့်ပါတယ်။ နောက်ပြီး ပြည်သူလူထုကျန်းမာရေးအတွက် Whistle blow လုပ်တဲ့စားသုံးသူကာကွယ်ရေးအသင်းကဲ့သို့ အသင်းများကိုလည်း ဆက်လက်ပံ့ပိုးဖို့ လိုအပ်ပါတယ်။

အစားအသောက်ဟာ ကိုယ်ခန္ဓာအဆစ်အပေါက်များသာမက ဉာဏ်ရည်ဉာဏ်သွေးအတွက်လည်း အလွန်အရေးကြီးပါတယ်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသားတွေကြားမှာ မြန်မာတွေသွားလာလှုပ်ရှားနေရင် ဘယ်တစ်ယောက်က မြန်မာလဲဆိုတာကို လက်ညှိုးထိုးရွေးပြနိုင်သေးသမျှ ကိုယ်စားသောက်နေတဲ့ အစားအသောက်ကို "ငါးပိလေးပါပဲ" လို့ ပေါ့ပေါ့တွေးလို့ မဖြစ်ပါဘူး။ "ဓာတ်မြေဩဇာလေး နည်းနည်းလေးပါတာပါပဲ၊ ဆိုးဆေးလေးကလည်း မဆိုစလောက်လေးပါ" စသဖြင့် ပေါ့ပေါ့လေးတွေးပြီး မြိန်မြိန်ကလေးစားလို့မဖြစ်ပါဘူး။ "အစားမတော် တစ်လုတ်" ဆိုတဲ့ စကားပုံကိုလည်း လျှော့တွက်လို့ မဖြစ်ပါဘူး။ ဒါကြောင့် 'အမျိုးသားရေးအတွက် ငါးပိတွေးတွေး'ကာ ဒီစာကို ရေးရပါတယ်။ ။

မွန်ပြည်နယ်တွင် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းမည်

မော်လမြိုင် အောက်တိုဘာ ၂

အခြေခံဥပဒေက ပေးထားသော အခွင့်အရေးအရ လူတိုင်းသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိပြီး အကာအကွယ်လည်းပေးကြောင်း၊ ရခိုင်ပြည်နယ်မှ စတင်ခဲ့သော ပဋိပက္ခသည် မိတ္ထီလာ၊ လားရှိုး၊ မန္တလေး၊ ဥက္ကံ၊ ပဲခူးတိုင်းဒေသကြီးသို့ ပျံ့နှံ့ခဲ့ပြီး မွန်ပြည်နယ်တွင် ဖြစ်ပွားမှုမရှိခဲ့ကြောင်း၊ မွန်ပြည်နယ်အတွင်းဖြစ်ပေါ်လာသည့် ကောလာဟလများကို ဘာသာပေါင်းစုံကချက်ချင်းဖြေရှင်းနိုင်ခဲ့သဖြင့် ပြဿနာများဖြစ်ပွားမှုမရှိခဲ့ပါကြောင်း၊ ယနေ့သည် ဒီမိုကရေစီခေတ်ကာလဖြစ်သည်နှင့်အညီ အမိန့်ပေးသည့်စနစ်ဖြင့် ပြုလုပ်၍မရကြောင်း၊ NGO အချင်းချင်း၊ ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းခြင်းသည် ကောင်းမွန်သောလုပ်ရပ်ဖြစ်၍ မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝိုင်းဝန်းထိန်းကျောင်းကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်သာသနာရေးဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လိုကြောင်းကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က စက်တင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ မွန်ပြည်နယ်တွင် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဖွဲ့စည်းရန်အတွက် လာရောက်သော ဘာသာပေါင်းစုံချစ်ကြည်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့် အဖွဲ့အား ပြောသည်။

ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဗဟိုဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်နှင့်အတူ အဖွဲ့ဝင်ဦးတင်မောင်ဝင်း၊ ဦးမျိုးညွန့်၊ နော်စန္ဒြာလူနီ၊ ဦးချိုအေးနှင့် ဒေါက်တာတင်လှတို့ လိုက်ပါလာပြီး ဗဟိုဥက္ကဋ္ဌက မိမိတို့အဖွဲ့သည် NGO စစ်စစ်ဖြစ်ပြီး မည်သည့်အထောက်အပံ့မှ ရယူခြင်းမရှိကြောင်း၊ မိမိတို့၏ စရိတ်ဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ စတင်ဖြစ်ပွားခဲ့သည့် ပြဿနာမျိုး ထပ်မံဖြစ်ပွားမှုမရှိအောင် ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ မွန်ပြည်နယ်တွင် အောက်တိုဘာလအတွင်း ဖွဲ့စည်းပေးလိုကြောင်း၊ အဖွဲ့ဖြစ်မြောက်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။ **(မဉမ)**

ကားဝယ်လိုသည်

အိမ်စီးကားသန့်

SUZUKI-R+

ဖုန်း-၀၁-၉၆၉၉၀၈၃၊ ၀၉-၅၁၆၂၈၅၄

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၃၀)၊ လူနေရပ်ကွက်အမှတ်(၃၀)၊ ဆောင်းဟေမာန်အိမ်ရာ၊ တိုက်အမှတ်(၁၀)၊အခန်း(၂၀)အား ဝယ်ယူပိုင်ဆိုင်ထားသူ ဦးသူရဝင်း[၁၂/ရကန(နိုင်)၀၁၃၉၈၆] ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဦးမြတ်စိုး[၇/တငန(နိုင်)၀၀၈၂၆၄]က တိုက်ခန်းအမည်ပေါက်ပြောင်းလဲပေးပါရန်နှင့် နေထိုင်ခွင့်စာချုပ်ထုတ်ပေးပါရန် လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာ အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ဝင်းခြံများ တိုးချဲ့ခြင်း၊ ကာရံခြင်း၊ အဆောက်အအုံတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ သတိပေးကြေညာချက်

၁။ နိုင်ငံတော်သည် ယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရန်အတွက် ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ် ထိန်သိမ်းရေးဥပဒေကို ၁၉၉၈ ခုနှစ်တွင်လည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ် ဒေသများကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ၂၀၀၉ ခုနှစ်တွင်လည်းကောင်း၊ နည်းဥပဒေများကို ၂၀၁၁ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ဥပဒေပုဒ်မ- ၄ အရ ယခုအချိန်အထိ တစ်နိုင်ငံလုံးတွင်ယဉ်ကျေးမှုအမွေ အနှစ်ဒေသ (၄၆)ခုကို သတ်မှတ်ကာ ဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။

၂။ ယခုအခါ ပုဂံ၊ မြောက်ဦး၊ သရေခေတ္တရာဒေသများအပါအဝင် ယဉ်ကျေးမှုအမွေအနှစ် ဒေသအချို့၌ ကန့်သတ်ထားသောဇုန်များအတွင်းတွင် ဝင်းခြံများတိုးချဲ့ခြင်း၊ အဆောက်အအုံများ တိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်း၊ အုတ်ဖုတ်ခြင်းများ ဆောင်ရွက်နေခြင်းကြောင့် တန်ဖိုး မဖြတ်နိုင်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ မြင်ကွင်းများ ပျက်စီးမှုတို့ ဖြစ်ပေါ်လျက်ရှိကြောင်း ကြားသိနေရပါသည်။

၃။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ အခန်း (၇)၊ တားမြစ်ချက် များတွင် အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းသို့မဟုတ် ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

ပုဒ်မ ၁၈။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာ ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက် မရရှိဘဲ အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက် လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်းမပြုရ။

ပုဒ်မ ၁၉။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေး သည့် ကြိုတင်ခွင့်ပြုချက် မရရှိဘဲ အဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါ တစ်ခုခု မပြုလုပ်ရ

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း။

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

ပုဒ်မ ၂၂။ မည်သူမျှ ယဉ်ကျေးမှု အမွေအနှစ် ဒေသအတွင်းတွင် ယဉ်ကျေးမှု ဝန်ကြီးဌာနက ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

၄။ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက အဆိုပါ ဥပဒေအခန်း (၈)ပါ ပြစ်မှုနှင့် ပြစ်ဒဏ်များ ချမှတ်ရမည်ဖြစ်ကြောင်းလည်း ပြစ်မှု တစ်ခုချင်းအလိုက် ဖော်ပြ ပြဋ္ဌာန်းထားပြီးဖြစ်သဖြင့် လိုက်နာရန် ပျက်ကွက်သူများအား တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွား မည်ဖြစ်ကြောင်း ထပ်လောင်းသတိပေးကြေညာပါသည်။

၅။ သို့ဖြစ်ပါ၍ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ နှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်သွားကြပါရန် တိုက်တွန်းနိုးဆော်အပ်ပါသည်။

ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန
ယဉ်ကျေးမှုဝန်ကြီးဌာန

အထက(၂) ရေနံချောင်း နှစ် (၅၀)ပြည့်ရွှေရတုပွဲ ကျင်းပမည်

၁၉၆၃ခုနှစ်တွင် စတင်ဖွင့်လှစ်ပြီး ၂၀၁၃ခုနှစ်တွင် နှစ်(၅၀) ပြည့်မြောက်ခဲ့သည့် အထက(၂)၏ ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေမည်ဖြစ်ပါ၍ စာမူများနှင့် ရွှေရတုအထိမ်းအမှတ်ပြခန်း၌ ပြသရန် အမှတ်တရပစ္စည်းများနှင့် ဓာတ်ပုံမှတ်တမ်း များပေးပို့ပါရန် နှိုးဆော်အပ်ပါသည်။

ရွှေရတု အခမ်းအနားနှင့် (၁၂) ကြိမ်မြောက် အငြိမ်းစား ဆရာကြီး/ဆရာမကြီး များအား ပူဇော်ပွဲကို ၄-၁-၂၀၁၄ ရက်နှင့် ၅-၁-၂၀၁၄ရက်များတွင် ကျင်းပပြုလုပ်ပါ မည်။

အလှူငွေများ ပေးပို့လှူဒါန်းရန်-

(၁) ဦးညွန့်စိန် ဖုန်း ၀၉-၄၀၁၅၇၉၇၁၂
(၂) ဦးဉာဏ်ဝင်း ဖုန်း-၀၉-၅၁၁၅၈၅၅
(၃) ဦးမြင့်သူ ဖုန်း-၀၉- ၂၀၂၄၈၃၀
(၄) ဦးဇော်မင်း ဖုန်း-၀၉-၄၀၁၆၆၇၀၄၁
(၅) ဒေါ်ဌေးဌေးဝင်း ဖုန်း- ၀၆၇- ၄၁၃၀၀၂
(၆) ဒေါ်ချိုချိုဝင်း ဖုန်း-၀၉-၄၅၀၀၀၀၀၅၆

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

မြတ်ဆရာပူဇော်ပွဲ

(အထက) ဘက်ရဲမြို့ ကျောင်းသား/သူဟောင်းများ၏ (၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို (သီတင်းကျွတ်လပြည့်ကျော် ၂ ရက်) ၂၁-၁၀-၂၀၁၃ ရက်တွင် (အထက) "တေဇခန်းမ"၌ ကျင်းပမည့်အကြောင်း အဝေးရောက် ကျောင်းသား/သူ အပေါင်းအား အသိပေးဖိတ်ကြားအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက

ဦးသိန်းစိုး -၀၉ ၄၉၇၂၃၅၉၂ ဒေါ်ဧမိစံ -၀၉ ၄၂၂၄၇၅၀၀၉
ဦးကြည်မြင့် ၀၉- ၄၅၁၂၄၆၂၈၁ ဒေါ်ဖြူဖြူလွင်- ၀၉- ၄၉၇၁၈၆၂၁
တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကျောင်းသား/သူဟောင်းများ၊ ဘက်ရဲမြို့

မဟာအောင်ပန်း ခရီးသွားလုပ်ငန်းကုမ္ပဏီလီမိတက်

- ဗုဒ္ဓဂယာ- သံဝေဇနိယလေးဌာန (ရန်ကုန်-ဗုဒ္ဓဂယာ-မိဂဒါဝုန်-သာဝတ္ထိ-လုမ္ဗိနီ- ကုသိနာရုံ- ပတ္တနား- ရာဇဂြိုဟ်- ဗုဒ္ဓဂယာ- ရန်ကုန်)
  (၁၁ ညအိပ်၊ ၁၂ ရက်ခရီး)
  India Air Line (၉)သိန်း
  ၂၅-၁၁-၂၀၁၃၊ ၆-၁-၂၀၁၄၊ ၃၁-၃-၂၀၁၄
- ဗုဒ္ဓဂယာ-သံဝေဇနိယလေးဌာန- အဝိဇဟိတလေးဌာန-နယူးဒေလီ (တပ်ချုပ်မဟာ)
  (၁၄ ညအိပ်၊ ၁၅ ရက်ခရီး) (၁၀)သိန်း
  ၁-၁၂-၂၀၁၃၊ ၁၈-၁-၂၀၁၄၊ ၁၅-၂-၂၀၁၄၊ ၈-၃-၂၀၁၄
- အသက်သာဆုံးဈေးနှုန်း၊ အကောင်းဆုံးဝန်ဆောင်မှုဖြင့် ပို့ဆောင်ပေးပါမည်။ နိုဝင်ဘာလ မှစ၍ လစဉ်ခရီးစဉ်များရှိပါသဖြင့် မိသားစုအဖွဲ့လိုက်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါသည်။ ၁၆ ဦး တစ်ပြိုင်နက်စာရင်းပေးသွင်းပါက တစ်ဦး အခမဲ့ လိုက်ပါခွင့်ရှိပါသည်။
- ဗုဒ္ဓဂယာ ခရီးစဉ်များတွင် ဟိုတယ်၌ တည်းခိုလိုသူများအတွက် အထူး စီစဉ်ပေးပါသည်။
- သီရိလင်္ကာ၊ ထိုင်းခရီးစဉ်များလည်း ပို့ဆောင်ပေးနေပြီဖြစ်ကြောင်း မိတ်ဟောင်းမိတ်သစ် များအားလုံး သတင်းကောင်းပါးအပ်ပါသည်။
- သီရိလင်္ကာ- ဗန်ကောက် (မြဘုရားဖူး) (၆ ညအိပ်၊ ၇ ရက်ခရီး) (၁၃)သိန်း
  သတ်မှတ်ထားသော ဈေးနှုန်းထက်မည်သည့် ငွေကြေးမှ ထပ်မံ ကောက်ခံခြင်းမပြုပါ။
  တိုက် (၃၇)၊ အခန်း (၈)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ကမ္ဘောဇသာသနာ့ဗိမာန် အမှတ် -၇၁(က/ခ)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၈၆၀၃၁၁၃၊ ၀၉-၈၆၃၅၃၅၇၊ ၀၉-၈၆၁၂၇၆၂၊ ၀၉-၇၃၁၇၀၂၇၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆၊ မြေကွက်အမှတ်(၅၄၅)၊ မြေကွက်တည်နေရာအမှတ် (၅၄၅)၊ ပုလဲလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြောက် ဦးကျော်ညွန့်(EA-007297) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးကျော်ညွှန့် ကွယ်လွန်သဖြင့် ဒေါ်လှမြင့် [၁၂/ဥကတ(နိုင်)၀၈၀၂၂၄]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထား လာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ဂေါ်မြေ
Promotion
Oct 17
Oct 18
Ph. 09.73340050, 09.73340051, 09.73340052, 09.420187871, 09.420187872

OD TOUR
Oriental Dragon Travels & Tours Co.,Ltd

NELC
Nelson English Language Centre
Native Speaker Local
Young Learners (Age 6-15)
PET (Foundation)
Intro, Level - 1, 2, 3
Listening /Speaking 1
IELTS/ TOEFL (Foundation)
Opening in October
01-526311, 256517, 501947, 8550727
02-65852, 09-91023900

ဆရာမိုး Follow Me
Ph.D (USA)
Universal Institute of ESL (USA)
ENGLISH 4 SKILLS Level (1,2)
ENGLISH 4 SKILLS Level (1)
Essay, Letter
Oct 5
4 SKILLS Level(1,2,3)
Dip ESL (USA)
Advanced Diploma in English (USA)
Oct 27
Dip, Bachelor
Adv. Dip
US,UK,Canada
Scholarship
SPEAKING
Ph.D
09431125393
01 295798, 398118

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆/ကံဘဲ့)၊ မြေကွက်အမှတ်(၂၅/ဇ)၊ ဧရိယာ(၀.၀၈၀)ဧက၊ မြေကွက်တည်နေရာအမှတ်-၁၇၅(ဘီ)၊ သစ္စာလမ်း၊ ၁၂ရပ်ကွက်၊ ရန်ကင်းမြို့နယ် (ဦးသာဒင်၊ ဒေါ်ခင်ခင်)အမည်ပေါက်မြေပိုင်မြေ လ/န-၃(ခ)မြေအား ဒေါ်စောတင်(တရားလို)က ရန်ကင်းမြို့နယ်၊ ဒုတိယမြို့နယ်တရားရုံး ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၃၄ဖြင့် ဒေါက်တာသာဒင်၊ ဒေါ်ခင်ခင် (တရားပြိုင်)တို့အား အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေလိုမှု စွဲဆိုခဲ့ရာ အနိုင်ဒီဂရီချမှတ်သည့်အမိန့်နှင့် ရန်ကင်းမြို့နယ်တရားရုံး၏ တရားမဇာရီမှုအမှတ်-၅/၂၀၁၂အမိန့်အရ တရားရုံးမှ တာဝန်ပေးထားသူ ဦးသန်းထွန်း (ဘီလစ်) ရန်ကင်းမြို့နယ်တရားရုံးက တရားရှုံးများကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်နေ (ဦးအောင်ကျော်ထွန်း-ဒေါ်မယောင်း)တို့၏သား၊ (ဦးမောင်ကျော်-ဒေါ်အေးခင်ဦး)တို့၏သားသမက်၊ [ဦးရွှေသောင်း (အထက်တန်းရှေ့နေ)]၊ (ဦးရွှေသိန်း)-ဒေါ်မြင့်မြင့်ခင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ ကျောက်မြောင်း၊ သီတာလမ်း၊ အမှတ်(၂၃)နေ ဦးထွန်းလင်း (E/E, Singapore)-ဒေါ်ဝင်းဝင်းကြည် (Designar ထက်ထက်)၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ တောင်ငူလမ်း၊ အမှတ်(၅၁၄)နေ ဦးဝင်းဗိုလ်(ခေတ္တ- Thiland)၊ မဝင်းဝင်းငွေး(ထက်ထက်အပ်ချုပ်ဆိုင်)၊ မောင်နေဝင်း၊ မနီနီဝင်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်အောင်ချမ်းမင်း၏ချစ်လှစွာသောအဘိုး၊ (ဒေါ်သောင်းတင်)၏ချစ်လှစွာသောခင်ပွန်း ဦးမောင်ကြီးသည် ၂-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၁၃ရက် နံနက် ၅နာရီမှ ၁၂နာရီအထိ အမှတ်(၅၁၄)၊ တောင်ငူလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
ပိဋကတ်သုံးပုံ ဒါယကာကြီး
ဦးအောင်ရွှေ (၈၈)နှစ်

ဝါးခယ်မမြို့နယ်၊ အထက်ပေကုန်းရွာနေ (ဦးဖိုးတာ-ဒေါ်စံသိန်း)တို့၏သား၊ (ဦးမောင်ခင်-ဒေါ်သန်း)၊ (ဦးကျော်ရင်)-ဒေါ်မိမိထွေး၊ (ဦးဘအုံး-ဒေါ်ဖွားရှင်)၊ (ဦးကျင်း-ဒေါ်သန်းတင်)၊ ဦးဖိုးမဲ-(ဒေါ်စန်း)တို့၏ညီ/မောင်၊ ဦးအောင်ဝင်း၊ ဦးကျော်ဇေယျ-မကြည်ကြည်ဆွေ၊ ဒေါ်မိမိပြုံး(အထက-၂၊ အင်းစိန်)တို့၏ ဖခင်၊ မောင်ဇေယျာအောင် (IGE Co., Ltd.)-မမေမြတ်ကေခိုင် (M & S Co., Ltd.)၊ မရည်မွန်အောင် (UPG Co., Ltd.)၊ မောင်ဇေယျာဝင်းသန့်တို့၏ အဘိုး၊ (ဒေါ်ခင်မမ)၏ချစ်လှစွာသော ခင်ပွန်းသည် ၃၀-၉-၂၀၁၃ရက် နံနက် ၈း၃၀နာရီတွင် အင်းစိန်မြို့နယ်၊ ကြို့ကုန်း အရှေ့ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၆၀၅) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၆-၁၀-၂၀၁၃ ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးစံအောင်(ဘားအံ) (၇၉)နှစ်
(ဝင်းကြည်ဘရားသား
အပ်ချုပ်လုပ်ငန်း)

ဘားအံမြို့နေ (ဦးပန်းထူး-ဒေါ်မသင်း)တို့၏ သား၊ ရန်ကုန်မြို့နေ [ဦးထွန်းကြည် (ဝင်းကြည်ဘရားသား အပ်ချုပ်လုပ်ငန်း)-ဒေါ်အေးသိန်း]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၀၁)လမ်း၊ အမှတ်(၁၂/အေ)၊ မြေညီထပ်နေ ဒေါ်စန်းရီ (အထက-၄၊သာကေတ၊ငြိမ်း)၏ခင်ပွန်း၊ ဦးဝင်းမွန်(ခ)ဦးလင်းမောင် (Natsteel Holdings Pte Ltd) - ဒေါ်နီလာအောင်၊ ဦးခန့်စိုးကျော် (3rd Engineer)-ဒေါ်ဆွေဆွေမွန် (PC Myanmar/ HongKong Ltd-Petronus)တို့၏ ဖခင်၊ မချောရည်မွန်ခင်၊ မသံစဉ်ချိုတို့၏ အဘိုးသည် ၂-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၃း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (၁၀၁-လမ်း နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ **R/184**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း NDI အဖွဲ့နှင့် အစ္စရေးသံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် NDI မှ Governance Programs Director ဖြစ်သူ Mr. K.Scott Hubli ဦးဆောင်သည့်အဖွဲ့အား ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အစ္စရေးသံအမတ်ကြီး H.E. Mr. Hagay Moshe Behar အား လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ယာဉ်အိုယာဉ်ဟောင်းများ ဖျက်သိမ်းခြင်းနှင့် အစားထိုးခြင်းများ ဆောင်ရွက် — စာမျက်နှာ - ၇

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအတည်ပြု — စာမျက်နှာ - ၇

လူမျိုးဘာသာမခွဲခြားဘဲ အကာအကွယ်ပေး၍ စောင့်ရှောက်စေရန် လိုအပ်

နေပြည်တော် အောက်တိုဘာ ၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁ ရက် ညပိုင်းတွင် Shangri-La Hotel ရှိ Sarawak Room ၌ မလေးရှားနိုင်ငံတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeili Bin Mohd Zin နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

အဆိုပါ ညစာစားပွဲသို့ မလေးရှားဘုရင်မင်းမြတ်၏ ဘွဲ့တံဆိပ် ပေးအပ်ချီးမြှင့်ခြင်းခံရသော ဖိလစ်ပိုင်တပ်မတော်နှင့် ယူအေအီးတပ်မတော်မှ ဦးစီးချုပ်များတက်ရောက်ကြပြီး မလေးရှားနိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မလေးရှားနိုင်ငံတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာစားပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Royal Selangor Pewter သို့ သွားရောက် လေ့လာကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့အား မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ သံမှူးကြီးဦးကျော်စွာနှင့် ဇနီး ဦးဆောင်သော သံရုံးဝန်ထမ်းနှင့် မိသားစုများ၊ စစ်သံမှူး ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် ဇနီး **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ကလေးမြို့တွင် တစ်ရက်တည်း မိုးရေချိန် ၇ ဒသမ ၄၄ လက်မ ရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုဖြစ်

ကလေး အောက်တိုဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် စက်တင်ဘာ ၂၉ ရက် တစ်ရက်တည်းတွင် မိုးရေချိန် ၇ ဒသမ ၄၄ လက်မရွာသွန်းသောကြောင့် နေရဥ္စရာချောင်းရေ၊ ဥပုတ်ချောင်းရေ၊ နန်းကလိန်ချောင်းရေ၊ ဆည်ကြီးချောင်းရေ၊ နတ်တံခါးချောင်းရေများ ကွင်းလုံးပြည့်ရေကြီးရေလျှံဖြစ်ပွားကာ ကလေးမြို့နယ်၏အနိမ့်ပိုင်းဒေသများအားလုံး ရေဝင်ရောက်ခဲ့သဖြင့် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်နေရာချထားရေးဆောင်ရွက်နိုင်ရန် အမက(၅)ကယ်ဆယ်ရေးစခန်း၊ အမက (၁၁)ကယ်ဆယ်ရေးစခန်း၊ စကားလှကယ်ဆယ်ရေးစခန်း၊ ဇေယျာသုခဘုန်းကြီးကျောင်း၊ အထက(၃)ကယ်ဆယ်ရေးစခန်း၊ အောင်မင်္ဂလာဇာတ်ရုံကယ်ဆယ်ရေးစခန်း၊ အမက(၁၅) ကယ်ဆယ်ရေးစခန်းဟူ၍ စခန်းခုနစ်ခုဖွင့်လှစ်ပြီး လူဦးရေ ၃၀၀၀ ကျော်ကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ရေကြီးရေလျှံမှုကြောင့် ဥပုတ်ချောင်းဆိပ်ကမ်းသာတံတား၊ နတ်တံခါးတံတား၊ ဇီးချောင်းတံတား၊ ဆည်ကြီးတံတား၊ နတ်မြောင်းချောင်းတံတား၊ မှန်လုံချောင်းတံတား၊ ပြည်တော်သာတံတား၊ ပြောင်ဘုတ်လမ်း(၁/၂၇) ဘေလီတံတား၊ နန်းကလိန်တံတား၊ မြောင်းဆုံတံတား၊ တပ်ဦးကျောင်းတံတားများပျက်စီးခဲ့ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

ဒါရန်ဘာကာ

ထိုးသတ်ခဲ့သည့်ပြိုင်ပွဲ	=	၂၇
နိုင်ပွဲ	=	၂၆
အလဲထိုးနိုင်ပွဲ	=	၁၆
ရှုံးပွဲ	=	၁
သရေပွဲ	=	၀

ဖီးလစ်စတမ်း

ထိုးသတ်ခဲ့သည့်ပြိုင်ပွဲ	=	၄၃
နိုင်ပွဲ	=	၃၈
အလဲထိုးနိုင်ပွဲ	=	၁၇
ရှုံးပွဲ	=	၃
သရေပွဲ	=	၂

ဂျာမန်လက်ဝှေ့ကျော် ဖီးလစ်စတမ်းကိုအလဲထိုးကာ အိုင်ဘီအက်ဖ်ကမ္ဘာ့မစ်ဒယ်ဝိတ်ချန်ပီယံဆုကို ကာကွယ်မည့် ဒါရန်ဘာကာ

နိုင်လင်းကြည်

အင်္ဂလိပ်ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဒါရန်ဘာကာသည် ဒီဇင်ဘာ ၇ ရက်တွင် စတုဂတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်မည့် ပွဲတွင် ၎င်း၏ အိုင်ဘီအက်ဖ်ကမ္ဘာ့မစ်ဒယ်ဝိတ်ချန်ပီယံဆုကို ကာကွယ်နိုင်ရန် စိန်ခေါ်သူ ဂျာမန်လက်ဝှေ့ကျော် ဖီးလစ်စတမ်းကို အလဲထိုးကာ နိုင်ပွဲရယူသွားမည်ဖြစ်ကြောင်း လူသိရှင်ကြား ပြောကြားခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ○

အမည်	အထက (၄) အလုံ တတိတန်း(ခ)မှ အဖ ဦးတင်ထွန်း၏သား မောင်ရှင်း
ပြောင်း	သန့်ထွန်းအား ယနေ့မှစ၍ မောင်ညဏ်လင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်-၉၈၈ (က)၊ ဦးပိုင်အမှတ် (၄၈)၊ မြေဧရိယာ (၁. ၈၁) ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဟန်ရွှေ (LPN-၀၀၂၂၁၁) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းမူရင်းများတင်ပြ၍ ဤသတင်းစာ ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ပြီးဆုံးတိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးတင်ရွှေ (LL.B)
တရားလွှတ်တော်ရှေ့နေ (၄၃၆၁)

ဒေါ်ကေသီထွန်း(LL.B)
တရားလွှတ်တော်ရှေ့နေ (၆၉၀၄)

တိုက်အမှတ်(၉/၁၁)၊ အခန်းအမှတ်-၁၀၄ (E)၊ ၃၆ လမ်း (အောက်)၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၅၀၄၉၁၅၁၊ ၀၉၅၀၉၇၃၀၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၆) ရပ်ကွက်၊ အမှတ် (၆၃၉)၊ မြေအကျယ်အဝန်း ပေ (၄၀×၆၀)ပါမစ်မြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းဇော်လွင်၏ဇနီး ဒေါ်စန္ဒာဝင်း[၁၂/ အစန(နိုင်)၀၆၉၆၇၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေက ၂၅-၉-၂၀၁၃ ရက်၌ အပြီးအပိုင် ငွေပေးချေဝယ်ယူပြီး ဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နွယ်နွယ်ဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၁၆)
အမှတ် (၁၅၃/က)၊ ငုဝါလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။

အသိပေးကြေညာချက်

တောင်ငူမြို့၊ (၂၂)ရပ်ကွက်၊ မင်းကြီးညိုရပ်၊ ရန်ကုန်-မန္တလေးလမ်း၊ မြေကွက်အမှတ်-၄၉၃နေ ဒေါ်ခင်စန်းဝင်း[၇/တငန(နိုင်)၀၇၄၃၀၆] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်စန်းဝင်း၏ခင်ပွန်း ဦးကျော်အေး (TGO-၁၁၉၂၉၂) ကိုင်ဆောင်သူသည် ၂၉-၈-၂၀၁၃ရက်တွင် ဗုဒ္ဓဘာသာဝင်အဖြစ် ကွယ်လွန်ခဲ့ရာ ဩရသ သားမရှိသဖြင့် ဦးကျော်အေး ပိုင် အထက်ပါ မြေကွက်အမှတ်-၄၉၃ မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ နှစ်ထပ်အိမ်အဆောက်အအုံ၊ ဖောကားတစ်စီး၊ တွင်ခုံ တစ်လုံး၊ အခြားရွှေ့ပြောင်းနိုင်သော ပစ္စည်းများမှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဇနီးဖြစ်သူ ဒေါ်ခင်စန်းဝင်းတစ်ဦးတည်းမှ အမွေဆက်ခံပိုင်ဆိုင်သောပစ္စည်းများဖြစ်ပါသည်။ ဒေါ်ခင်စန်းဝင်းမှ ၎င်းအမွေဆက်ခံပိုင်ဆိုင်သော ဖော်ပြပါပစ္စည်းများအပေါ် မိမိသဘောကျစီမံခန့်ခွဲခြင်း၊ တစ်စုံတစ်ဦးအား နေထိုင်ခွင့်ပြုခြင်းများရှိခဲ့ရာ ကန့်ကွက်ပြောဆိုသူအချို့ရှိလာသည်ဟု သိရပါသည်။ ထို့ကြောင့် ဒေါ်ခင်စန်းဝင်းမှ ဖော်ပြပါ အိမ်မြေ၊ ကား၊ တွင်ခုံ၊ အခြားပစ္စည်းများအပေါ်စိတ်ကြိုက်စီမံခန့်ခွဲဆောင်ရွက်နေခြင်းအပေါ် မည်သူတစ်ဦးကမျှ ကန့်ကွက်ပြောဆိုပိုင်ခွင့်မရှိကြောင်းနှင့် အကယ်၍ ဤသို့ကြေညာပြီးနောက် ကန့်ကွက်တားမြစ်မှု တစ်စုံတစ်ရာရှိလာခဲ့ပါက ဒေါ်ခင်စန်းဝင်းမှ ဥပဒေအရတရားစွဲဆိုဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးသန်းဇော်လွင်
အထက်တန်းရှေ့နေ(စဉ်-၂၃၅၅၂)
အမှတ်-၂/၄၃၆၊ နေပူကုန်းလမ်း
တောင်ငူမြို့။

ဒေါ်နုနုငယ်ငြိမ်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၆၄)
အမှတ်-၂၁/၅၀၉၊ ဇေယျာခင်ဦး(၁)လမ်း၊
တောင်ငူမြို့။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ ပဒေသာရပ်ကွက်၊ ရာဇသင်္ကြန်လမ်းသွယ်(၁)၊ အမှတ်(၇၇)နေ ဦးသန်းထွန်းနှင့်ဒေါ်စန်းနွဲ့တို့၏ သမီးဖြစ်သူ မနှင်းဖြူဖြူထွန်း[၁၂/အစန(နိုင်) ၀၁၉၉၈၁]သည် မိဘ၊ ညီအစ်မများအား ဂုဏ်သိက္ခာကို ထိခိုက်စေခြင်းနှင့် အရှက်ရစေရန်အတွက် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိ၏သဘောဆန္ဒအလျောက်ပြုမူသွားပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ကြောင်း။ နောက်နောင် မနှင်းဖြူဖြူ ထွန်းနှင့်ပတ်သက်၍ ကိစ္စအဝဝကိုလုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးသန်းထွန်း-ဒေါ်စန်းနွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၈၊ မြေကွက်အမှတ် ၁၂၉၊ မြေကွက်တည်နေရာ အမှတ် ၁၂၉၊ ၁၃၈ ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ်၊ ဦးတင်လတ် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးတင်လတ် [၁၂/သကတ(နိုင်) ၁၂၃၉၅၃]မှ ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထား လာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေး မြို့နယ်၊ ပဒန်ရေကျော်ကျေးရွာ၊ ကွင်း အမှတ်(၁၅၃)၊ ဦးပိုင်အမှတ် ၅၀/၄ ဥယျာဉ်ခြံမြေကွက်ကို ဒေါ်သီတာ ရွှေဝင်း [၁၃/ညရန(နိုင်)၀၆၀၃၀၀] သို့ အမည်ပြောင်းမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက် ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အမည်ပြောင်း ခြင်းကို ဆက်လက်ဆောင်ရွက်သွား ပါမည်။

ဒေါ်သီတာရွှေဝင်း
[၁၃/ညရန(နိုင်)၀၆၀၃၀၀]
လှိုင်သာယာမြို့နယ်၊
(၆)ရပ်ကွက်၊ အမှတ် (၉၂)၊
ကျန်စစ်သားလမ်း၊
ဖုန်း-၀၉-၅၀၉၃၆၇၉

ဝယ်ယူပြီးကြောင်းနှင့်ပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးအနောက်ရပ်ကွက်၊ အထက်ပန်းဆိုးတန်းလမ်း၊ အမှတ်(၈၆)၊ အလယ်ခန်း(၆)ထပ်၊ အလျား ပေ ၆၀×အနံ ၁၅ပေ ရှိ နေအိမ်တိုက်ခန်း(၁)ခန်းနှင့်တကွ ဆက်နွယ်သော အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင် ပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ တန်ဖိုးငွေအကျေပေးချေဝယ်ယူခဲ့ပြီး ၂၅-၉-၂၀၁၃ ရက်တွင် ပိုင်ဆိုင်မှုအမည်ကို အပြီးအပိုင်လွှဲပြောင်းပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါနေအိမ်တိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ၏ပိုင်ဆိုင်သော နေအိမ်တိုက်ခန်းဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ခင်မေ(ရှေ့နေနှင့်ဥပဒေအတိုင်ပင်ခံ)
LL.B, HGP,B.Min, Dip in Social Work, M.Dev.S, Email: kkmlegal@gmail.com
ရုံး-၂၃/၂၈၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉ ၅၄၁၃၈၅၉၊ ၀၉ ၇၃၀၀၂၇၅၉

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာကျေးရွာအုပ်စု၊ မြေကွက်အမှတ် - ၇၇၅၊ မြေဧရိယာ ပေ(၁၀၀ × ၁၂၀) နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင် ပိုင်ဆိုင် စီမံခန့်ခွဲခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင် စာချုပ်စာတမ်း အထောက်အထားများနှင့် ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါကိစ္စကို အပြီးအပိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်ခင်မေ (ရှေ့နေနှင့် ဥပဒေအတိုင်ပင်ခံ)
LL.B,H.G.P, B.Min, Dip in Social Work, M.Dev.S, Email: kkmlegal @ gmail.com
ရုံး-၂၃/၂၈၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉ ၅၄၁၃၈၅၉၊ ၀၉-၇၃၀၀၂၇၅၉

ဒေါ်စန္ဒာထွေး[၁၂/တမန(နိုင်)၀၁၄၆၃၀]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၄၅)၊ ၃-လွှာတိုက်ခန်းတွင် နေထိုင်သူ ဦးမျိုးမြင့်အောင် [၇/အဖန(နိုင်)၀၅၈၄၅၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမြင့်အောင်နှင့် ဒေါ်စန္ဒာထွေးတို့သည် ၁၂-၂-၂၀၀၂ ရက်တွင် အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြပြီး သားသမီး နှစ်ဦးထွန်းကားခဲ့ပါသည်။ ဦးမျိုးမြင့်အောင်သည် လင့်ဝတ္တရားကျေပွန်စွာဆောင်ရွက်ပေးခဲ့သော်လည်း ဒေါ်စန္ဒာထွေးသည် ဦးမျိုးမြင့်အောင် မကြိုက် မနှစ်သက်သောကိစ္စရပ်များကို စိတ်ဆင်းရဲမှုဖြစ်စေရန် အကြိမ်ကြိမ် ပြုမူပြောဆိုဆောင်ရွက်နေပါ သောကြောင့် ဆက်လက်ပြီး သည်းခံနိုင်စွမ်းမရှိတော့သည့်အပြင် တစ်ဦးနှင့်တစ်ဦးလည်း စိတ်သဘော ထားချင်း မတိုက်ဆိုင်ပါသဖြင့် ကြေညာသည့်နေ့မှစ၍ အကြင်လင်မယားအဖြစ်မှ ပြတ်စဲပါကြောင်းနှင့် နှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းအားလုံးကို ဒေါ်စန္ဒာထွေးအား ပေးအပ်ခဲ့ပါသည်။ နောင်တွင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ဒေါ်စန္ဒာထွေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဦးပြည့်စုံ (LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၀၀၅)
အမှတ်- ၃၁/၃၃၊ ၄-လွှာ၊ ၃၅-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၁၁ ဂျီ၊ မြေကွက်အမှတ်- ပဉ္စမတန်းစား-၁၇၀၊ မြေကွက်တည်နေရာအမှတ်- ၄၁၆၊ သိမ်ဖြူ လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဦးဖေငွေး၊ ဒေါ်ခင်နု)အမည်ပေါက် နှစ်(၉၀) ဂရန်မြေအား အမည်ပေါက် ဦးဖေငွေး ကွယ်လွန် သဖြင့် ဒေါ်ခင်နု[၁၂/မဂတ(နိုင်) ၀၃၂၂၄၀][CI-၀၅၀၃၆၆]က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန် လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးဇော်ဝိတ်[၁/မကန(နိုင်)၀၈၁၉၀၃]နှင့် အများသိစေရန်

၁။ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော အေးချမ်းမေတ္တာကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ယဉ်ယဉ်စိန်၊ CEO ဦးဇော်ဝင်းနှင့် ဒေါ်အေးအေးဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ၂၃-၉-၂၀၁၃ရက်စွဲပါ ကြေးမုံသတင်းစာတွင် အများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖြစ်ရပ်မှန်ကို ခိုင်လုံသောအထောက်အထားဖြင့် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြဋ္ဌာန်းသောဥပဒေနှင့်အညီ ချုပ်ဆိုခဲ့သော ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည်၊ XinWei ကုမ္ပဏီတို့၏ စာချုပ်ပါစည်းကမ်းအရ XinWei ကုမ္ပဏီမှရရှိနိုင်သော ကြွေးမြီကို ယနေ့တိုင်မရရှိသေး၍ Mc Will ဆက်သွယ်ရေးပစ္စည်းများမှာလည်း XinWei ကုမ္ပဏီပိုင်ပစ္စည်းဖြစ်သည်။

၃။ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် TAC Technical Co.,Ltd. (လူကြီးမင်း)တို့ စာချုပ်ချုပ်ဆို၍ စက်ပစ္စည်းများပေးသွင်း တပ်ဆင်ခဲ့ခြင်းဖြစ်ပါက TAC Technical Co.,Ltd. (လူကြီးမင်း)အနေဖြင့် လွတ်လပ်စွာ တောင်းဆိုနိုင်သောကိစ္စဖြစ်သည်။ FISCA Enterprises သည် မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားခြင်းမရှိကြောင်းကို ၁၉-၁၀-၂၀၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပြီးလည်းဖြစ်ပါသည်။

၄။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ၂၀-၆-၂၀၁၀ရက် ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်း၊ ရန်ကုန်မြို့တွင် ကျင်းပသည့် အစည်းအဝေးမှတ်တမ်း "စာအမှတ်၊ ငစရ-၁/အစည်းအဝေးမှတ်တမ်း/၂၀၁၀-၂၀၁၁/"တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက် CEO၊ ငွေစာရင်းဌာနမှ ဒုတိယအထွေထွေမန်နေဂျာ CA၊ အင်ဂျင်နီယာချုပ်၊ ရတနာပုံတယ်လီပို့ကုမ္ပဏီမှ ဝန်ထမ်းအပါအဝင် အရာရှိများနှင့် (၁) ဒေါ်ယဉ်ယဉ်စိန်၊ (၂) ဦးဇော်ဝိတ်၊ (၃) ဦးဇော်ဝင်းတို့ တက်ရောက်ပြီး အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ်(၃)တွင် "ရတနာပုံတယ်လီပို့ကုမ္ပဏီမှ Mc Will စီမံကိန်းဆောင်ရွက်မှုအတွက် စက်ပစ္စည်းဖိုး ကျပ်သိန်း ၆၅၀ နှင့်ပတ်သက်၍ ရတနာပုံတယ်လီပို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ XinWei ကုမ္ပဏီတို့ တိုက်ရိုက်စာချုပ်ချုပ်ပြီးသည့်အတွက် XinWei ကုမ္ပဏီ(သို့) XinWei ကုမ္ပဏီမှ ကိုယ်စားလှယ်လွှဲအပ်သည့် ကုမ္ပဏီသို့ စာချုပ်ပါစည်းကမ်းချက် ပေးချေမည်ဖြစ်ပါသည်"ဟု အစည်းအဝေးဆုံးဖြတ်ချက်ချထားပြီးဖြစ်ပါသည်။

၅။ XinWei ကုမ္ပဏီက ရတနာပုံတယ်လီပို့ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများကို စာချုပ်ပါအတိုင်း စာချုပ်ချုပ်ဆိုသူကို ပေးချေရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ထံ ပေးပို့ထားသော တိုင်ကြားစာအပေါ် အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီမှ ဥက္ကဋ္ဌကိုယ်စား လက်မှတ်ရေးထိုး၍ ပြည်ထောင်စုအစိုးရထံ ၄-၁၂-၂၀၁၂ ရက်ကတည်းက ပေးပို့ထားသော ကိစ္စဖြစ်ပါသည်။

၆။ ၎င်းအပြင် တရုတ်ပြည်၊ Beijing မြို့ရှိ XinWei Technology Inc. သည် XinWei Technology Inc. ၏ တစ်ဦးတည်းပိုင် ကိုယ်စားလှယ်ဖြစ်သော အေးချမ်းမေတ္တာကုမ္ပဏီ၏ CEO ဖြစ်သူ ဦးဇော်ဝင်း[၁/မကန(နိုင်)၀၂၆၄၁၅]အား အထွေထွေကိုယ်စားလှယ်လွှဲစာအရ XinWei ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများကို ရတနာပုံတယ်လီပို့ကုမ္ပဏီထံမှ တောင်းခံရန် တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ ၂၇-၂-၂၀၁၃ ရက်တွင် မြန်မာ့အလင်းသတင်းစာ၌လည်းကောင်း၊ ၁-၃-၂၀၁၃ ရက်တွင် ကြေးမုံသတင်းစာ၌လည်းကောင်း အသီးသီး ကြေညာခဲ့သည့်ကိစ္စရပ်တွင် ကန့်ကွက်သူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ပါ။

၇။ ထို့ကြောင့် လူကြီးမင်းတို့သည် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည် Beijing မြို့ရှိ XinWei Technology Inc. တို့၏ ချုပ်ဆိုထားသော စာချုပ်အရ XinWei ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီကို ဝင်ရောက်နှောင့်ယှက်ခြင်းအပေါ် အမြန်ဆုံးရပ်တန့်ပေးခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ထွန်းသိန်း(စဉ်- ၃၁၀၂) **ခင့်အောင်(စဉ်- ၇၁၉၁)**

တရားလွှတ်တော်ရှေ့နေများ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ- ၂၀

သာကေတမြို့နယ်တရားမရုံး၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၅

ဦးမင်းသူပါ (၂) နှင့် ၁။ ဦးစိုးဟန်၊ ၂။ ဒေါ်လှမေ

တရားလိုများ **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/တောင်(၁၂)ရပ်ကွက်၊ သာလွှာဝတီ(၃)လမ်း၊ အမှတ်- ၈၁၂/က နေ ဦးစိုးဟန်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဇေယျာသီရိရပ်ကွက်၊ အောင်ရတနာ(၁၀)လမ်း၊ အမှတ် ၂၇၆/က နေ ဒေါ်လှမေတို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုများ ဦးမင်းသူပါ (၂)က မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် ယင်းကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ကျော်ကျော်ဝင်း)

မြို့နယ်တရားသူကြီး

သာကေတမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၃၇၇/ခ၊ မြေအကျယ်အဝန်း(အလျား ပေ ၂၀×အနံ ပေ ၆၀)ရှိ ဦးသန်းဟန်(CF-032525) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အမှတ်-၃၇၇/ခ၊ ထူပါရုံ(၂၂)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ရှင် ဦးသန်းဟန်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားရှိသူများဖြစ်ကြသော ဦးကျော်ဝင်း[၁၂/သကတ(နိုင်)၀၅၄၆၉]နှင့် ဒေါ်သီဂီတင်အေး[၁၂/သကတ(နိုင်)၀၀၂၅၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဘဖြူ[၁၁/မအန(နိုင်)၀၂၀၃၈၂]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းရွှေ LL.B,D.B.L

အထက်တန်းရှေ့နေ(စဉ်-၂၂၃၈၂)

အမှတ်-၉၉၊ ပ-ထပ်(ဘယ်)

၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၀၁၄၀၂၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/ဘီ)၊ မြေကွက်အမှတ်(၆၆၈)၊ ပေ(၄၀× ၆၀)အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား ဒေါ်ခင်ဆွေယု[၁၂/လမန(နိုင်)၀၂၉၉၉၅]အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၉/ဘီ)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ အိမ်အမှတ်(၆၆၈)ဟုခေါ်တွင်သော အိမ်(၁)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်အောင်ဆန်း [၁၃/ကမန(နိုင်)၀၆၀၀၀၆]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ(စဉ်-၃၂၆၉၃) **ဦးဝင်းထိုက်(စဉ်-၃၆၇၃၇)**

(LL.B, D.B.L, D.M.L) **(LL.B, D.B.L)**

အထက်တန်းရှေ့နေများ

အမှတ်(၆၆/၆၈)(ဘီ+စီ)၊ (မြေညီထပ်)၊ စံရိပ်ငြိမ်(၆)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၅၁၁၁၃၄၊ ၀၉-၄၂၁၀၃၄၈၀၇၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

SKK အမှတ်တံဆိပ် အမည်အမှတ်အသားကိုကုမ္ပဏီမူပိုင်ဖြစ်ကြောင်းသတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် ၁၈၄၊ ကျွန်းရွှေမြိုင်လမ်း၊ ၂၃ ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ Soe Ko Ko Family Construction Co.,Ltd. သည် ရန်ကုန်မြို့ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် အောက်ဖော်ပြပါ အမှတ်တံဆိပ်ကို ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့စွဲ၊ စာချုပ်အမှတ် ၄/၁၀၂၈၇ ဖြင့် တရားဝင်မှတ်ပုံတင်ပြီးဖြစ်ပါသည်။

"လုပ်ငန်းအမှတ်တံဆိပ် အမှတ်အသား"

အဆိုပါလုပ်ငန်းတံဆိပ်အမှတ်အသားကို ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ပက်သက်သော လုပ်ငန်းများတွင် အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ပြုလုပ်၍ ဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာ ဖြတ်ပိုင်း၊ တံဆိပ်တုံး၊ Letter Head, Internet, Website အစရှိသည်တို့တွင်လည်း အသုံးပြုမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းတံဆိပ် အမည် အမှတ်အသားဖြင့် Soe Ko Ko Family Construction Co., Ltd. ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းတွင် အသုံးပြုသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မိမိကုမ္ပဏီမူပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါအမှတ်တံဆိပ်အမည် အမှတ်အသားကို မိမိကုမ္ပဏီမှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့မြင်ကြားသိရပါက မိမိကုမ္ပဏီလုပ်ငန်းအကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုမှ ကုန်ကျသမျှသော အရပ်ရပ်စရိတ်ကြေးငွေများအတွက် လျော်ကြေးငွေများတောင်းဆိုသွားနိုင်ရန်နှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုမည့်အပြင် အတုအပပြုလုပ်ထားသည့် တံဆိပ်အမှတ်အသားများကို ပယ်ဖျက်ပေးသည်အထိ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်အေး(LL.B, Diploma in Global English)

တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၁၉)

အမှတ်-၆၂၉/၆၃၁၊ အခန်း ၃၀၃၊ နိဗ္ဗာန်လမ်း၊

မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၅၇၇၁၇၅

(LL.B, LL.M)
(LL.B, LL.M, D.B.L)

ဒေါက်တာဇင်မင်းမောင်မောင်[၆/ထဝန(နိုင်)၀၈၅၆၉၈]သိသာပါရန် အသိပေးအကြောင်းကြားခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲဝင်းဇော်[၁၂/သဃက(နိုင်)၀၂၀၆၀၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး အကြောင်းကြားအပ်ပါသည်။

၁။ လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးရဲဝင်းဇော်တို့အကြား ၂၃-၂-၂၀၁၃ ရက်တွင် ပြုလုပ်ချုပ်ဆိုခဲ့သော "အပျောက်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ် ပထမအရစ်ငွေပေးစာချုပ်"အရ ပုဇွန်တောင်မြို့နယ်၊ စက်ာပူကျောင်းလမ်းတို၊ အမှတ်- ၂/၄-လွှာအား ကာလတန်ဖိုးကျပ် ၃၂၅သိန်း (သုံးရာနှစ်ဆယ့်ငါးသိန်းကျပ်တိတိ)ဖြင့် အရောင်းအဝယ်ပြုလုပ်ကြရန် သဘောတူညီကြပြီး စရန်ငွေအဖြစ် ကျပ်သိန်း ၇၀(ခုနစ်ဆယ်သိန်းတိတိ) ပေးအပ်ခြင်း၊ လက်ခံရယူခြင်းပြုလုပ်ခဲ့ကြပါသည်။ အဆိုပါစာချုပ်၏ အပိုဒ်- ၈ တွင် "ယခုအရောင်းအဝယ်ပြုလုပ်သောတိုက်ခန်းကို ၂၀၁၃ ခုနှစ်၊ မေလ ၁ရက်၌ ရောင်းသူနှင့်ဇနီးတို့မှ ဝယ်သူသို့ လက်ရောက်ပေးအပ်သောနေ့တွင် ဝယ်သူက ပေးရန်ကျန်ရှိသော နောက်ဆုံးအရစ် ကျပ်သိန်း- ၂၅၅ သိန်း(ကျပ်သိန်းနှစ်ရာငါးဆယ့်ငါးသိန်းတိတိ)ကို ရောင်းသူနှင့် ဇနီးသို့ တစ်လုံးတစ်ခဲတည်း လက်ရောက်ပေးအပ်ရမည်" ဟူ၍ ဖော်ပြပါရှိသည့်အတိုင်း ဦးရဲဝင်းဇော်ဘက်မှ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းအား လက်ရောက်ပေးအပ်ရန်အသင့်ရှိကြောင်း အသိပေးအကြောင်းကြားခဲ့သော်လည်း လူကြီးမင်းဘက်မှ ကျန်ငွေ ကျပ် ၂၅၅ သိန်း(ကျပ်သိန်းနှစ်ရာငါးဆယ့်ငါးသိန်းတိတိ)ပေးအပ်ရန် ပျက်ကွက်လျက်ရှိကြောင်း ဦးရဲဝင်းဇော်၏ တင်ပြချက်အရ သိရှိရပါသည်။

၂။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးရဲဝင်းဇော်မှ လူကြီးမင်းထံ တယ်လီဖုန်းဖြင့် ဆက်သွယ်ရာတွင်လည်း ဆက်သွယ်မရသည့်အခြေအနေဖြစ်ကြောင်း တင်ပြချက်အရ သိရှိရပါသည်။ ဤတွင် ဦးရဲဝင်းဇော်၏ညွှန်ကြားချက်အရ ၂၃-၈-၂၀၁၃ ရက်စွဲဖြင့် လူကြီးမင်းထံသို့ အမြန်ချောပို့စာဖြင့် ကျွန်ုပ်က ပေးပို့ခဲ့ပါသည်။ အဆိုပါပေးပို့စာသည် ကျွန်ုပ်ထံသို့ ပြန်လည် ရောက်ရှိလာပြီး စာအိတ်ပေါ်တွင် သက်ဆိုင်ရာစာတိုက်တာဝန်ရှိသူက အောက်ပါအတိုင်း ရေးသားဖော်ပြထားပါသည်။ **"လိပ်စာရှင် ဤစာအား လက်မခံ- ငြင်းပယ်-ပေး၍မရ"** ဟူ၍ ဖော်ပြထားပါသည်။

၃။ ထို့ကြောင့် ယခုကဲ့သို့ ထပ်မံအသိပေးအကြောင်းကြားရခြင်းဖြစ်ပါသည်။ ယခုအသိပေးကြေညာချက်သတင်းစာတွင်ပါရှိပြီး (၇)ရက်အတွင်း ဦးရဲဝင်းဇော်ထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်ပြီး ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ဤသို့ အသိပေးအကြောင်းကြားပါလျက် လူကြီးမင်းဘက်မှ ဆက်လက်ပျက်ကွက်မည်ဆိုပါက လူကြီးမင်းပေးအပ်သော စရန်ငွေသည် ပဋိညာဉ်ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဖြစ်ပေါ်လာမည့်ပြဿနာအရပ်ရပ်သည် လူကြီးမင်း၏ ပျက်ကွက်မှုကြောင့်သာဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးရဲဝင်းဇော်

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်စိုး
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၁၉)
အမှတ်- ၅၀၊ မြေညီထပ်၊ အခန်း(၂)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.
L.P: (01)527483, H.P: 09-5074862

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ကျွန်မ ဒေါ်အေးအေးကြူ [၁၂/ဥကတ(နိုင်) ၀၈၄၁၅၆] ကိုင်ဆောင်သူမှ ဒေါ်သက်သက်မူ [၁၄/မမက(နိုင်) ၁၃၈၅၄၃]အား ၁၈-၁၁-၂၀၀၉ ရက်နေ့တွင် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ် (၁၀၆၁၀/၀၉) အရ လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအား ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးကြူ[၁၂/ဥကတ(နိုင်)၀၈၄၁၅၆]

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းနှင့်အများသိစေရန်ကြေညာခြင်း

၂၄-၄-၂၀၁၃ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၃၇၉/၂၀၁၃) အား ဦးသန်းဦး [၁၂/ဒလန(နိုင်)၀၁၇၃၇၄]မှ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၁၁၅)၊ (၂၈)လမ်း၊ (၄)ရပ်ကွက်နေ ဦးခင်မောင်ရင်[၁၂/ပဘတ(နိုင်)၀၁၆၅၁၇]သို့ ရန်ကုန်မြို့ မှတ်ပုံတင်စာချုပ်စာတမ်းရုံး၌ လွှဲအပ်ပေးခဲ့ပါသည်။ ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ရုပ်သိမ်းပြီးကြောင်းနှင့် ထိုအထွေထွေကိုယ်စားလှယ်လွှဲစာနှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ ပြုလုပ်ခွင့်မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းဦး[၁၂/ဒလန(နိုင်) ၀၁၇၃၇၄]
အမှတ်(၂၇၄)၊ နံ့သာမြိုင်လမ်း၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ လူနေရပ်ကွက်၊ ခရေပင်ရိပ်မွန်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/က၊မြေကွက်အမှတ်-၅၆၊ ဧရိယာ၀ဒသမ၁၂၅ဧက၊ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေနှင့် မြေပေါ်ရှိ နှစ်ထပ်တိုက်အဆောက်အအုံအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်တို့၏အမည်ပေါက်ပိုင်ရှင် ဦးစိုးလွင်[၁၂/မရက(နိုင်)၀၈၂၆၂၆]မှ မိမိအမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံပြောဆိုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအ၀ယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကုမုဒြာ
LL.B,D.B.L,IDCS
အထက်တန်းရှေ့နေ(စဉ်-၃၇၉၁၅)
အမှတ်(၆)၊ ငါးမာန်အောင်ဘုရားလမ်း၊ (၃၃)ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၀၀၉၉၆၅၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေအမှတ် (စ/၄၆)၊ ဧရိယာ (၀. ၂၂၆)ဧကရှိ နှစ်(၆၀)ဂရန်မြေ၊ မြေကွက်တည်နေရာအမှတ်(၉)၊ ဆန်းသစ်ဦးလမ်း၊ ဖော့ကန်ရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် မြို့မြေစာရင်းတွင် ဦးစံလင်းနှင့်ဒေါ်စန်းစန်းမြင့်တို့ အမည်မှတ်သားတည်ရှိပါသည်။ ဦးစံလင်း၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၀၁/၂၀၁၂)ရရှိသူဦးဇော်လင်း[၁၂/ဗဟန(နိုင်)၀၇၄၈၁၄]နှင့် ဒေါ်စန်းစန်းမြင့်တို့၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၆၂၁/၂၀၁၃)ရရှိသူ ဦးအရှော့ကူးမား[၁၂/ဒလန(နိုင်) ၀၃၄၃၂၀]တို့ထံမှ ၀ယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အဆိုပါအရောင်းအ၀ယ်ကိစ္စကို ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇) ဦးအောင်ဖြိုးလတ်(LL.B)(စဉ်-၃၃၀၆၃)
'လင်း'အိမ်၊ ခြံ၊ မြေတိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ၅/၄ရပ်ကွက်၊ ဇီဇ၀ါ(၂)လမ်း၊ အမှတ်-၈၆(ခ) လိပ်စာပါ (ပေ၂၀ × ပေ ၆၀)မြေနှင့် ယင်းပေါ်ရှိ တစ်ထပ်အိမ်အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိပိုင်ဆိုင်လျက်ရှိသော ဒေါ်ကျင်ယုံထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ကိုမင်းမင်းထွေးမှ ၀ယ်ယူရန် သဘောတူပြီးဖြစ်၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအ၀ယ်အား အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်၀င်းပပလှိုင်တင်ဇာ (LL.B)	**ဦးဇော်ဦး(LL.B)**	**ဦးအေးကျော် (LL.B)**
စဉ်-၃၀၂၁၂	**စဉ်-၂၇၂၇၇**	**စဉ်-၃၉၉၂၀**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**	**အထက်တန်းရှေ့နေ**

ဖုန်း-၀၉ ၇၃၁ ၇၈၆ ၉၁
ရုံး- ရွှေပြည်သာမြို့နယ် တရားရုံး၀င်း **အိမ်- အမှတ်-၃၃၃(က)၊ ကျောက်စိမ်းလမ်း၊၅/၈ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ တိုက်အမှတ်(၈၀/၉ ဘီ)၊ (ညာဘက်ခြမ်း)၊ (အလျား ၁၅ ပေ × အနံ ပေ ၅၀)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်းရှိ ရေ၊ မီးစုံအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မူလပိုင်ရှင် ကန်ထရိုက်တာ ဦးအေးသိန်း[၁၂/မဂတ(နိုင်)၀၁၆၁၂၆]ထံမှ ဒေါ်ညွန့်ညွန့်လှိုင် [၁၂/အစန(နိုင်)၁၇၀၇၉၀]က ၀ယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ထိုမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ၀ယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါရောင်းချသည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသောစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအ၀ယ်ကို ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ညို (LL.B., D.B.L., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၃၈၉)
အမှတ်- ၁၀/၁၂၊ ပထမထပ်၊ အခန်း- ၁၀၄(အီး)၊ ၃၅လမ်းတို(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၃၁၀၈၀၂၂

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၃လမ်း၊ အမှတ်-၁၁(ပထမထပ်) ခြေရင်းဘက်တိုက်ခန်း၏ အရောင်းအ၀ယ်နှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ၀န်ခံကတိပြုသူ ဒေါ်အန်းကူ [၁၂/ပဇတ(နိုင်) ၀၂၅၇၁၄] ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၀ယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအ၀ယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သက်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအ၀ယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
ဒေါ်ခင်မမ B.A (Law) LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၁၃)
အမှတ်-၅၀၊ အခန်း A-3 (ပထမထပ်)၊
ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၃၁၉၉၉၀၇

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၀၊ မြေကွက်အမှတ် ၆၃၀၊ မြေကွက်တည်နေရာအမှတ် (၆၃၀)၊ (၁၅၀)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဒေါ်မြမြနွယ်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်မြမြနွယ်[၁၂/ကမရ(နိုင်)၀၃၂၁၄၃] ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ ၀န်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



စာပေမြင့်မှ လူမျိုးတင့်မည်

ASIA ဦး၀င်းနိုင်[၁၂/မဘန(နိုင်)၀၇၆၉၄၉]၏ တရားလွှတ်တော်ရှေ့နေ ဦးချစ်ကိုကို၊ ဦးသန်းဌေးတို့၏ ၂၀-၉-၂၀၁၃ ရက်စွဲပါ ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာရှိ အများသိစေရန်နှင့် OK ဆန်စက်ပိုင်ရှင် ဦး၀င်းနိုင်နှင့်ပတ်သက်၍ မမှန်မကန် ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည်တစ်ဦးဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ မင်းကွက် (၃) ရပ်ကွက်၊ တာပွန်လမ်း၊ ရွှေမန်း ဆန်၊ စပါးနှင့် ပဲမျိုးစုံလုပ်ငန်းပိုင်ရှင် ဦးမြတ်ထွန်း [၇/ပတတ(E)၀၀၀၀၃၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအဖြစ်မှန်အတိုင်း ရှင်းလင်းကြေညာအပ်ပါသည်။ OK ဆန်စက်ပိုင်ရှင် ဦး၀င်းနိုင် ပိုင်ဆိုင်သည်ဆိုသော ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့ရှိ OK ဆန်စက်နှင့် သိုလှောင်ရုံမြေအပါအ၀င် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ASIA ဦး၀င်းနိုင်မှ ကျပ်သိန်း (၃၅၀၀) ဖြင့် အရောင်းအ၀ယ်ပြုလုပ်ရန် သဘောတူညီခဲ့ပြီး စရန်ငွေကျပ်သိန်း (၂၅၀၀) ပေးချေခဲ့သည်ဆိုသော ကြေညာချက်မှာ မှန်ကန်မှု မရှိပါ။ ယင်းဆန်စက်နှင့် သိုလှောင်ရုံမြေအပါအ၀င် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ကျွန်ုပ်အမှုသည် ဦးမြတ်ထွန်းနှင့် ASIA ဦး၀င်းနိုင်တို့မှ စပ်တူ၀ယ်ယူခဲ့ခြင်းဖြစ်သည်ကို ၉-၁၁-၂၀၁၁ ရက်စွဲပါ အင်းမမြို့နယ်၊ OK ဆန်စက်အရောင်းအ၀ယ်အတွက် စရန်ငွေလက်ခံရရှိခြင်း စာချုပ်အရ သိရှိနိုင်ပါသည်။

OK ဆန်စက်ပိုင်ရှင် ဦး၀င်းနိုင်ထံသို့ ပထမပိုင်းအကြိမ်ကြိမ် စုစုပေါင်း ပေးသွင်းငွေကျပ်သိန်း (၁၅၀၀) နှင့် ဒုတိယအကြိမ် ကျပ်သိန်း (၁၀၀၀)၊ စုစုပေါင်းကျပ်သိန်း (၂၅၀၀) ပေးသွင်းငွေများမှာလည်း ဦးမြတ်ထွန်းမှ ပေးသွင်းသောငွေများဖြစ်ကြောင်းကို ဦးမြတ်ထွန်း၏ အထက်တန်းရှေ့နေ ဦးသန့်စင်မှ ASIA ဦး၀င်းနိုင်သို့ ၁၉-၃-၂၀၁၃ ရက်စွဲပါ အကြောင်းပြန်ကြားစာဖြင့် ရှင်းလင်းထားပြီးဖြစ်ပါသည်။ ကျန်ငွေကျပ်သိန်း (၁၀၀၀)အား ASIA ဦး၀င်းနိုင်အား ပေးသွင်းရန်အတွက် ဦးမြတ်ထွန်းနှင့် OK ဦး၀င်းနိုင်တို့မှ အကြိမ်ကြိမ်သတိပေးအကြောင်းကြားသော်လည်း ASIA ဦး၀င်းနိုင်မှ ဆန်စက်ဖိုးငွေများကို ပေးသွင်းခြင်းမရှိ ပျက်ကွက်လျက်ရှိသည့်အပြင် ဦးမြတ်ထွန်းနှင့် စပ်တူလုပ်ကိုင်မှုမှာ ASIA ဦး၀င်းနိုင်သည် အမည်ခံသက်သက်သာဖြစ်နေသောကြောင့် OK ဦး၀င်းနိုင်မှ ဆန်စက် ဖိုးကျန်ငွေ ကျပ်သိန်း (၁၀၀၀)အားပေးသွင်းခြင်းမရှိပါက ပေးအပ်ထားသော စရန်ငွေ ကျပ်သိန်း (၂၅၀၀) ဆုံးရှုံးမည်ဟု ပြောဆိုမှုအပေါ် ဦးမြတ်ထွန်းမှ မိမိပေးသွင်းခဲ့သော စရန်ငွေကျပ်သိန်း (၂၅၀၀)အား လူမှုရေးအရ မေတ္တာရပ်ခံတောင်းခံမှုအရ OK ဆန်စက်ပိုင်ရှင် ဦး၀င်းနိုင်မှ ပြန်လည်ပေးအပ်ခဲ့ပြီး ဆန်စက်အရောင်းအ၀ယ် ဖျက်သိမ်းခဲ့ခြင်းသာဖြစ်ကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရဲထွန်း	**ဦးသန့်စင် (LL.B)**
LL.B, D.B.L, D.M.L, D.A.Psy	**အထက်တန်းရှေ့နေ (စဉ်-၁၄၃၄၂)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၄၀)	**ဈေး(၂) ရပ်ကွက်၊ ပုတီးကုန်းလမ်း၊**
တိုက် (၁၂၈)၊ အခန်း(၁၄)၊ ၄လွှာ၊ ၃၃လမ်း၊	**ပေါင်းတည်မြို့။**
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	

Mr. ANDREW YIN (ခ) ဦးအောင်မြင့်နှင့် ဒေါ်၀ါ၀ါမိုးတို့၏ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးသိုက်ထွန်းနှင့် ဒေါ်မြင့်မြင့်စိန်တို့၏ ၁၅-၉-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာပါကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာချက်

အထက်ပါ ကြေညာချက်တွင်ပါ၀င်သော အမှတ်(၅)၊ (၆)၊ (၇)၊ (၈)၊ မြစ်ကြီးနားလမ်း၊ စက်မှုဇုန်(၁)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ WINNER WORLD အထည်ချုပ်စက်ရုံ၊ အထည်ချုပ်ပစ္စည်းများ၊ စက်ရုံအဆောက်အအုံနှင့် မီးစက်အပါအ၀င် အကျိုးခံစားခွင့်များအားလုံးအား မူလပိုင်ရှင် ဒေါ်ရန်မေကြူး(ခ) ဒေါ်မိုးမိုးအေးထံမှ ဒေါ်လင်ဖုန်(ခ)ဒေါ်ကြည်ကြည်မြစိန်၏ ကိုယ်ပိုင်ငွေဖြင့် ကျသင့်သောအခွန်များပေးဆောင်၍ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး အရောင်းအ၀ယ်မှတ်ပုံတင်စာချုပ်အမှတ် -(၄၀၀၇/၂၀၀၄)ဖြင့် ၀ယ်ယူခဲ့ကြောင်းနှင့် ၀ယ်ယူထားသည့် မြေကွက်လေးကွက်၏ နှစ်(၆၀)ဂရန်မြေငှားစာချုပ်များတွင်လည်း ဒေါ်လင်ဖုန်(ခ)ဒေါ်ကြည်ကြည်မြစိန်အမည်ပေါက်ဖြစ်ပြီး မြေငှားဂရန်မူရင်း(၄)စောင်နှင့်အရောင်းအ၀ယ်မှတ်ပုံတင်စာချုပ်တို့မှာ ယနေ့တိုင် ဒေါ်လင်ဖုန်(ခ)ဒေါ်ကြည်ကြည်မြစိန်လက်၀ယ်ရှိနေပြီး ဒေါ်လင်ဖုန်(ခ)ဒေါ်ကြည်ကြည်မြစိန်မှ ဒေါ်၀ါ၀ါမိုးနှင့် ဦးအောင်မြင့်အပေါ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတွင် ပြစ်မှုကြီးမှုအမှတ်- ၁၂၇/ ၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၂၀ ဖြင့် တရားစွဲဆိုထားသည့်အမှုတွင် တရားရုံးသို့ မှတ်ပုံတင်အရောင်းအ၀ယ်စာချုပ်အား သက်သေခံအဖြစ် တင်သွင်းခဲ့ပြီး ဂရန်မူရင်း(၄)စောင်အနက် အမှတ်(၅)မြေကွက်၏ ဂရန်စာချုပ်အား သက်သေခံအဖြစ်တင်သွင်းခဲ့ပြီး ကျန်မြေကွက်သုံးကွက်၏ ဂရန်မူရင်း(၃)စောင်မှာ ရေများစို၍ကပ်နေပြီး ခွာမရသဖြင့် တရားရုံးသို့ပြသခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကိုကျော်နိုင်၀င်းမှ ၎င်းတရားရုံးတွင်ပင် ဒေါ်၀ါ၀ါမိုးနှင့် ဦးအောင်မြင့်အပေါ်တွင် ပြစ်မှုကြီးမှုအမှတ်- ၁၅၁/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၂၀ ဖြင့် တရားစွဲဆိုထားသည့်အမှုတွင် ကိုကျော်နိုင်၀င်းမှ အထက်ဖော်ပြပါပစ္စည်းများအား မိခင်ဖြစ်သူ ဒေါ်လင်ဖုန်(ခ)ဒေါ်ကြည်ကြည်မြစိန် ၀ယ်ယူခဲ့ကြောင်း ထွက်ဆိုခဲ့ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်လင်ဖုန်(ခ)ဒေါ်ကြည်ကြည်မြစိန်နှင့် ကိုကျော်နိုင်၀င်းတို့၏ ညွှန်ကြားချက်အရ	**ဦးအောင်ကျော်မိ (တရားလွှတ်တော်ရှေ့နေ စဉ်- ၂၀၀၄)** **B.A., M.A(F-1), H.G.P., R.L., C.G.P.E., A.B.M.S.,C.B.L., D.B.L., D.I.L., D.M.L.,WIPO (Switzerland)** **အမှတ်- ၇၅၊ ပထမထပ်(ဝဲ)၊ ၄၄လမ်း၊ (၈)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။** **ဖုန်း- ၀၁-၂၉၆၀၅၅၊ ၀၉-၅၁၈၃၀၄၃၊ ၀၉-၇၃၀၅၈၅၇၅**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ မြေကွက်အမှတ် (၈၁၇)၊ တိုက်အမှတ်(၇၂)၊ မြေညီထပ်(ခေါင်းရင်းခန်း) အကျယ်အ၀န်း(၁၂½' × ၅၀')ရှိ တိုက်ခန်းအပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရား၀င်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ မြေရှင် ဒေါ်ကျင်ဆိုင်[၁၂/လမန(ဧည့်)၀၀၀၄၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း၀ယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအကျိုးခံစားခွင့်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်တားမြစ်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအ၀ယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာခိုင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၀၄၇)
အမှတ်- ၅၀၊ ဒုတိယထပ်၊ အခန်း(၉)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၄၂၀၁၆၅၇၇၄၊ ၀၉-၃၁၆၃၃၈၆၆

မသက်ဆိုင်ပါကြောင်း

ကျွန်မ မအိသီရိမွန် [၁၂/ဒလန(နိုင်)၀၄၇၈၇၃]နှင့် မောင်မိုးသူ [၁၂/ဒလန(နိုင်)၀၅၄၄၅၇]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၂-၁-၂၀၁၀ ရက်မှစ၍ ပတ်သက်မှု မရှိပါ။ ၎င်းနှင့် မည်သို့မျှ (လုံး၀)မသက်ဆိုင်ကြောင်း ကြေညာလိုက်ပါသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အမှတ် (၄၅၅)၊ ရေစက်လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်နေ ဦးတင်၀င်း-ဒေါ်လှဲ့လှဲ့၀င်းတို့၏သားဖြစ်သူ မောင်ဖြိုး၀ေ၀င်း [၁၄/အဂပ(နိုင်) ၁၃၀၀၂၂] သည် မိဘဖြစ်သူ၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘဖြစ်သူအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်အခါခါ ဒုက္ခပေးခြင်း၊ ရင့်သီးရိုင်းစိုင်းသော ပြောဆိုမှုများပြုလုပ်ခြင်းတို့အား သည်းမခံနိုင်သောကြောင့် ၎င်းအား အမွေစား၊ အမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှအား လုံး၀(လုံး၀) တာ၀န်မယူပါ။ မေးမြန်းစုံစမ်းခြင်း သည်းခံပါ။

ဖခင်- ဦးတင်၀င်း
[၁၄/အဂပ(နိုင်)၀၃၉၅၅၁]
မိခင် ဒေါ်လှဲ့လှဲ့၀င်း
[၁၄/အဂပ(နိုင်)၀၀၀၅၆၆]

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Automatic Strapping Machine — 3 Nos
(S-2001 22-1/2",Wx35",Lx29"H)
½" 115V,3"x 1-¼" 300 Lbs

(ခ) Cross Cut Paper and CD Shredder With Baset (Heavy Duty) — 1 No

(ဂ) Transmission — (2)Items
- (၁) STM-4 OSN-3500II — 3 Units
- (၂) STM-4 OSN-7500 — 1 Unit

(ဃ) လုပ်ငန်းသုံးပုံစံ — (6)Items
ACG-22(a),ACG 20(a),MG-5, PWA(1), ENG-11, C.S.R 922

(င) Battery — (2)Items
- (၁) 12V Battery (35 AH) — 20 Nos
- (၂) 12V Battery (70 AH) — 100 Nos

(စ) မီးသတ်ဆေးဗူး — (2)Items
- (၁) မီးသတ်ဆေးဗူး (Fire Safe)(Gas Powder Type)(2Kg) — 186 Nos
- (၂) မီးသတ်ဆေးဗူး (Gas Powder Type)(Trolly Type)(20Kg) — 8 Nos

(ဆ) ဝတ်စုံ — (3)Items
- (၁) ခါးပတ် (42"x 1.25") (ကြေးခါးပတ်ခေါင်းနှင့်ဆာသရတ်ဆိပ်ပိုင်းအပါအဝင်) — 300 Nos
- (၂) ဆာသရီးထုပ်(မီးခိုးရောင်တို့ပိတ်) — 200 Nos
- (၃) တက်ထရွန်ပိတ်စအဖြူ (အနံ-၄၅လက်မ) — 150Yards

(ဇ) စာရေးကိရိယာ — 4 Items
- (၁) Foreign Paper A-4 (70gsm) (၅၀၀ရွက်ပါ) — 700 Reams
- (၂) Foreign Paper F'Scap(70gsm) (၅၀၀ရွက်ပါ) — 100 Reams
- (၃) D/S Carbon A-4 — 200 Sheets
- (၄) Packing Paper (3'4"x2'6")(60gsm) (စစ်တောင်းကာကီ) — 3000 Sheets

(ဈ) (၁) Test Equipments (Power Meter) — 2 Sets
(၂) Spare Parts
- STM-64 Optical Card — 4 Nos
- Matrix Card — 3 Nos
- Interface Unit — 5 Nos
- Optical Amplifier(0 dbm in, 20 dbm out) — 4 Nos
- Optical Amplifier (-4 dbm in, 20 dbm out) — 4 Nos
- Optical Boster(23 dbm in, 20 dbm out) — 4 Nos
- Optical Boster(23 dbm in, 23 dbm out) — 4 Nos
- STm-4:622 Mb/sec Transmission Equipment — 8 Nos

(ည) Copier(Canon) (Model-MF-8380 Cdw) — 1 No

(ဋ) 700x16 Tyre+Tube — 100 Sets

(ဌ) Camera — (2)Items
- (၁) Sony Digital HD Video Camera(Japan) — (2)Nos
  - Sony G Lens 20x Optical, f=1.6 to 54 mm
  - Filter Diameter:37mm,Auto/Manual(Ring/Panel)
- (၂) Canon Digital Camera(Model: IXUS-140) — 5 Nos

(ဍ) i Pad (4G Wi-Fi+Cellular)(AT&T)(Verizon or Sprint) — 2 Nos
(Fase Time HDCamera)(1080p HD Video Recording)(i Sight Camera)

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၈-၁၀-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့်တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

Zu Fashion School

October & November

* Shirt (Blouse) * Pants
* Skirt * Jancket
* One Piece * Dress
* Draping

Japan Bunka Fashion College

Contact at : Highway Complex, Building C, B-003/004, Yuzana Rd, Kamaryut Tsp.
Ph : 09-4935-4612 ; 09-5065061

ဝံ-ကာလာဘို

၁၂-ရာသီဟောကိန်း

ကျောင်းကုန်း၊ အထက(၁)
ကျောင်းသား၊ ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်ပွဲ

